ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ အင်္ဂါနေ့၊ (14-9-2004) (၄၃၅၆)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

တပေါ စ တော် မင်္ဂလ မုတ္တမံ။	ဖြိုးဖြိုးစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ပုဂ္ဂလိကစက်မှုလုပ်ငန်းများ တိုးတက်အောင် အားပေးလုပ်ကိုင်

✧ ပုဂ္ဂလိကစက်မှုလုပ်ငန်းပိုင်းသည် နိုင်ငံတော်၏ စက်မှုကဏ္ဍ၌ အချိုးအစားအရ အများစုအဖြစ် နေရာယူထားသဖြင့် ပုဂ္ဂလိကပိုင်း ဖွံ့ဖြိုးတိုးတက်မှသာ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှာဖြစ်။

✧ နိုင်ငံတော်၏အစီအစဉ်အရ စုစုစည်းစည်းဖွဲ့စည်းထားပြီးဖြစ်သော စက်မှုဇုန်(၁၉)ဇုန်ရှိ ပုဂ္ဂလိက စက်မှုလုပ်ငန်းပေါင်း ၈၀၀၀ ခန့်ကို အခြေခံအားယူပြီး ပုဂ္ဂလိက စက်မှုလုပ်ငန်းများ တိုးတက်လာအောင် အားပေးလုပ်ကိုင်သွားရမည်။

သမားရိုးကျ မော်တော်ယာဉ်အင်ဂျင်များကို သဘာဝဓာတ်ငွေ့သုံးအင်ဂျင်များအဖြစ် ပြောင်းလဲရာ၌ ပုဂ္ဂလိကအပိုင်း၏ စမ်းသပ်တီထွင်လုပ်ကိုင်နေမှုများကို မြင်တွေ့ရသဖြင့် များစွာအားရမိ

နိုင်ငံတော်အပိုင်းက ပုဂ္ဂလိကစက်မှုကဏ္ဍတိုးတက်လာအောင် အစွမ်းကုန်အားပေးသွားမည်

ပုဂ္ဂလိကလုပ်ငန်းရှင်များက လမ်းကြောင်းမှန်မှန်ဖြင့် လုပ်ငန်းများ တိုးတက်အောင်မြင်အောင်ကြိုးစား

ရန်ကုန် စက်တင်ဘာ ၁၃

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မန္တလေးစက်မှုဇုန်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲

ကြည့်ရှုစစ်ဆေး

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေး စက်မှုဇုန်အတွင်းရှိ Compressed Natural Gas (CNG) သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ စမ်းသပ်ထုတ်လုပ်လျက်ရှိသော UD. Group Factory အလုပ်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၄-၉-၂၀၀၄
(အင်္ဂါနေ့)

အကျင့်စာရိတ္တမြင့်မားရန် အစဉ်ကျင့်ကြံ အများအကျိုး ထာဝရသယ်ပိုးထမ်းဆောင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ပြီး ဘက်စုံကဏ္ဍစုံက အကောင်အထည်ဖော် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်ကြီး အေးချမ်းသာယာစေရေး ကြိုးပမ်းဖော်ဆောင်ရာတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်နှစ်ရပ်သည် အရေးပါသည်။ အဆိုပါတာဝန်နှစ်ရပ်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အဓိက တာဝန်ယူထမ်းရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို စည်းစနစ်ကျသော၊ ပြည်သူချစ်သော ရဲတပ်ဖွဲ့ဖြစ်ရေး၊ နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားဖြစ်ရေး ပြုပြင်ပြောင်းလဲသွားရန် လမ်းညွှန်မှုပြုထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှိရှိဖြင့် စွမ်းရည်ပြည့်ဝ ခေတ်မီနေစေရေး အစဉ်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်တင်ဘာ ၁၁ ရက်က ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၂၀၀၄ ခုနှစ် ပထမနှင့် ဒုတိယလေးလပတ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် စပ်လျဉ်း၍ **ဦးစီးဦးဆောင်ပြုလုပ်နေကြရသည့် ရဲအရာရှိကြီးများအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ မိမိတို့၏တပ်ဖွဲ့ကြီး တိုးတက်ကောင်းမွန်ရေးအတွက် မိမိတို့၏ အရည်အချင်းပြည့်ဝအောင် အစဉ်လေ့ကျင့်ဆောင်ရွက်နေကြရမည် ဖြစ်သကဲ့သို့ မိမိတို့၏ အကျင့်စာရိတ္တမြင့်မားကောင်းမွန်ရေးအတွက်လည်း အစဉ်ကျင့်ကြံနေထိုင်ကြရမည်ဖြစ်သည့်အပြင် အများအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ကြရမှာဖြစ်ကြောင်း** ပြောကြားသွားသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံရေးအမြင်၊ စီးပွားရေး အမြင်၊ အုပ်ချုပ်ရေးအမြင်၊ စစ်ရေးအမြင်များရှိနေရန် ထာဝစဉ် လေ့ကျင့်ပျိုးထောင်နေကြရမည်ဖြစ်သည်။ သို့မှသာ လုပ်ငန်းတာဝန်များ ထမ်းရွက်ရာတွင် အသိမှန်၊ အမြင်မှန်ဖြင့် မှန်မှန်ကန်ကန် တွေးခေါ် ဆုံးဖြတ်လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

အတွေးအခေါ် အသိအမြင် မှန်ကန်ရေးအတွက် ကမ္ဘာ့ဖြစ်စဉ် ဖြစ်ရပ်များ၊ နိုင်ငံတော်၏အခြေအနေအရပ်ရပ်နှင့် နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များ၊ မိမိတို့ ထမ်းဆောင်သွားရမည့် လုပ်ငန်းတာဝန်များကို မျက်ခြည်မပြတ် လေ့ကျင့်ဆည်းပူးသိရှိနေကြရမည် ဖြစ်သည်။ ယနေ့ နိုင်ငံတကာဖြစ်စဉ် ဖြစ်ရပ်များကိုကြည့်လျှင် စစ်အင်အား၊ နည်းပညာနှင့် ဓနအင်အားသာလွန်ကြသည့် နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲ နိုင်ငံငယ်များအပေါ် အကြောင်းပြချက်အမျိုးမျိုးဖြင့် အနိုင်အထက် ပြုမှုများ၊ ဩဇာလွှမ်းမိုးခြယ်လှယ်ရန် လုပ်ဆောင်နေမှုများ၊ စစ်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်နေခြင်းများကို တွေ့မြင်နေကြရသည်။

ယင်းသို့သော အခြေအနေအချိန်အခါမျိုးတွင် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် သူတစ်ပါး၏ ဩဇာလွှမ်းမိုးမှု၊ အနိုင်အထက်ပြုမှု မခံရစေရန် အမျိုးသားရေးကိုယ်ခံစွမ်းအားများ အခိုင်အမာ တည်ဆောက်ထားကြရမည် ဖြစ်သည်။ အထူးသဖြင့် နိုင်ငံရေးခွန်အား၊ စီးပွားရေးခွန်အားနှင့် စစ်ရေးခွန်အားစသည့် ခွန်အားသုံးရပ်တောင့်တင်း ခိုင်မာနေရန် အလေးထားတည်ဆောက်ထားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး အတွက် အဓိကအရန်အင်အားစုဖြစ်သည်နှင့်အညီ ဘက်စုံအရည် အသွေးပြည့်ဝသည့် ရဲတပ်ဖွဲ့ဖြစ်ရေးအတွက် မိမိတို့၏ အကျင့်စာရိတ္တ မြင့်မားနေရေး အစဉ်ကျင့်ကြံအားထုတ် ကြိုးပမ်းရင်း နိုင်ငံတော်နှင့် ပြည်သူများ အကျိုးစီးပွားကို ထာဝရသယ်ပိုးထမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ မန္တလေး မဟာသင်္ကြန်စာနှင့် ပြက္ခဒိန်ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၁၃

၁၃၆၆–၁၃၆၇ခုနှစ် မန္တလေးမဟာသင်္ကြန်စာနှင့် ပြက္ခဒိန်ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ မဟာသင်္ကြန်စာတွင် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ ပညာရှင်များက ရှေးမြန်မာ့အစဉ်အလာအတိုင်း ရိုးရာမပျက် တွက်ချက်ထားသော မဟာသင်္ကြန်ကျသည့် ရက်၊ နေ့၊ နာရီ၊ မဟာသင်္ကြန်တက်မည့် ရက်၊ နေ့၊ နာရီများပါရှိသည်။ ရဟန်းသံဃာတော်များ ဝါဆို၊ ဝါကပ်နှင့်တကွ ကုသိုလ်ဒါန ပြုကြရမည့် ရှေးထုံးအစဉ်အလာများကိုလည်း ထည့်သွင်းဖော်ပြထားသည်။

မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၏ မြတ်မင်္ဂလာအခါတော်ပေး ဗေဒင်ပြက္ခဒိန်တွင် ရက်ရာဇာ၊ အမြိတ္တစုတ်၊ ပြဿဒါး စသည်တို့ပါဝင်ပြီး ကျောင်းသားလူငယ် လူရွယ်များအတွက် ဘုရားရှိခိုး သီလယူ မေတ္တာပို့နှင့် မင်္ဂလသုတ်၊ မေတ္တာသုတ်များကို အလွယ်တကူ နားလည်အောင် မြန်မာပြန်များနှင့်တကွ သင်္ဂါလောဝါဒသုတ်၊ မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ ဆရာ့ကျင့်ဝတ်၊ ဒကာကျင့်ဝတ်၊ ရဟန်းကျင့်ဝတ်များပါမကျန် မြန်မာ့ရိုးရာ မြန်မာ့ဓလေ့စရိုက်များ ရှေးရိုးရာအစဉ်အလာအတိုင်း ထည့်သွင်းဖော်ပြထားကြောင်းနှင့် ရန်ကုန် ဝင်းမာလာစာပေ အမှတ်(၁၈၂)(၃၁)လမ်း ဖုန်း–၅၁၁၃၁၁၊ ၂၄၈၁၂၈နှင့် မန္တလေး ထွန်းဦးစာပေတို့မှ ပြည်လုံးကျွတ်ဖြန့်ချိသည်။ (သတင်းစဉ်)

တရုတ်ပြည် ရှေကြက်ဖ–ပန်းတစ်ရာ နိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ တက်ရောက်ရန် မြန်မာရုပ်ရှင်ကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နင်သျှဟွေ အမျိုးသား ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ယဉ်ချွမ်းမြို့၌ စက်တင်ဘာ ၁၅ရက်မှ ၂၀ရက်အထိ ကျင်းပမည့် တရုတ်ပြည် (၁၃)ကြိမ်မြောက် ရှေကြက်ဖ–ပန်းတစ်ရာ နိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီး ဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးဘိုကြည် ခေါင်းဆောင်သော မြန်မာရုပ်ရှင်ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

မြန်မာရုပ်ရှင်ကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာရုပ်ရှင်ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာရုပ်ရှင် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်နှင့်အတူ အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အဖွဲ့ဝင်များဖြစ်ကြသော ရုပ်ရှင်ဒါရိုက်တာ ဦးကြည်စိုးထွန်း၊ ရုပ်ရှင်သရုပ်ဆောင်နှင့် ထုတ်လုပ်သူ ဒေါ်မျိုးသန္တာထွန်းနှင့် ပြသမှုလုပ်ငန်းရှင်များအဖွဲ့မှ ဦးဇော်မင်းတို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

❋ သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။
❋ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
❋ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။
❋ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင် ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ ပေ မီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

ဗုဒ္ဓတရား အမှားမရှိ

☆ ကိုယ့်ကိုယ်ကိုယ်သာ၊ အားကိုးရာဟု
မြတ်စွာဗုဒ္ဓ၊ ဂေါတမ၏
ဟောပြမိန့်မှာ၊ ဒေသနာကို
သေချာစွဲမှတ်၊ သတိချပ်လျက်
မပြတ်ပင်လျှင်၊ လုပ်ငန်းခွင်၌
အစဉ်လိုက်နာ၊ ကျင့်ကြံတာသည်
မြန်မာ ဒို့များ ဓလေ့တည်း။

☆ တစ်ဦးချင်းလျှင်၊ ဤစိတ်ဝင်လျက်
အိမ်ထောင်စုတွင်၊ ဤစိတ်ဝင်လျက်
ပြည်ထောင်စုတွင်၊ ဤစိတ်ဝင်လျက်
ကိုယ့်အင်ကိုယ့်အား၊ စွမ်းပကားဖြင့်
ဒို့များပြည်ရွာ၊ ငြိမ်းချမ်းသာအောင်
ဒို့ စွမ်းဆောင်အံ့။

☆ ဗုဒ္ဓစကား၊ မြတ်တရားသည်
အမှားဘယ်ခါ၊ မရှိတာကို
မြန်မာဒို့များ၊ စွမ်းပကားဖြင့်
စံထားသက်သေ ဖြစ်စေအံ့။ ။

မိုးဝ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ချွမ်းမြို့၌ကျင်းပမည့် တရုတ်ပြည် (၁၃)ကြိမ်မြောက် ရှေကြက်ဖ–ပန်းတစ်ရာ နိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ တက်ရောက်ရန်ထွက်ခွာသွားသော ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်ခေါင်းဆောင်သည့် မြန်မာရုပ်ရှင်ကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်စဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၃–၉–၂၀၀၄)

ကန့်ဘလူ	–	၅ ဒသမ ၇၁ လက်မ
ကျောက်တော်	–	၄ ဒသမ ၈၀ လက်မ
ခန္တီး	–	၃ ဒသမ ၂၇ လက်မ
ကလေး	–	၂ ဒသမ ၀၉ လက်မ
မော်လိုက်	–	၂ ဒသမ ၀၅ လက်မ
ကသာ	–	၂ ဒသမ ၀၁ လက်မ
စစ်တွေ	–	၂ ဒသမ ၀၁ လက်မ

ဗြိတိသျှအစိုးရအပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှုလျော့နည်း လူထုစစ်တမ်းလေ့လာချက်အရသိရ

လန်ဒန် စက်တင်ဘာ ၁၂

ဗြိတိန်နိုင်ငံသားအများစုသည် အီရတ်စစ်ပွဲ စတင်ခဲ့ချိန်မှစ၍ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ယုံကြည်ကိုးစားမှု လျော့နည်းလာကြောင်း ဗြိတိန်နိုင်ငံတွင် ထုတ်ဝေသော ဂါးဒီးယန်းသတင်းစာက စစ်တမ်းတစ်ရပ်ကို ကိုးကား၍ ကြာသပတေးနေ့က ရေးသားဖော်ပြသည်။

ဗြိတိန်ပြည်သူလူထု၏ ၆၀ ရာခိုင်နှုန်းသည် အီရတ်စစ်ပွဲဖြစ်ပွားချိန်မှစ၍ ဝန်ကြီးများအား ယုံကြည်ကိုးစားမှုမရှိကြတော့ကြောင်း လူပေါင်း ၁၀၀၀ ကျော် အပေါ်အခြေပြုသည့် လေ့လာချက်စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဖော်ပြထား

လွန်ခဲ့သည့်နှစ် မတ်လတွင် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ရာ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက အမေရိကန်နှင့်ပူးပေါင်းကာ စစ်ဆင်နွှဲတိုက်ခိုက်ခဲ့ကြောင်း၊ လော့ဒ်ဟတ်တန် ဦးဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့က အီရတ်စစ်ပွဲနှင့် ပတ်သက်၍ ဗြိတိန်အစိုးရ၏ ကိုင်တွယ်ဆောင်ရွက်ပုံများကို သုံးသပ်သည့် ဖော်ပြချက်များကို ဗြိတိန်ပြည်သူ ၄၂ ရာခိုင်နှုန်းက ထောက်ခံကြကြောင်း၊ ဆက်ဒမ်ဟူစိန်အစိုးရသည် အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များဖြင့် ၄၅ မိနစ်အတွင်း တိုက်ခိုက်နိုင်သည်ဆိုသော ဗြိတိသျှအစိုးရ၏ စွပ်စွဲချက်ကို ဗြိတိန်ပြည်သူလူထုက ယုံကြည်ခြင်းမရှိတော့ကြောင်း အဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။

ဗြိတိသျှဝန်ကြီးများသည် မှန်ရာကန်ရာကို ပြောဆိုခြင်းမရှိဟု ထင်မြင်သော ပြည်သူလူထုဦးရေမှာ ၇၀ ရာခိုင်နှုန်းရှိကြောင်း၊ ဗြိတိသျှဝန်ကြီးများ၏ ပြောဆိုချက်များ မှန်ကန်သည်ဟု ယုံကြည်သူဦးရေမှာ ၂၄ ရာခိုင်နှုန်းသာရှိကြောင်း စစ်တမ်းတွင် ဆက်လက်ဖော်ပြထားသည်။

ထင်မြင်ယူဆ

အစိုးရဝန်ကြီးများနည်းတူ ပါလီမန်အမတ်များအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုမှာလည်း ကျဆင်းလျက်ရှိသည်။ ဗြိတိသျှပါလီမန်အမတ်များသည် ယုံကြည်ချင်စရာမကောင်းဟု ထင်မြင်သော ပြည်သူလူထုဦးရေမှာ ၆၅ ရာခိုင်နှုန်းခန့်ရှိပြီး အမတ်များ ရိုးသားဖြောင့်မတ်သည်ဟု ထင်မြင်ယူဆသည့် ဦးရေမှာ ၂၇ ရာခိုင်နှုန်းသာလျှင်ရှိသည်။

ပိုမိုယုံကြည်

ဗြိတိန်နိုင်ငံတွင် ပြည်သူလူထုသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပါလီမန်အမတ်များထက် ရုပ်မြင်သံကြားသတင်းထောက်များ၊ ဆရာဝန်များ၊ ရဲအရာရှိများ၊ တရားသူကြီးများနှင့် သတင်းစာဆရာများကို ပိုမိုယုံကြည်လာကြောင်း အဆိုပါစစ်တမ်းတွင် ဆက်လက်ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖော်လူဂျာကို ကန်တပ်ဖွဲ့လေကြောင်းမှတိုက်ခိုက်

ဖော်လူဂျာ စက်တင်ဘာ ၁၂

အမေရိကန်စစ်လေယာဉ်များက ဖော်လူဂျာမြို့ကို တိုက်ခိုက်ခဲ့သည်မှာ လေးရက်ဆက်တိုက်ရှိသွားပြီဖြစ်သည်။ တိုက်ခိုက် ခံရသောနေရာသည် မြို့၏အရှေ့တောင်ဘက်အရပ် ဖြစ်သည်။ ထိုတိုက်ခိုက် မှုကြောင့် အနည်းဆုံး အီရတ်တစ်ဦး သေဆုံးခဲ့ရကြောင်း မျက်မြင်တွေ့ရှိရသူများနှင့် ဆရာဝန်များ၏ ပြောကြားချက်အရ သိရသည်။

သောကြာနေ့ လေကြောင်းတိုက်ခိုက်မှုအတွင်း အီရတ်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖော်လူဂျာဆေးရုံမှ ဆရာဝန် ဆာမီရာအာဘောဒ်က ပြောကြားသည်။

စိုးမိုးထား

ပြီးခဲ့သော မေလမတိုင်မီက ဖော်လူဂျာမြို့တွင် သီတင်းပတ် အတော်ကြာအောင် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ အဆိုပါတိုက်ပွဲများကြောင့် ဖော်လူဂျာမြို့တွင် လူရာနှင့်ချီ၍ သေဆုံးခဲ့ရသည်။ မေလအတွင်းသို့ ရောက်သောအခါ အမေရိကန်မရိန်းတပ်ဖွဲ့များသည် ဖော်လူဂျာမြို့မှ ထွက်ခွာခဲ့ကြပြီး လုံခြုံရေးတာဝန်ကို အီရတ်တပ်ဖွဲ့များလက်သို့ လွှဲအပ်ပေးခဲ့သည်။ ယခုအခါ ဖော်လူဂျာလုံခြုံရေးကို တာဝန်ယူထားသော ဖော်လူဂျာတပ်ဖွဲ့မှာလည်း ပျက်ခဲ့ပြီဖြစ်၍ ထိုမြို့ကို အီရတ်ခုခံရေးသမားများကသာ စိုးမိုးထားသည်။

တိုက်ခိုက်

လတ်တလောအခြေအနေတွင် ဖော်လူဂျာသည် နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများအတွက် လှုပ်ရှား၍ ကောင်းနေသောနယ်မြေသဖွယ်ဖြစ်လျက်ရှိသည်။ ထိုနိုင်ငံခြားသားအဖွဲ့သည် ဂျော်ဒန်နိုင်ငံသား ခုခံရေးသမား အဘူမူဆာ အယ်လ်ဇာကာဝီနှင့် အဆက်အသွယ်ရှိသော အဖွဲ့ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က စွပ်စွဲထားသည်။ ဖော်လူဂျာမြို့အတွင်း၌ ဇာကာဝီ၏အဖွဲ့သားများ ခိုအောင်း နေသည်ဟုဆိုကာ ထိုမြို့ကို အမေရိကန်တို့က လေကြောင်းမှ တိုက်ခိုက်နေခြင်းဖြစ်သည်ဟုဆိုသည်။ ***အင်တာနက်။***



ဖော်လူဂျာမြို့တွင် အမေရိကန်တို့ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသည့် အီရတ်ကလေးငယ်တစ်ဦးကို ဆေးရုံ၌ စက်တင်ဘာ ၉ ရက် က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ခုခံတိုက်ခိုက်ရေး ခေါင်းဆောင် အယ်လ်ဆာဒါအား ထောက်ခံသူများကို စက်တင်ဘာ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အစုအပြုံလိုက်ဖျက်ဆီးနိုင်သည့် လက်နက်များ အီရတ်တွင်မရှိခဲ့ လေ့လာရေးအုပ်စုက မကြာမီအတည်ပြုပြောကြားမည်

လန်ဒန် စက်တင်ဘာ ၁၂

အီရတ်နိုင်ငံအား လွန်ခဲ့သည့်နှစ်က အမေရိကန်ဝင်ရောက်ကျူးကျော်ခြင်း မရှိမီ ဆက်ဒမ်ဟူစိန် အစိုးရတွင် အစုအပြုံလိုက် ဖျက်ဆီးနိုင်သည့် လက်နက်များ(ဒဗလျူအမ်ဒီ) မရှိခဲ့ကြောင်း အီရတ်လေ့လာရေးအုပ်စုတစ်ခုက လာမည့် ရက်သတ္တနှစ်ပတ်အတွင်း အတည်ပြုပြောကြားတော့မည်ဖြစ်ကြောင်း ဂါးဒီးယန်းသတင်းစာက ရေးသားထားသည်။

ဆက်ဒမ်ဟူစိန်၏ ဓာတု၊ ဇီဝနှင့် နျူကလီးယားလက်နက်များ ရှာဖွေရေးအတွက် အထောက်အထား ရရှိရန် ကြိုးပမ်းနေသည့် အဆိုပါအုပ်စုက လာမည့်ရက်သတ္တ နှစ်ပတ်အတွင်း အစီရင်ခံစာ ထုတ်ပြန်တော့မည်ဟု အဆိုပါ သတင်းစာရှေ့ဖုံး စာမျက်နှာတွင် ဖော်ပြထားသည်။

ဆက်ဒမ်ဟူစိန်၏ ခြိမ်းခြောက်မှုအန္တရာယ်ရှိနေသော်ငြားလည်း အဆိုပါအုပ်စုက အီရတ်နိုင်ငံတွင် ဒဗလျူအမ်ဒီ မရှိကြောင်း ကောက်ချက်ချမည်ဖြစ်သည်။

အမေရိကန်ထောက်လှမ်းရေးနှင့် လက်နက်ကျွမ်းကျင်သူ ၁၀၀ ကျော် ပါဝင်သည့် ၎င်းအီရတ်လေ့လာရေးအုပ်စုသည် အမေရိကန်ဦးဆောင်၍ ဆက်ဒမ်ဟူစိန်အား ရာထူးမှဖြုတ်ချခဲ့ပြီးနောက် လေးလအကြာတွင် အီရတ်နိုင်ငံတစ်ဝန်း ၂၀၀၃ ခုနှစ် ဇူလိုင်လက ဖြန့်ကြက်လေ့လာခဲ့ကြသည်။

ဒေးဗစ်ကေးက ဒဗလျူအမ်ဒီ မတွေ့သေးကြောင်း သို့ရာတွင် ယင်းကဲ့သို့သောလက်နက်များ မရှိဟု ယတိပြတ်ပြောဆိုနိုင်သည့် အချိန်မရောက်သေးကြောင်း အမေရိကန် အထက်လွှတ်တော်သို့ လွန်ခဲ့သည့်နှစ် အောက်တိုဘာလက တင်သွင်းခဲ့သည့် ကြားဖြတ်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဒေးဗစ်ကေးက ရာထူးမှ နုတ်ထွက်ပြီးနောက် သုံးလကြာတွင် အီရတ်၌ အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များမရှိဟု အခိုင်အမာ ပြောကြားခဲ့သည်။

လာမည့်ရက်သတ္တနှစ်ပတ်အတွင်း ထုတ်ပြန်တော့မည့် အစီရင်ခံစာ၏ ကောက်ချက်ချမှုသည် ဗြိတိသျှ ဝန်ကြီးချုပ် တိုနီဘလဲ၏ လေဘာပါတီ နှစ်ပတ်လည်ညီလာခံ ကျင်းပနေချိန်တွင် တိုနီဘလဲအား ကသိကအောက်ဖြစ်စေမည်ဖြစ်သည်။ ***အင်တာနက်။***

အကျဉ်းသားများ ညှဉ်းပန်းမှု လွတ်လွတ်လပ်လပ်စစ်ဆေးခွင့်ပြုရန် ဘုရှ်ကိုတိုက်တွန်း

ဝါရှင်တန် စက်တင်ဘာ ၁၂

ဘဂ္ဂဒက်မြို့ရှိ အဘူဂါရိုပ်နှင့် အမေရိကန်တို့ စီမံအုပ်ချုပ်သည့် အခြားအကျဉ်းစခန်းများတွင် ထိန်းသိမ်းရေးနှင့် စစ်ဆေးမေးမြန်းသည့် နည်းစနစ်များနှင့် ပတ်သက်သည့် ကိစ္စကို လွတ်လွတ်လပ်လပ် စုံစမ်းစစ်ဆေးရန် အမေရိကန် အငြိမ်းစားဗိုလ်ချုပ်ကြီးများနှင့် ရေတပ်ဗိုလ်ချုပ်များပါဝင်သည့် အုပ်စုတစ်စုက တိုက်တွန်းလိုက်သည်။

ကျယ်ပြန့်ပြီး လွတ်လပ်မှုရှိသည့် တရားဝင် စုံစမ်းစစ်ဆေးမှုများ ယခုအချိန်အထိ တစ်ကြိမ်တစ်ခါမျှ မရှိသေးကြောင်း အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်ထံသို့ ပေးပို့သည့် စာထဲတွင် အဆိုပါ အရာရှိများက ဖော်ပြထားသည်။

အင်တာနက်။

အီရတ်၌ လုံခြုံရေး တိုးတက်မှုမရှိသေး ကိုဖီအာနန် ပြောကြား

ကုလသမဂ္ဂ စက်တင်ဘာ ၁၁

အီရတ်နိုင်ငံမှ တိုက်ခိုက်မှုများသည် ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပရန် စီစဉ်ထားသည့် ရွေးကောက်ပွဲကို ခြိမ်းခြောက်အန္တရာယ်ပြုနိုင်ကြောင်းနှင့် အီရတ်နိုင်ငံ၌ ကုလသမဂ္ဂနိုင်ငံတကာ အမှုထမ်းဦးရေကို ၃၅ဦးထိ ကန့်သတ်လျှော့ချထားရကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အင်္ဂါနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံ၌ လုံခြုံရေးအခြေအနေသည် ၂၀၀၃ ခုနှစ် မတ်လတွင် အမေရိကန်ဦးဆောင်၍အီရတ်ကိုဝင်ရောက်ကျူးကျော်သိမ်းပိုက်ခဲ့ချိန် နောက်ပိုင်း တိုးတက်လာခြင်းမရှိကြောင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တင်ပြသည့် အစီရင်ခံစာတွင် အာနန်က ဖော်ပြထားပြီး အမေရိကန်အနေဖြင့် တပ်ဖွဲ့အင်အားထက် နိုင်ငံရေးလုပ်ငန်းစဉ်ကို ပို၍အလေးထားအားကိုး ဖြေရှင်းရန် ၎င်းက တိုက်တွန်းလိုက်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

သေဆုံးခဲ့သော ကန်တပ်ဖွဲ့ဝင်များ၏ဓာတ်ပုံများကို နယူးယောက်ရှိ ယူနီယံစကွဲယား၌ခင်းကျင်းပြသ

နယူးယောက် စက်တင်ဘာ ၁၂

အီရတ်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀ ကျော်၏ ဓာတ်ပုံများကို အမေရိကန် ပြည်ထောင်စုနယူးယောက်မြို့ရှိ ယူနီယံစကွဲယားပြည်သူ့ဥယျာဉ်တွင် သောကြာနေ့က ပြသခဲ့ကြောင်း၊ ပြည်သူလူထု၏မြင်ကွင်းတွင် သေဆုံးခဲ့လေပြီးသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဓာတ်ပုံများကိုဖော်ပြခြင်းမှာ စစ်ကြောင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးရနိုင်မှုကို အများပြည်သူလူထုအလေးအနက်သိရှိစေလိုသောကြောင့်ဖြစ်ကြောင်း အမေရိကန်စစ်ပြန်ရဲဘော်ဟောင်း နီကိုလပ်စ်ကိုဟန်က ပြောကြားသည်။ ၎င်းသည် ယူနီယံစကွဲယားဥယျာဉ်၌ သေဆုံးအမေရိကန်တပ်ဖွဲ့ဝင်များ၏ ရုပ်ပုံများကို ပြသနိုင်ရန် စီစဉ်သူတစ်ဦးဖြစ်သည်။

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်သေဆုံးသူ ၁၀၀၀ ဦးမြောက်အရေအတွက်သို့ ရောက်ရှိအပြီး ရက်အနည်းငယ်အကြာတွင် အဆိုပါဓာတ်ပုံပြပွဲကို ခင်းကျင်းခဲ့ခြင်းဖြစ်သည်။

အီရတ်နှင့်အာဖဂန်နစ္စတန်နိုင်ငံတို့တွင် စစ်ကြောင့်သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဓာတ်ပုံများကို ခင်းကျင်းပြသရာတွင် မည်သည့်နိုင်ငံရေးပါတီ၏ စည်းရုံးမှုဖြင့်ပြသခြင်း မဟုတ်ကြောင်း၊ သတင်းစာများတွင် နေ့စဉ်လိုလို အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးရမှုကို ဖော်ပြနေသော်လည်း စစ်ကြောင့် လူသားတို့၏အသက်များဆုံးရှုံးရမှုကို ပြည်သူလူထုအလေးအနက် ခံစားရခြင်းမရှိသဖြင့် ယခုကဲ့သို့ ခင်းကျင်းပြသရခြင်းဖြစ်ကြောင်း ကိုဟန်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကန်တပ်ဖွဲ့ကို ခုခံတိုက်ခိုက်ရေးသမားများ တိုက်ခိုက် ဘဂ္ဂဒက်မြို့လယ်တွင် ပြင်းထန်သည့်ပေါက်ကွဲမှုများ မြည်ဟည်း

ဘဂ္ဂဒက် စက်တင်ဘာ ၁၂

ပြင်းထန်သည့် ပေါက်ကွဲမှုများကြောင့် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြို့လယ်ကောင်တွင် တနင်္ဂနွေနေ့စောစောပိုင်းက မြည်ဟည်းသွားခဲ့ပြီး မြို့လယ်ရှိ အမေရိကန်စောင့်ရှောက်ထားသော အစိမ်းရောင်ဒေသအနီးမှ အဓိကလမ်းမကြီးပေါ်တွင် တိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိသည်။ နံနက် ၅ နာရီခွဲကတည်းက ရော့ကက်ဒုံးနှင့် စိန်ပြောင်းပစ်ခတ်သံများ နံနက်ပိုင်းရောက်သည်အထိ သောသောညံလျက်ရှိသည်။ အစိမ်းရောင်ဒေသတွင် ကျည်ဆန် အများအပြားကျရောက်ခဲ့ရာ မီးခိုးမည်းတိမ်လိပ်ကြီး မိုးယံတက်သွားကာ သတိပေးဥသြဆွဲသံများဖြင့် စီစီညံလျက်ရှိသည်။

အစိမ်းရောင်ဒေသအနီး တိုက်ဂရစ်မြစ်ကမ်းနဖူးတွင် တည်ရှိသည့် ဟိုင်ဖာလမ်းမကြီးတစ်လျှောက် ပြင်းထန်သည့် စက်သေနတ်ပစ်ခတ်သံဖြင့် ပွဲတင်ဟိန်းလျက်ရှိသည်။ အမေရိကန် ဘရက်ဒလေ တိုက်ခိုက်ရေးယာဉ် မီးလောင်နေပြီး ကလေးငယ်များ ကားခေါင်မိုးပေါ်တက်ကာ မီးလျှံမီးတောက်များအနီး ကောင်းချီးသြဘာပေးကာ ကခုန်မြူးထူးနေကြသည်။

နေရာယူ

အမေရိကန် တပ်ဖွဲ့ဝင်များက ဟိုင်ဖာလမ်းတစ်လျှောက်ရှိ သစ်ပင်များနှင့် နံရံများ၏ နောက်ကွယ်မှ နေရာယူထားကြပြီး ဒေသခံများက တိုက်ပွဲတစ်ပွဲဖြစ်မည်ကို စောင့်ကြည့်ရန်အတွက် ဝရန်းသုန်းကား သွားလာလှုပ်ရှားနေကြသည်။ နံနက်ပိုင်း ပေါက်ကွဲမှုများ ဖြစ်ပွားပြီးနောက် ညပိုင်းတွင် အပြင်းအထန် ပစ်ခတ်မှုများ ပေါ်ပေါက်လာခဲ့သည်။ စိန်ပြောင်းကျည် သို့မဟုတ် ရော့ကက်ဒုံးကျည်များ လူနေအခန်း အများအပြားပါရှိသည့် အဆောက်အအုံတွင် ကျရောက်ခဲ့သည်။ ပြည်ထဲရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် ဗိုလ်မှူးကြီး အဗ္ဗဒူရာမန်က လူသေဆုံးမှုသတင်း မရရှိကြောင်း ပြောကြားသည်။ စောစောပိုင်းကလည်း အစိမ်းရောင်ဒေသအနီးနှင့် ဘဂ္ဂဒက်မြောက်ပိုင်းဒေသရှိ အမေရိကန် စစ်အခြေစိုက်စခန်းတို့တွင် ရော့ကက်ဒုံးကျည်နှင့် စိန်ပြောင်းကျည် ကျရောက်ပေါက်ကွဲသော်လည်း လူသေဆုံးမှုမရှိခဲ့ပေ။

ဗုံးပေါက်ကွဲ

အစ္စလမ္မစ် တိုက်ခိုက်ရေးသမားများက အီရတ်ရှိ အမေရိကန်ဦးဆောင် အပေါင်းပါတပ်ဖွဲ့များအား အရှက်တကွဲ အကျိုးနည်းဖြစ်စေရန် ပြုလုပ်ခဲ့ကြောင်း ခုခံတိုက်ခိုက်ရေး ခေါင်းဆောင် အယ်လ်ဇာကာဝီက ရုပ်မြင်သံကြားမှ ဂုဏ်ယူဝင့်ကြွားစွာ ပြောကြားခဲ့သည်။ ဘာဆာရာမြို့တွင် ယခုအခါ အမေရိကန် သံတမန်ရုံးဖွင့်ထားသည့် ဟူစိန်၏နန်းတော် အဆောက်အအုံအပြင်ဘက်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားသည်။ လူတစ်ဦး သေဆုံးပြီး၊ လူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်းဒဏ္ဍသည်များမှာ အီရတ်နိုင်ငံသားများ ဖြစ်ဖွယ်ရှိသည်။

ဘဂ္ဂဒက်မြို့တော်တွင် အမေရိကန် စစ်လေယာဉ်တစ်စင်းက ဘာသာရေးခေါင်းဆောင် အယ်လ်ဆာဒါ သစ္စာခံခုခံ တိုက်ခိုက်ရေးသမားများအား လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်သည်။ ယင်းလေယာဉ်က စစ်သေနတ်ပစ်နေသည့် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများအား ပစ်ခတ်ခဲ့ကြောင်း အမှတ်(၁) တိုက်ခိုက်ရေးတပ်မဟာမှ ဗိုလ်ကြီးအိုမာလီက ပြောကြားသည်။

အင်တာနက်။

အီရတ်တစ်ဝန်း တိုက်ခိုက်မှုများ ပိုမိုများပြားလာနိုင်ကြောင်း ကန် ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ် ပြောကြား

ဝါရှင်တန် စက်တင်ဘာ ၁၂

ဇန်နဝါရီလတွင် ကျင်းပရန်စီစဉ်ထားသည့် ရွေးကောက်ပွဲများနီးကပ်လာလျက်ရှိနေစဉ် ခုခံတိုက်ခိုက်ရေးသမားများက အီရတ်နိုင်ငံတွင် အရှိန်အဟုန်မြင့် တိုက်ခိုက်လာနိုင်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်က သောကြာနေ့က ပြောကြားလိုက်သည်။

ယခုနှစ်ကုန်ပိုင်းတွင် ရွေးကောက်ပွဲများကျင်းပရန် စီစဉ်ထားခြင်းကို တိုက်ခိုက်မှုများက အနှောင့်အယှက်နိုင်ကြောင်း ရမ်းစဖဲလ်က အမျိုးသားသတင်းစာဆရာများကလပ်တွင် မေးခွန်းများအား တုံ့ပြန်ဖြေကြားသည်။ အမေရိကန်၏ အပေါင်းပါနိုင်ငံများ၏ အားနည်းချက်ရှိသည့်နေရာများကို တိုက်ခိုက်ရန် ခုခံတိုက်ခိုက်ရေးသမားများက လေ့လာနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ခုခံရေးသမားတို့သည် တိုက်ခိုက်မှုမှတစ်ပါး အခြားရွေးချယ်စရာလမ်းမရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပမှု နှောင့်နှေးမည်ဟု မိမိမထင်မြင်မိကြောင်း အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ကွန်ဒိုလီဇာရိုက်စ်က သောကြာနေ့က ပြောကြားလိုက်သည်။

ပြန်လည်ထိန်းချုပ်

အီရတ်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် မကြာသေးမီ ရက်သတ္တပတ်များအတွင်း ခုခံရေးသမားများထိန်းချုပ်ထားခဲ့သည့် ဖော်လူဂျာ၊ ရာမာဒီနှင့် အီရတ်နိုင်ငံအလယ်ပိုင်းရှိ အရေးပါသည့် နေရာအများအပြားကို ပြန်လည်ထိန်းချုပ်နိုင်မည်ဟု ရမ်းစဖဲလ်နှင့် ရိုက်စ်တို့က အခိုင်အမာပြောကြားသည်။ သို့သော်တိကျသည့် အသေးစိတ်အချက်အလက်နှင့် အချိန်ကာလကို ၎င်းတို့က ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ သစ္စာခံတပ်များနှင့် နာဂျက်ဖ်တွင် တိုက်ခိုက်ခဲ့စဉ်က အီရတ်အစိုးရသည် နောက်ဆုံးညှိနှိုင်းဆွေးနွေးမှုဖြင့် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ သို့ရာတွင် အခြားသောဒေသများတွင် အင်အားသုံးရန် လိုအပ်နိုင်ဖွယ်ရှိကြောင်း ရမ်းစဖဲလ်က ပြောကြားသည်။

ဖော်လူဂျာမြို့တွင်မည်ကဲ့သို့ ဖြစ်ပျက်မည်ကို မိမိတို့သိမြင်ကြောင်း၊ အီရတ်အစိုးရကသာ နောက်ဆုံးတွင် ထိန်းချုပ်ထားနိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ငြိမ်းငြိမ်းချမ်းချမ်း သို့တည်းမဟုတ် အင်အားသုံး၍ ပေါ်ပေါက်လာမည်ဟုတ်၊ မဟုတ်ကို မိမိတို့မသိနိုင်ကြောင်း၊ သို့ရာတွင် တနည်းနည်းတော့ ဖြစ်လာမည်ဖြစ်ကြောင်း ရမ်းစဖဲလ်က ပြောကြားသည်။ **အင်တာနက်။**

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံးဒေသ လမ်းဘေးဗုံး ပေါက်ကွဲခဲ့သည့်နေရာကို စက်တင်ဘာ ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာဆာရာ၌ လမ်းဘေးဗုံးပေါက်ကွဲ၊ နှစ်ဦးသေဆုံး

ဘာဆာရာ စက်တင်ဘာ ၁၂

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် အမေရိကန်သံရုံးအနီး၌ စနေနေ့က လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူနှစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိသွားကြောင်း ရိုက်တာသတင်းဌာနမှ သတင်းထောက်တစ်ဦးက ပြောကြားသည်။

အမေရိကန်သံရုံးခြံဝင်းမှ ကိုက် ၅၀ ခန့်အကွာတွင် လူနှစ်ဦး ယာဉ်တစ်စီးဖြင့် ခရီးသွားလာနေစဉ် ပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ယာဉ်မှာ ပျက်စီးသွားကြောင်း ၎င်းကပြောကြားသည်။ ဒဏ်ရာရသူများမှာ လမ်းဘေးသွားလာနေသူများဖြစ်သည်။ ဘဂ္ဂဒက်ရှိ အမေရိကန်သံရုံးနှင့် အမေရိကန် စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများက ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဝေဖန်ပြောကြားခြင်းမရှိပေ။ သေဆုံးသူမှာ မည်သည့်လူမျိုးဖြစ်သည်ကိုလည်း မသိရပေ။

ဗြိတိသျှတပ်ဖွဲ့ဝင်များ တပ်စွဲထားရာ အီရတ်နိုင်ငံမှ ရေနံ အဓိကတင်ပို့ရာ ဘာဆာရာမြို့တွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့များ ရံဖန်ရံခါ တိုက်ခိုက်မှုများ ဖြစ်ပွားလေ့ရှိသည်။ အဆိုပါမြို့တွင် လွန်ခဲ့သည့် တစ်ရက်တာအတွင်း ကားဗုံးနှင့် လမ်းဘေးဗုံးများလည်း ပေါက်ကွဲခဲ့သည်။ **အင်တာနက်။**

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံး ဆာဒါစီးတီးတွင် အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ဈေးဆိုင်တန်းကို စက်တင်ဘာ ၁၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် အနောက်အုပ်စုနိုင်ငံများ စံနှစ်မျိုးကျင့်သုံးနေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဝေဖန်

မော်စကို စက်တင်ဘာ ၁၂

အနောက်အုပ်စုနိုင်ငံများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းတွင် စံနှစ်မျိုးကျင့်သုံးနေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလာဗရော့ဗ်က ရုရှားနိုင်ငံတောင်ပိုင်းတွင် မကြာသေးမီက ဖြစ်ပွားခဲ့သော ဓားစာခံဖမ်းဆီးမှုဖြစ်ရပ်ကို ရည်ညွှန်းလျက် ဝေဖန်ပြောကြားလိုက်ကြောင်း ဗရမ်ယာနိုဗိုစတီသတင်းစာက ကြာသပတေးနေ့တွင် ရေးသားဖော်ပြသည်။

အနောက်အုပ်စု နိုင်ငံများသည် စစ်အေးခေတ် ပြီးဆုံးခဲ့ပြီဖြစ်သော်လည်း မိမိတို့ နိုင်ငံအပေါ် ရန်လိုသည့် သဘောထားများထားရှိမှု အဆုံးသတ်နိုင်ခြင်း မရှိသေးကြောင်း၊ အနောက်နိုင်ငံများမှ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းတွင် မိမိတို့နိုင်ငံနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခြင်းမရှိကြောင်း လာဗရော့ဗ်က နိုဗိုစတီသတင်းစာ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သည် ချေချင်းညာ သူပုန်ခေါင်းဆောင် အက်စ်ယန် မာစခါဒေါ့ဗ်၏ ပြောရေးဆိုခွင့်ရှိသူများကို နိုင်ငံရေးခိုလှုံခွင့်ပေးခဲ့ခြင်းနှင့်ပတ်သက်၍ ရုရှားနိုင်ငံက ဒေါသထွက်လျက်ရှိသည်။

အဆိုပါ ချေချင်းညာ သူပုန်ခေါင်းဆောင်သည် အခြားသော သူပုန်ခေါင်းဆောင်တစ်ဦးဖြစ်သူ ရှာမီးလ်ဘာဆေယက်ဗ်နှင့်အတူ ရုရှားနိုင်ငံတောင်ပိုင်းရှိ စာသင်ကျောင်းကို ဓားစာခံဖမ်းဆီးမှု၌ စီစဉ်ညွှန်ကြားခဲ့သည်ဟု ရုရှားအစိုးရက သံသယဖွားလျက်ရှိသည်။

မိမိသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ ရုရှားနိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်လိုခြင်းမရှိသော အနောက်အုပ်စု နိုင်ငံများအား ဘက်မလိုက်ဘဲ သုံးသပ်ရလျှင် ယင်းနိုင်ငံများသည် စံနှစ်ခုကျင့်သုံးနေသော နိုင်ငံများပင်ဖြစ်ကြောင်း လာဗရော့ဗ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ အရာရှိ၏မိသားစု ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၂

အီရတ်နိုင်ငံမှ ခုခံတိုက်ခိုက်ရေးသမားများသည် အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့မှ အရာရှိတစ်ဦး၏ မိသားစုကို ပြန်ပေးဆွဲခဲ့ပြီး ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်ရှိ အဆိုပါအရာရှိ၏ နေအိမ်ကို မီးရှို့ခဲ့ကြကြောင်း အီရတ်အာဏာပိုင်များက စနေနေ့တွင် ပြောကြားသည်။ နေအိမ်ကို မီးမရှို့မီ အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့မှ ဗိုလ်မှူးကြီး ခါလစ်အလီဟူစိန်နှင့် ကလေးသုံးဦးကို ဖမ်းဆီးသွားခဲ့ကြောင်း ဒီယာလာပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲ ဗိုလ်မှူးချုပ်ဝါလစ်ခါလစ်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်မိုင် ၄၀ အကွာရှိ ခါလစ်မြို့တွင် ဖြစ်ပွားခဲ့သည့် အဆိုပါဖြစ်ရပ်သည် အမေရိကန် စစ်ဘက်ဆိုင်ရာတို့နှင့် ပူးပေါင်းသည့် အီရတ် လုံခြုံရေးတပ်ဖွဲ့ကို ခြိမ်းခြောက်မှုလုပ်ရပ်ဖြစ်သည်။

အင်တာနက်။

အိန္ဒိယ ပုဂ္ဂလိက ပြည်တွင်းလေကြောင်းလိုင်းများ အာဆီယံနိုင်ငံများသို့ ပျံသန်းပြေးဆွဲရေး တင်ပြမည်

နယူးဒေလီ စက်တင်ဘာ ၁၂

ယခုလောလောဆယ်တွင် တောင်အာရှဒေသ ပူးပေါင်းဆောင်ရွက်ရေးအသင်း(ဆာအတ်)နိုင်ငံများသို့ ပျံသန်းပြေးဆွဲနေသည့် အိန္ဒိယနိုင်ငံမှ ပုဂ္ဂလိက ပြည်တွင်းလေကြောင်းလိုင်းများအား အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ဝင် နိုင်ငံများဆီသို့ ပျံသန်းပြေးဆွဲခွင့်ပြုရေး အဆိုပြုချက်ကို အိန္ဒိယမြို့ပြ လေကြောင်းပျံသန်းရေးဝန်ကြီးဌာနက ပြည်ထောင်စုကက်ဘိနက်အဖွဲ့သို့ မကြာမီ တင်ပြမည်ဖြစ်သည်။

ပြည်တွင်း လေကြောင်းလိုင်း လုပ်ငန်း ပျံသန်းပြေးဆွဲနေသည့် ခရီးစဉ် အရေအတွက်နှင့် အရှေ့မြောက်ပိုင်းဒေသကဲ့သို့ မဟာဗျူဟာအရ အရေးပါသည့်နေရာများ အပါအဝင် အိန္ဒိယပြည်တွင်းလေကြောင်းလိုင်းများအတွက် လေကြောင်းခရီးစဉ်များ ခွင့်ပြုရေးကို အဆိုပါဝန်ကြီးဌာနက လေ့လာသုံးသပ်နေကြောင်း တာဝန်ရှိသူများက ပီတီအိုင်သတင်းဌာနသို့ ပြောကြားသည်။ ပြည်တွင်း လေကြောင်းလိုင်းများအား အရှေ့တောင်အာရှ ၁၀ နိုင်ငံသို့ ပျံသန်းပြေးဆွဲခွင့် အပါအဝင် အချို့ကိစ္စရပ်များကို ဆွေးနွေးရန် အိန္ဒိယမြို့ပြလေကြောင်းပျံသန်းရေးဝန်ကြီး ပရာဖူလ်ပတ်တယ်သည် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် လာမည့်သီတင်းပတ်တွင် တွေ့ဆုံဖွယ်ရှိသည်။ ယင်းကိစ္စကို ယခုလကုန်ပိုင်းတွင် ကျင်းပမည့် ကက်ဘိနက်အစည်းအဝေးတွင်တင်ပြဖွယ်ရှိသည်။

ပုဂ္ဂလိက လေကြောင်းလိုင်းများ အပါအဝင် အာဆီယံနိုင်ငံများသို့ ပျံသန်းပြေးဆွဲခွင့်ပြုမည့် အိန္ဒိယလေကြောင်းလိုင်း အရေအတွက်ကို မေးမြန်းရာ အိန္ဒိယမြို့ပြလေကြောင်းပျံသန်းရေးဝန်ကြီးဌာနသည် အိန္ဒိယလေကြောင်းလိုင်းများ အားလုံး၏ လေကြောင်းခရီးစဉ်များကို ခွင့်ပြုပေးနိုင်ကြောင်း အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်။

ဗီယက်နမ်နိုင်ငံတွင် ပြည်သူ ၅ ဒသမ ၄ သန်းသည် အင်တာနက် သုံးစွဲသူများဖြစ်သည်။ အိုင်တီနည်းပညာ ဖွံ့ဖြိုးစေရန် ပညာရေးကဏ္ဍမှလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စာသင်ကျောင်းတစ်ကျောင်းတွင် ကလေးများ ကွန်ပျူတာလေ့လာသင်ကြားနေသည်ကိုတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကော်ဖီသောက်မှုနှင့် ဆီးကျိတ်ကင်ဆာဆက်စပ်မှု သုတေသနပြု

အော်တဝါ စက်တင်ဘာ ၁၂

ကော်ဖီသောက်သုံးမှု မြင့်မားလေလေ အမျိုးသားများ၌ ဆီးကျိတ်ကင်ဆာရောဂါ ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ် ကြီးမားလေလေဖြစ်ကြောင်း ကနေဒါ သုတေသီများက ကြာသပတေးနေ့က ထုတ်ပြန်သော လေ့လာချက်သစ်တစ်ရပ်၌ ဖော်ပြထားသည်။

ဖြစ်ပွားနိုင်မှုနှုန်း

တစ်နေ့လျှင် ကော်ဖီလေးခွက် သို့မဟုတ် လေးခွက်အထက် သောက်သုံးသော အမျိုးသားများသည် ကော်ဖီမသောက်သူ အမျိုးသားများထက် ဆီးကျိတ်ကင်ဆာရောဂါ ဖြစ်ပွားနိုင်မှုနှုန်း နှစ်ဆကြီးမားကြောင်း ကနေဒါ သုတေသီများ၏ လေ့လာတွေ့ရှိချက်ကို ယင်းနိုင်ငံတွင် ထုတ်ဝေသည့် နာတာရှည်ရောဂါများ အမည်ရှိ ဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်။

ခန့်မှန်း

ဆီးကျိတ်ကင်ဆာရောဂါသည် ကနေဒါအမျိုးသားများ စတုတ္ထမြောက် အများဆုံး ဖြစ်ပွားသည့် ကင်ဆာရောဂါတစ်မျိုးဖြစ်သည်။ ယခုနှစ်တွင် ဆီးကျိတ်ကင်ဆာရောဂါဖြစ်သူ ၃၇၀၀ ခန့်ရှိမည်ဟု ကျန်းမာရေး တာဝန်ရှိသူများက ခန့်မှန်းကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

တစ်ကမ္ဘာလုံး ဆက်စပ်လွှမ်းခြုံမှုနှင့်အတူ တရုတ်စီးပွားရေး ပေါင်းစည်းလှုပ်ရှားနေ

ပေကျင်း စက်တင်ဘာ ၁၂

တရုတ်ပြည်သည် စီးပွားရေးအရ တစ်ကမ္ဘာလုံး ဆက်စပ်လွှမ်းခြုံမှုတွင် ပါဝင်လှုပ်ရှားနေပြီဖြစ်ကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ် ဟွမ်ယုက သောကြာနေ့တွင် ပြောကြားသည်။

ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်း ရယူရေးဟု အမည်ပေးထားသည့် အကြောင်းအရာကို နိုင်ငံတကာဆွေးနွေးပွဲ၌ တရုတ်ဒုတိယဝန်ကြီးချုပ်က ပြောကြားရာတွင် အထက်ပါအတိုင်း ဖော်ပြခြင်းဖြစ်သည်။

မျက်မှောက်ကာလ စီးပွားရေး အခြေအနေကို ဆန်းစစ်လေ့လာလျှင် တစ်ကမ္ဘာလုံး စီးပွားရေး ဆက်စပ်လွှမ်းခြုံမှု၏ အလားအလာမှာ နက်ရှိုင်းလာနေကြောင်း၊ စဉ်ဆက်မပြတ် နိုင်ငံတကာ ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းမှုမှာလည်း သွက်လက်လာကြောင်း၊ ကမ္ဘာ့စီးပွားရေးသည် လက်ရှိအရှိန်အဟုန်အတိုင်း ဆက်လက်ဖြစ်ပေါ်ဖွယ်ရှိကြောင်း၊ သိပ္ပံရေးရာ တိုးတက်အောင်မြင်မှုများနှင့် စက်မှုလုပ်ငန်းများ တိုးတက်လာခြင်းကြောင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု ကောင်းမွန်နေကြောင်း ၎င်းက ပြောကြားသည်။

သို့ရာတွင် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုမှာ နိုင်ငံများအတွင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ မညီမမျှ ရှိနေကြောင်း၊ ကမ္ဘာ့တောင်ခြမ်းနိုင်ငံများနှင့် ကမ္ဘာ့မြောက်ခြမ်း နိုင်ငံများအကြား ဖွံ့ဖြိုးမှု ကွာဟချက် ကြီးမားနေကြောင်း၊ ကမ္ဘာ့နိုင်ငံများအတွင်း စီးပွားရေးနှင့် နည်းပညာအရ ယှဉ်ပြိုင်မှုမှာလည်း ပြင်းထန်လာနေကြောင်း၊ ဤအခြေအနေကြောင့် မိမိတို့ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ပြင်ပမှ စီးပွားရေး အကျိုးသက်ရောက်မှုများကို ခံစားကြရမှုများ ရှိကြောင်း ၎င်းက ပြောကြားသည်။

စီးပွားရေးအရ အခွင့်အလမ်းသစ်များရော စိန်ခေါ်မှုများကိုပါ တွေ့ကြုံနေရသော ယနေ့ကာလတွင် မိမိတို့နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုများကို အတူတကွ အညီအမျှ ရရှိစေရေးအတွက် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် လိုအပ်ကြောင်း ဟွမ်ယုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မိုးရာသီတွင် မျက်စိနာရောဂါ ကူးစက်ပြန့်ပွား ဖိလစ်ပိုင် ဆရာဝန်များ အံ့သြမှုဖြစ်ကြရ

မနီလာ စက်တင်ဘာ ၁၂

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော မျက်မြေးရောင်နာ ကူးစက်ပြန့်ပွားနေခြင်းနှင့် ပတ်သက်၍ ဒေသခံဆရာဝန်များ ပဟေဠိပုစ္ဆာသဖွယ် ဖြစ်နေရကြောင်း၊ ဤကဲ့သို့သောရောဂါမျိုး ကူးစက်ပြန့်ပွားလေ့ရှိသည့် ဥတုရာသီ မဟုတ်သောကြောင့်ဖြစ်ကြောင်း ဖိလစ်ပိုင် သတင်းအေဂျင်စီက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

ဗိုင်းရပ်စ်ကြောင့်ဖြစ်သော မျက်မြေးရောင်နာ ကူးစက်ပြန့်ပွားရခြင်းသည် သဘာဝပတ်ဝန်းကျင် ဆုတ်ယုတ်လာမှုကြောင့် ရောဂါကူးစက်မှု ပုံစံများ ပြောင်းလဲလာရခြင်းနှင့် ဆက်နွှယ်နေကြောင်း ဒါဂူပန်မြို့ရှိ လက်ထောက်ကျန်းမာရေးအရာရှိ ဒေါက်တာနီလိုနာဒိုကာဘွန်နယ်က ပြောကြားသည်။

နွေရာသီ အချိန်အခါသို့ မရောက်ရှိသေးသော်လည်း ဒေသခံလူအများအတွင်း မျက်စိနာရောဂါ အဘယ်ကြောင့် ပြန့်ပွားနေကြသည်ကို လေ့လာရာတွင် အံ့အားသင့်စရာဖြစ်ရကြောင်း ၎င်းက ရေဒီယို လူတွေ့မေးမြန်းခန်းတစ်ခုတွင် ပြောကြားသည်။

မျက်မြေးရောင်နာသည် နွေရာသီတွင်သာ ဖြစ်တတ်သော ရောဂါဘယတစ်မျိုးဖြစ်ကြောင်း၊ သို့ရာတွင် မိုးရာသီတွင် ယင်းရောဂါ ကူးစက်ပြန့်ပွားမှုကို ဆရာဝန်များက တွေ့ရှိနေရကြောင်း၊ မိုးရာသီတွင် သမားရိုးကျအားဖြင့် အစာအိမ်နှင့် အူသိမ်ရောင်ခြင်းရောဂါနှင့် သွေးလွန်တုပ်ကွေးတို့ကဲ့သို့သော ရောဂါမျိုးကိုသာ တွေ့ရလေ့ရှိကြောင်း ၎င်းက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၏ နွေရာသီမှာ ဖေဖော်ဝါရီလမှ ဧပြီလအထိ အကျုံးဝင်သည်။ နွေဥတုတွင် မျက်စိနာခြင်းကဲ့သို့သော ရောဂါမျိုးကို တွေ့ရလေ့ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘင်္ဂလားဒေ့ရှ် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ လူနှစ်သိန်းခန့်အတွက် အလုပ်အကိုင်များ ဖော်ဆောင်ပေး

ဒါကာ စက်တင်ဘာ ၁၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အသေးစား အိမ်တွင်းစက်မှုလက်မှု ကော်ပိုရေးရှင်းသည် လူပေါင်း ၁၈၀၀၀၀ အတွက် အလုပ်အကိုင်များ ဖော်ဆောင်ပေးခဲ့သည်။

အဆိုပါကဏ္ဍတွင် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း တာကာ ၇ ဒသမ ၀၇ ဘီလျံ (အမေရိကန်ဒေါ်လာ ၁၁၈ သန်း) ရင်းနှီးမြှုပ်နှံခဲ့ကြောင်း သည်နယူးနေးရှင်းသတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြသည်။

အဆိုပါကာလအတွင်း အသေးစား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ၁၉၉၁၉ ခုကို ဖွဲ့စည်းထူထောင်ခဲ့ကြောင်းနှင့် တည်ဆောက်နေဆဲလုပ်ငန်း ၁၆၉၆၄ ခုအတွက် ငွေကြေးနှင့် အခြားအကူအညီများ ပေးခဲ့သည်။

ဘင်္ဂလားဒေ့ရှ် အသေးစား အိမ်တွင်းစက်မှုလက်မှု ကော်ပိုရေးရှင်းသည် နိုင်ငံတစ်ဝန်းလုံး၌ စက်မှုလက်မှုနယ်မြေ ၆၄၃ ခုထားရှိပြီး နောက်ထပ် စက်မှုလက်မှုနယ်မြေ ၁၈ ခုကို အကောင်အထည်ဖော်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စက်မှုလုပ်ငန်း အလျင်အမြန် အကောင်အထည်ဖော်နိုင်ရေးအတွက် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများအား အရည်အသွေး ပြည့်ဝသည့် စစ်ဆေးမှုလုပ်ငန်းများကို ဖြည့်ဆည်းပေးရန် နိုင်ငံပိုင် အဆိုပါ ကော်ပိုရေးရှင်းအား ဘင်္ဂလားဒေ့ရှ်အစိုးရက တိုက်တွန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယတွင် ပန်းချီကား၁၀၀ကို ဒေါ်လာ ၂၁သန်းကျော်ဖြင့် ရောင်းချမည်

နယူးဒေလီ စက်တင်ဘာ ၁၂

အိန္ဒိယနိုင်ငံမှ နာမည်ကျော်ကြား လူသိများသည့် ပန်းချီဆရာတစ်ဦးက မိုရေကာဖျဉ်စပေါ်တွင် ရေးဆွဲသော ပန်းချီကားချပ် ၁၀၀ အတွက် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၆သန်း ဖြင့် ရောင်းချပေးရန် စီးပွားရေး လုပ်ငန်းရှင်တစ်ဦးနှင့် သဘောတူစာချုပ်တစ်ခုကို လက်မှတ်ရေးထိုး ချုပ်ဆိုလိုက်ကြရာ အိန္ဒိယနိုင်ငံ၏ ပန်းချီဈေးကွက်တွင် အမြင့်မားဆုံးသော အရောင်းအဝယ်စာချုပ်တစ်ခုဖြစ်သည်။

ဘော်ငွေရောင်ဆံကေသာရှိသော အသက် ၈၉ နှစ်အရွယ် ပန်းချီပညာရှင် ဗီဒါဟူစိန်က ကမ္ဘာ့မြေပုံခေါ်သည့် မိမိတို့၏ ဂြိုဟ်အမည်ဖြင့် ဘုံဘေအခြေစိုက်သည့် စီးပွားရေးလုပ်ငန်းရှင် ဂူရုဆွာရပ်ဆရီဗာစတာဗျာအတွက် ပန်းချီကားများ ရေးဆွဲသွားမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အလားအလာကောင်းများ ဖြစ်ထွန်းနေသော မြန်မာ့စီးပွားရေး အခြေအနေ

အောင်မိုးစံ

မိသားစုတစ်ခုကို အကြောင်းမဲ့ စီးပွားပျက်အောင် ဖန်တီးမှုဟာ ကောင်းသလား၊ မကောင်းဘူးလားဆိုတဲ့ အဖြေကို လူတိုင်းသိပြီးသားပင် ဖြစ်ပါတယ်။ အဲဒီလို စီးပွားပျက်တဲ့ ဆိုးကျိုးတွေကို ဘယ်လိုဆက်လက်ခံစားရမယ်ဆိုတာကိုလည်း စာနာနားလည်နိုင်ပါတယ်။ အလားတူပင် နိုင်ငံတစ်နိုင်ငံကို စီးပွားပျက်အောင် ပိတ်ဆို့အရေးယူမှုဟာ အပြုပိုင်းလား၊ အဖျက်ပိုင်းလား။ အဲဒီလို ပိတ်ဆို့ခံရတဲ့ နိုင်ငံက ပြည်သူတွေ ဘယ်လိုခံစားရမယ်ဆိုတာကိုလည်း စာနာနားလည်နိုင်မယ် ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် လုပ်မယ်ဆိုရင် ဘယ်က စတင်လုပ်ရမလဲ။ စီးပွားရေးက စမလား။ နိုင်ငံရေးက စမလား။ ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒတရားက **စီးပွားရေးကုန်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ်ပေါ်မှုဟာ လူ့အဖွဲ့အစည်း ရှေ့တန်းတက်လှမ်းမှုရဲ့ အဆင့်အတန်း အမြင့်ဆုံးသော မှတ်ကျောက်ဖြစ်တယ်။** အခြေခံစီးပွားရေး ကုန်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ်ပေါ်မှုနဲ့အတူသာ အပေါ်ထပ်အဆောက်အအုံဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေရေး၊ ယဉ်ကျေးမှု၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတွေ အနှေးနဲ့အမြန် လိုက်ပါပြောင်းလဲ တိုးတက်လေ့ရှိတယ်လို့ဆိုပါတယ်။ ဒီတရားမှန်ကြောင်းကို ဒီကနေ့ တရုတ်နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးက အထင်အရှား သက်သေပြလျက်ရှိပါတယ်။ စီးပွားရေးခြေလှမ်း မပြခင် နိုင်ငံရေး လွတ်လပ်မှုတွေကို ရှေ့တန်းတင် ဖွင့်ပေးခဲ့လို့ အချင်းချင်း သေကျေသွေးအိုင်ထွန်းပြီး ဒုက္ခကြီးစွာ ကြုံခဲ့ရတဲ့ အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံဟောင်း အချို့ရဲ့ ဖြစ်ရပ်တွေကိုတော့ အလေးအနက် သင်ခန်းစာယူရမယ် ဖြစ်ပါတယ်။

အရင်းရှင်ထုတ်လုပ်ပုံရဲ့ သမိုင်းပေးတာဝန်ဟာ လူ့အလုပ်ရဲ့ ထုတ်လုပ်မှုကို ပုံပြသချာနှုန်းအတိုင်း အချုပ်အချယ်မဲ့ တိုးတက်ဖြစ်ပေါ်ရေးဖြစ်တယ်။ အရင်းရှင်ထုတ်လုပ်ရေးတရားဟာ ထုတ်လုပ်ပုံကို အမြဲတမ်း အသွင်ပြောင်းပစ်နေခြင်းနဲ့ ထုတ်လုပ်ရေးနှုန်းကို အချုပ်အချယ်မဲ့ တိုးပွားစေခြင်းဖြစ်တယ် လို့ ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒတရားက ဆိုပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံဟာ အရင်းရှင်လူတန်းစားကို အခြေခံပြီး နိုင်ငံထူထောင်နေတဲ့အတွက် အံ့သြဖွယ်ရာ တိုးတက်ပြောင်းလဲနေတာ ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံရဲ့ အရင်းရှင်စနစ် ထူထောင်ရေးလုပ်ငန်းများ အပေါ် အမေရိကန်နဲ့ အနောက်အုပ်စု နိုင်ငံအချို့က စီးပွားရေး ပိတ်ဆို့ထားပါတယ်။ အကြောင်းပြချက်ကတော့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး တိုးတက်လာဖို့ ဖိအားပေးတယ်လို့ ဆိုပါတယ်။ စီးပွားရေး ကျဆင်းကျပ်တည်းပြီး စားဝတ်နေရေး မလုံလောက်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်တွင် ဘယ်လိုမှ ဒီမိုကရေစီထွန်းကားလေ့မရှိပါ။ အခြေခံ စားဝတ်နေရေး ဆင်းရဲကျပ်တည်းမှုလောက် လူ့အခွင့်အရေး ထိခိုက်တာဟာ ဘယ်အရာမှ မရှိနိုင်ပါဘူး။

ဒါကြောင့် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေရဲ့ လုပ်ရပ်ဟာ မြန်မာပြည်သူတွေကို ကယ်တင်တာမဟုတ်ဘဲ နစ်မွန်းအောင် လုပ်နေတာသာ ဖြစ်ပါတယ်။ မြန်မာပြည်တွင်း နိုင်ငံရေးပြဿနာ ဆိုတာလည်း အမေရိကန် နိုင်ငံခြားရေးမူဝါဒကို ကိုယ်စားပြုတဲ့ စိတ်ကူးယဉ် ဒီမိုကရေစီအင်အားစုများနဲ့ မိမိတို့ မြန်မာလူမှုဘဝကို ကိုယ်စားပြုတဲ့ တပ်မတော်အစိုးရရဲ့ ဒီမိုကရေစီ ထူထောင်ရေးအပေါ် ကွဲလွဲမှုသာဖြစ်ပါတယ်။ အမေရိကန်ဟာ မြန်မာတစ်နိုင်ငံတည်းကိုသာမက အခြားသော ကမ္ဘာ့နိုင်ငံများပေါ်တွင်လည်း နိုင့်ထက်စီးနင်း ပြုကျင့်နေတာဖြစ်ပါတယ်။

စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများတွင်လည်း အမေရိကန်ရဲ့ တစ်ဖက်သတ် ဗိုလ်ကျအနိုင်ကျင့်မှုတွေကို တွေ့နေရပါတယ်။ ဝါရှင်တန် အခြေစိုက် စီးပွားရေးနဲ့ မူဝါဒသုတေသနဆိုင်ရာ ဗဟိုဌာန (CEPR)ရဲ့ သုံးသပ်ချက်အရ ယခင် ၁၀ နှစ်၊ ၁၂ နှစ်ခန့်က အတွေ့အကြုံအတိုင်း အမေရိကန်နိုင်ငံရဲ့ သွင်းကုန်များ ဆက်လက်တိုးတက်နေဦးမယ်လို့ ယူဆပြီး အမေရိကန်တို့နဲ့ ကုန်သွယ်ရေးစာချုပ်များ ချုပ်ဆိုကြလျှင် တစ်နေ့တွင် စိတ်ပျက်လက်ပျက်ဖြစ်စရာ အခြေအနေမျိုးနဲ့ ကြုံကြိုက်မယ်လို့ ဆိုပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများဟာ ဗဟိုအမေရိက လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်(CAFTA) အမေရိကနိုင်ငံများရဲ့ လွတ်လပ်စွာ ကုန်သွယ်ရေး ဒေသ စာချုပ်များကို ချုပ်ဆိုခဲ့ကြတယ်။ ဒီသဘောတူစာချုပ်တွေမှာ စီးပွားရေးကိစ္စတစ်ခုတည်းနဲ့သာ ပတ်သက်တာမဟုတ်ကြောင်း တွေ့ရပါတယ်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံနဲ့ ချုပ်ဆိုသော သဘောတူစာချုပ်တွင် စစ်ရေးနဲ့ အကြမ်းဖက်မှု ဆန့်ကျင်ရေး ပူးပေါင်းမှုကိစ္စများ အရှိန်မြှင့်တင်ရေးအတွက် နည်းလမ်းတစ်ခု အဖြစ်ပါ အသုံးပြုကြောင်း အတိအလင်း ထုတ်ဖော်ထားတယ်လို့ ဆိုပါတယ်။ နိုင်ငံရေး ရည်ရွယ်ချက်များအတွက်ပါ ချုပ်ဆိုထားခြင်းဖြစ်ပြီး အချုပ်အခြာ အာဏာကို ထိပါးတဲ့ကိစ္စများ ပေါ်ပေါက်လာမှာကို စိုးရိမ်မကင်း ဖြစ်နေကြတယ်လို့ သိရပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ ဆန္ဒနဲ့ ဆန့်ကျင်ပြီး ပြုမူဆောင်ရွက်မိလျှင် ဒဏ်ကြေးငွေပေးရခြင်း၊ တိုက်ရိုက်နည်း၊ ဒါမှမဟုတ် သွယ်ဝိုက်သောနည်းဖြင့် စီးပွားရေးပိတ်ဆို့ခံရခြင်း၊ နိုင်ငံရေးပိတ်ဆို့ခံရခြင်း စတဲ့ ပြစ်ဒဏ်တွေနဲ့ ရင်ဆိုင်ရဖွယ်ရှိတယ်။ သဘောတူညီချက်များတွင် အမေရိကန်အစိုးရနဲ့ စီးပွားရေး လုပ်ငန်းရှင်များ အပေါ်စီးမှ အခွင့်အရေးရနေပြီး တစ်ဖက်နိုင်ငံနဲ့ နိုင်ငံသားများရဲ့ အခွင့်အရေးများကို ထိပါးစေရန် ပြဋ္ဌာန်းထားတဲ့ သတ်မှတ်ချက်များ ပါဝင်နေတတ်တယ်။

ပွင့်လင်းမှုရှိရေး (Transparency)ဆိုတဲ့ ခေါင်းစဉ်တပ်ပြီး အနာဂတ်တွင် နိုင်ငံရေးအရသော်လည်းကောင်း၊ တရားဥပဒေအရသော်လည်းကောင်း အပြောင်းအလဲ ပြုလုပ်တဲ့အခါ အမေရိကန်အစိုးရနဲ့ စီးပွားရေးလုပ်ငန်းတို့ရဲ့ အကျိုးစီးပွားကို ထိပါးနိုင်တဲ့ ကိစ္စများနဲ့ ပတ်သက်ပြီး တိုင်ပင်ညှိနှိုင်းခြင်း၊ ထည့်သွင်းစဉ်းစားခြင်း ပြုလုပ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်များကိုလည်း စာချုပ်များတွင် ထည့်သွင်းထားတယ်။ သာမန်စီးပွားရေး လုပ်ထုံးလုပ်နည်းများမှ ကျော်လွန်နေတဲ့အခါမျိုးတွင် အမေရိကန် ရင်းနှီးမြှုပ်နှံမှုနဲ့ အကျိုးအမြတ်တို့ကို ကာကွယ်စောင့်ရှောက်ပေးရေးကိုလည်း တောင်းဆိုတတ်ကြတယ်။ အမေရိကန် စီးပွားရေးလုပ်ငန်းများ မျှော်လင့်ထားတဲ့ ဝင်ငွေရရှိရေး၊ မရရှိပါက လျော်ကြေးပေးရေး၊ နိုင်ငံသားများနဲ့ တန်းတူညီမျှ အခွင့်အရေးပေးရေးဆိုတဲ့ အခွင့်အရေးတွေကိုလည်း ထည့်သွင်းတောင်းဆိုတတ်ကြတယ်။ ဝေါဟာရများရဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှုဟာ ကျယ်ဝန်းလှတဲ့အတွက် ဘယ်အရာမဆို ထည့်သွင်းစဉ်းစားနိုင်သော အခြေအနေမျိုးနဲ့လည်း ရင်ဆိုင်ရတတ်တယ်။ ဥပမာအားဖြင့် ပတ်ဝန်းကျင်ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများ ပုဂ္ဂလိကလုပ်ပိုင်ခွင့်ပြုရေးဆိုင်ရာတွင် ပတ်ဝန်းကျင်တစ်ခုလုံးနဲ့ ဇီဝမျိုးကွဲကိစ္စများ ပါဝင်သွားနိုင်တယ်။ စတာတွေပါပဲ။

အခုလို အမေရိကန်တို့ရဲ့ ကိုယ်ကျိုးစီးပွားကာကွယ်ရေး လက်ဝါးကြီးအုပ် အမြတ်ထုတ်၊ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်များအပေါ် နိုင်ငံတကာက သတိထားကြဖို့ ဖြစ်ပါတယ်။

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အမှာစကား ပြောကြားရာတွင် အခုလို ထည့်သွင်းပြောကြားသွားခဲ့ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မည်သူအားပေးသည်ဖြစ်စေ၊ ဆန့်ကျင်ပိတ်ဆို့သည်ဖြစ်စေ တိုင်းရင်းသားပြည်သူ အများစုကြီး၏ လိုအင်ဆန္ဒနဲ့အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန် တစိုက်မတ်မတ် ကြိုးပမ်းမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး၏ ပကတိအခြေအနေမှန်များ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှု ဓလေ့စရိုက် အခြေခံများနှင့် ဆီလျော်ညီညွတ်သော နည်းလမ်းများဖြင့် ဖော်ဆောင်သွားမည်ဖြစ်သည့်အတွက် ယခုဆိုလျှင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဒီကနေ့လို ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံ ထူထောင်နေတဲ့ မြန်မာနိုင်ငံအပေါ် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေ ဘယ်လိုပင် ပိတ်ဆို့အရေးယူသော်လည်း လက်ရှိ သုံးပွင့်ဆိုင် တုပြိုင်ပေါ်ထွန်းနေတဲ့ ကမ္ဘာ့အရင်းရှင်စနစ်ကြီးက တွဲခေါ်သွားမယ်သာ ဖြစ်ပါတယ်။ **တစ်ချိန်ကလို ကမ္ဘာ့ဈေးကွက်ကြီးကို အင်္ဂလန်တစ်နိုင်ငံတည်းက ရှေ့ဆောင်လွှမ်းမိုးနေချိန် မဟုတ်သလို အမေရိကန် တစ်နိုင်ငံတည်းလည်း လွှမ်းမိုးရှေ့ဆောင်နေချိန် မဟုတ်တော့ဘဲ ကမ္ဘာ့တွင် အမေရိကန်ရှေ့ဆောင်တဲ့ အုပ်စုရယ်၊ ဥရောပသမဂ္ဂဝင်နိုင်ငံများအုပ်စုရယ်၊ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ အာဆီယံနိုင်ငံများအုပ်စုရယ်လို့ သုံးပွင့်ဆိုင် အရင်းရှင်အုပ်စုကြီးသုံးစု ပေါ်ထွန်းရပ်တည်လာနေပြီ ဖြစ်ပါတယ်။** ဒါကြောင့် မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်ချင်း ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံ+၃ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု၊ အိမ်နီးချင်းနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ဘင်းမ်စတက်နိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို စီးပွားရေး၊ ကုန်သွယ်ရေး၊ ဆက်သွယ်ရေး နည်းပညာနဲ့ ယဉ်ကျေးမှုစတဲ့ နယ်ပယ်အသီးသီးမှာ တိုးမြှင့် ဆောင်ရွက်လာပြီဖြစ်ပါတယ်။ အိမ်နီးချင်း တရုတ်၊ အိန္ဒိယနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်မှုများလည်း ပိုမိုကောင်းမွန်လာနေပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံဟာ ၄-၁-၂၀၀၂ ရက်နေ့ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ပြုလုပ်ခဲ့တဲ့ အာဆီယံနဲ့ တရုတ် ထိပ်သီးအစည်းအဝေးမှာ တရုတ်နိုင်ငံက မြန်မာနိုင်ငံထွက် ပို့ကုန်အချို့အပေါ် အကောက်ခွန် အထူးအခွင့်အရေးပေးဖို့ သဘောတူခဲ့ပါတယ်။

ဒီသဘောတူညီချက်အရ မြန်မာနိုင်ငံထွက် ပို့ကုန်အမယ် ၁၃၀ အပေါ် အကောက်ခွန် စည်းကြပ်မှုကို ၁-၁-၂၀၀၄ ရက်နေ့ကစပြီး သုညရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့ပြီး ဖြစ်ပါတယ်။ တရုတ်နိုင်ငံက အဲဒီလို တစ်ဖက်သတ်ပေးတဲ့ အခွန်ကင်းလွတ်ခွင့် ကုန်စည်အမယ် ၁၃၀ မှာ ၁၀၇ မျိုးဟာ လယ်ယာလုပ်ငန်းနဲ့ စပ်ဆိုင်တဲ့ ကုန်စည်တွေဖြစ်ပြီး အခြားသုံးမျိုးကတော့ အထည်အလိပ်လုပ်ငန်းနဲ့ဆိုင်တဲ့ ကုန်စည်တွေဖြစ်တယ်။ ဒါကြောင့် ဒီအခွင့်အလမ်းတွေကို အသုံးပြုပြီး မြန်မာလုပ်ငန်းရှင်တွေ တရုတ်နိုင်ငံသို့ ပို့ကုန်တွေ တိုးမြှင့်နိုင်ပြီ ဖြစ်ပါတယ်။ အလားတူပင် အခြားသောကုန်သွယ်ဘက်နိုင်ငံများရဲ့ ဈေးကွက်များနဲ့လည်း တစ်ဆက်တစ်စပ်တည်း ဖြစ်လာတဲ့အတွက် ဝယ်လိုအားနဲ့ ရောင်းလိုအားတွေ၊ လမ်းပန်းဆက်သွယ်ရေးတွေ၊ အခြားသော အကျိုးတူပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေလည်း ဖွံ့ဖြိုးစည်ပင်လာပြီ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့စီးပွားရေး အခြေအနေဟာ အခုလို အလားအလာကောင်းများ ဖြစ်ထွန်းနေကြောင်း အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများတွင်လည်း အမေရိကန်ရဲ့ တစ်ဖက်သတ် ဗိုလ်ကျအနိုင်ကျင့်မှုတွေကို တွေ့နေရပါတယ်။ ဝါရှင်တန် အခြေစိုက် စီးပွားရေးနဲ့ မူဝါဒ သုတေသနဆိုင်ရာ ဗဟိုဌာန (CEPR)ရဲ့ သုံးသပ်ချက်အရ ယခင် ၁၀ နှစ်၊ ၁၂ နှစ်ခန့်က အတွေ့အကြုံအတိုင်း အမေရိကန်နိုင်ငံရဲ့ သွင်းကုန်များ ဆက်လက်တိုးတက်နေဦးမယ်လို့ ယူဆပြီး အမေရိကန်တို့နဲ့ ကုန်သွယ်ရေးစာချုပ်များ ချုပ်ဆိုကြလျှင် တစ်နေ့တွင် စိတ်ပျက်လက်ပျက်ဖြစ်စရာ အခြေအနေမျိုးနဲ့ ကြုံကြိုက်မယ်လို့ ဆိုပါတယ်။

မိုးကုတ်ဝိပဿနာ ခုနစ်ရက်စခန်း

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့ မိုးကုတ်ရိပ်သာကြီးတွင် ရိပ်သာ၏ ဦးစီးပဓာန နာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒာဝရာဘိဝံသမထေရ် ကြီးမှူး၍ စက်တင်ဘာ ၁၉ ရက်မှ စက်တင်ဘာ ၂၄ ရက်ထိ ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဩဘာသ (B.A သာသနဓဇ ဓမ္မာစရိယ) အင်းစိန်က အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ နှင့်အညီ သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ် တရားများကို ဟောကြားပြသမည် ဖြစ်သည်။ **(က-ပ)**



အာဟာရတိုက်ကျွေး

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကျုံကန်ကျေးရွာ အထကခွဲတွင် စက်တင်ဘာ ၅ ရက်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် ကျောင်းအုပ်ဆရာကြီး ဦးလှမြင့်နှင့် ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား ကြက်သားဆန်ပြုတ် အာဟာရ တိုက်ကျွေးစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၉-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** - သရများ (အရှေ့တိုင်း၊ မြန်မာစာ၊ ဒဿနိက၊ ရသ-ပထမနှစ်)
၅:၄၅	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၄။ မြန်မာ့ရှုခင်း
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း-၃၅)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာသိုက်နဲ့ရန်နိုင်ဓား" (အပိုင်း-၇)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

အသက်ရှည်စွာ အနာမဲ့ရေး (၄)

ဒေါက်တာ လွင်ကို

"ဦးလေးချော၊ ဦးလေးစံမောင်နဲ့ ဦးလေးချစ်တို့ ခုလို ကျွန်တော့်အိမ်က ဘုရားအနေကဇာတင်ပွဲကို ကြွရောက်ချီးမြှင့်အားပေးတာ ကျေးဇူးတင်ပါတယ်"

"ကျွန်တော်တို့က ကျေးဇူးတင်ရမှာပါ ဆရာရယ်။ 'အနေက ဇာတိသံသာရံ' အစချီပြီး မြတ်ဗုဒ္ဓဘုရားဖြစ်လျှင်ဖြစ်ခြင်း ကျူးရင့်တဲ့ ဥဒါန်းစကားကို သံဃာတော်အရှင်သူမြတ်တို့ ရွတ်ဖတ်သွားခိုက်မှာ အနက်အဓိပ္ပာယ် ဆင်ခြင်လိုက်မိလို့ တစ်ခဏလေးမျှ မိမိကိုယ်ကို တဏှာကင်းစင်သွားသလို ခံစားလိုက်မိလို့ ကျေးဇူးတင်မဆုံးပါဘူး"

"ဘယ်လိုဆင်ခြင်မိတာလဲ ဦးလေးချောရဲ့"

"ကျွန်တော်တို့က နေ့စဉ်နဲ့အမျှ ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေ၊ လောကီကိစ္စ အဝဝ ပြည့်စုံအောင်မြင် တိုးတက်ဖို့ ဆုတောင်းကြတယ်လေ၊ မိမိအတွက်တွင် မကပါဘူး၊ သားသမီး၊ မြေး၊ မြစ်များအတွက်ပါပေါ့ ဆရာရယ်။ ဒီဆုတောင်းတွေက တကယ်တော့ တဏှာတွေပါပဲ။ မြတ်ဗုဒ္ဓကတော့ 'ငါ၏ ဘဝခန္ဓာအမျိုးမျိုးကို တည်ဆောက်လာခဲ့သော ဟယ် – တဏှာ လက်သမား၊ ငါသည်သင့်ကို အမှန်တကယ် မသိခဲ့သောကြောင့် သင့်ကို ရှာဖွေရင်း ဘဝများစွာ သံသရာရှည်ခဲ့ပြီ၊ ယခုမူ ငါသည် သင့်ကိုတွေ့ပြီ၊ ဤအချိန်ကစပြီး သင်သည် ငါ့အတွက် ဘဝခန္ဓာသစ် ထပ်ဖြစ်အောင်လုပ်ခွင့်ရတော့မည်မဟုတ်။ ငါသည် သင့်ခန္ဓာအိမ်၏ အခြင်ရနယ်တွေကိုလည်း ဖျက်ချလိုက်ပြီ၊ အမိုးအစွန်းအထွတ်တို့ကိုလည်း လှဲလိုက်ပြီ၊ ယခုမူ ငါ၏စိတ်သည် သင်၏နယ်ပယ်မှ လုံးဝလွတ်ကင်းသော နိဗ္ဗာန်ကိုမြင်နေပြီ၊ ငါ၏ စိတ်သည် သင်၏ တဏှာနယ်မှ လွတ်ပြီ၊ ကျွတ်ပြီ' ဆိုတဲ့ အဓိပ္ပာယ်နဲ့ ဥဒါန်းကျူးရင့်တာကို ဆင်ခြင်မိလို့ပါ"

"တန်ဖိုးရှိလိုက်တာ ဦးလေးချောရာ၊ တရားသဘော ဆင်ခြင်မိတဲ့အချိန်တိုင်း၊ တရားမှတ်ရှုပြီး ဘာဝနာပွားနေတဲ့ အချိန်တိုင်းမှာ ခန္ဓာကိုယ်က FRO_2မီးပွားမထွက်ဘူးလို့ မှတ်ယူနိုင်မှာပါ။ ဒါကြောင့်တရားထိုင်ရင် ကင်ဆာရောဂါ အပါအဝင် ဆရာဝန်များ လက်လျှော့လိုက်တဲ့ရောဂါတွေ သက်သာရရတဲ့သာဓက အများကြီးပါ"

"မှန်လိုက်တာဆရာ၊ ဒါထက် ဟိုတစ်နေ့က အကြောင်း ပြန်အစကောက်ဆွေးနွေးပေးပါဦး။ ကိုဖြိုးတို့လို လူငယ်တွေအတွက်လည်း ပါတယ်ဆိုတော့၊ ကျွန်တော့်မြေး မောင်တင်စိုးကိုလည်း ခေါ်လာခဲ့ပါတယ်။ ဒီပွဲမှာ ပတ်စာခွာဖျာသိမ်းခိုင်းချင်တာ ခိုင်းနိုင်ပါတယ်။ ဓာတုဗေဒ တတိယနှစ်ကျောင်းသားပါ"

"အားလုံးကိုကြိုဆိုပါတယ် ဦးလေးစံမောင်၊ မျိုးဆက်သစ်တွေပါတယ်ဆိုတော့ ပိုပြီးပြည့်စုံတာပေါ့"

ပင့်သံဃာတော်များ ပြန်အကြွတွင် ရင်းနှီးသော မိတ်ဆွေများကို ဧည့်ခံစဉ်ဖြစ်ပါသည်။

"ဆရာခင်ဗျား ကျွန်တော့် ဆီးကျိတ်အခြေအနေ တော်တော် ကောင်းသွားပြီထင်ပါတယ်။ အခုဆို ညဘက်မှာ နှစ်ခါလောက်ပဲထရပါတော့တယ်။ ရွှေဖရုံသီး နှပ်နဲ့၊ ဖရုံစေ့လှော်ကို နှစ်ပတ်လောက် နေ့စဉ်ဆက်စားတဲ့ အာနိသင်ပဲထင်ပါတယ်။ ဒီလိုအာနိသင်ရှိတဲ့ တခြားအစားအသောက်တွေရှိရင် ထပ်ပြီးညွှန်ပေးပါဦး"

"ဟုတ်ကဲ့ခင်ဗျာ၊အရင်အပတ်က ဦးလေးတို့နဲ့ ခန္ဓာကိုယ်ထဲက ဖြစ်စဉ် (Oxidation process) အကြောင်း ဆွေးနွေးခဲ့ပါပြီ။ ဒီဖြစ်စဉ်က ပိုထွက်လာတဲ့ မီးပွားလို့ တင်စားထားတဲ့ (Free RadicalO_2) တွေက အခြားဆဲလ်တွေကို လောင်ကျွမ်းတတ်ရာမှာ လောဘ၊ ဒေါသ၊ သောက၊ မာနတွေနဲ့ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ဆေးလိပ်၊ အရက်တွေက လောင်စာအဖြစ်နဲ့ ဝင်လာရင် မီးပွားလေးတွေ ပိုထွက်လာပြီး လောင်ကျွမ်းမှု ပိုများကာ အိုမင်းရင့်ရော် လွယ်တာတို့၊ ရောဂါမျိုးစုံဝင်နိုင်တာတို့ကို ဆွေးနွေးခဲ့ပါတယ်။ အဲဒီမီးပွားလေးတွေကို ငြိမ်းသတ်နိုင်တာ၊ ပျက်စီးသွားတဲ့ ဆဲလ်ကိုသင့်တင့်စွာ ပြန်ကောင်းလာစေနိုင်တဲ့ဓာတ်ကို (Antioxidant) ဓာတ်ပြုကာကွယ်ပစ္စည်းလို ခေါ်ရမှာပေါ့။ အဲဒါတွေက ကျွန်တော်တို့ နေ့စဉ်စားသုံးနေတဲ့ ဟင်းရွက်သီးနှံတွေမှာ ပါဝင်နေပါတယ်။ ပါဝင်မှုပမာဏ ကွာခြားမှု၊ လုပ်ဆောင်ချက် ကွာခြားမှုတို့ ရှိကြတော့ ဟင်းသီးဟင်းရွက်မျိုးစုံအောင် စားပေးသင့်ပါတယ်"

"အဲဒါများများပါတဲ့ အသီးအရွက်တွေကို သိချင်နေတာဆရာရဲ့၊ ဒါမှ ကျွန်တော်တို့ ရွေးချယ်စားသုံးမှု မှန်ကန်မှာပေါ့ခင်ဗျ"

"ဟုတ်ကဲ့–အရေးကြီးတဲ့ (The Top 10 Anti-oxidant Foods) ၁၀ မျိုးလောက် ကျွန်တော် ဆွေးနွေးကြည့်ပါ့မယ်။ နံပါတ်(၁)ကတော့ ဘယ်ရီသီးများပေါ့ (Berries)၊ အသားများပြီး အရည်ရွှမ်းတဲ့ အသီးငယ်မျိုးနဲ့ အစေ့တွေထဲမှာ Antioxidant အများကြီးပါကြပါတယ်။ စတော်ဘယ်ရီသီး (Strawbarries)ကတော့ မြန်မာပြည်မှာ အများဆုံးရနိုင်တဲ့အသီးပါ။ ဘလူးဘယ်ရီ (Blueberries)နဲ့ ဘလက်ဘယ်ရီ (Blackberries) တို့ကတော့ ဟိုတုန်းက မြန်မာပြည်မှာရှိပေမယ့် အခုတော့ ရှားကုန်ကြပါပြီ။ စတော်ဘယ်ရီသီးထက် နည်းနည်းငယ်ပြီး သူ့နာမည်အတိုင်း အပြာရောင်နဲ့ အနက်ရောင် ခပ်သန်းသန်းပေါ့။ သူတို့ထဲမှာပါတဲ့ Proanthocyanidins ဆိုတဲ့ Antioxidant ဓာတ်က ကင်ဆာရောဂါနဲ့ နှလုံးရောဂါမဖြစ်အောင် ကာကွယ်ပေးပါတယ်။ နောက်ပြီး Eilagic acid ကတော့ ခန္ဓာကိုယ်ထဲဝင်လာတဲ့ (Carcinogen) ကင်ဆာဖြစ်စေနိုင်တဲ့ ဓာတ်ပေါင်းတွေကို ပျက်စီးစေပါတယ်။ အသက်ကြီးလို့ ခြေတုန်၊ လက်တုန်၊ ခြေကြော၊ လက်ကြောတင်းတာတွေကြောင့် အထအကြွမခက်ရအောင် ကာကွယ်ပေးပါတယ်"

"ဆရာပြောတဲ့ ဓာတ်အမည်တွေတော့ မလိုက်နိုင်ပါဘူး။ ဘာရောဂါအတွက် ကောင်းတယ်ဆိုတာတော့ မှတ်မိပါတယ်ဆရာ"

"ဟုတ်ကဲ့ခင်ဗျ၊ ကိုဖြိုးတို့၊ ကိုတင်စိုးတို့လို တက္ကသိုလ်ကျောင်းသားကြီးတွေပါလို့ ပြောရတာပါ။ ကြားဖူးနားဝပေါ့"

"နံပါတ်(၂)ကတော့ (Broccoli)အီတလီမုန်လာထုပ်ဆိုပါတော့။ ကျွန်တော်တို့ မုန်လာပွင့်ထက် ငါးဆလောက်ငယ်ပြီး အပွင့်ကစိမ်းတယ်။ ကျွန်တော်တို့ဆီမှာရှိတဲ့ (Cauliflower) ပန်းမုန်လာနဲ့ (Cabbage) ဂေါ်ဖီထုပ်တွေထဲမှာလည်း အတူတူ Antioxidant တွေ ပါပါတယ်။ အဲဒီအထဲမှာပါတဲ့ Indole-3-carbinolဓာတ်ဟာ ခန္ဓာကိုယ်ထဲက အစ်စထိုဂျင် ဟိုမုန်းကိုပျက်စီးစေပါတယ်။ ဒါကြောင့်ရင်သားကင်ဆာ၊ မျိုးဥအိမ်နဲ့ သားအိမ်ခေါင်းကင်ဆာမဖြစ်အောင် ကာကွယ်ပြီး beta-caroteine ဓာတ်ကတော့ ကင်ဆာအမျိုးမျိုးနဲ့ နှလုံးရောဂါမဖြစ်အောင် ကာကွယ်နိုင်တယ်ခင်ဗျ"

"ဒါကိုတော့ အိမ်ပြန်ဖောက်သည်ချဖို့ သေချာမှတ်ထားရမယ် ဦးစံမောင်ရေ"

"နံပါတ်(၃)ကတော့ စပျစ်သီး နီညိုပါပဲ (Red grapes)၊ သူ့အထဲမှာ Resveratrol နဲ့ quercetin ဓာတ်တွေပါတော့ နှလုံးအတွက် အကျိုးပြုပါတယ်။ ဒီဓာတ်တွေက Plateletsဆိုတဲ့ သွေးဥငယ်ကလေးတွေစုပုံပြီး သွေးကြော မပိတ်အောင်နဲ့ သွေးကြောတွေ မာခေါက်တောင့်တင်းခြင်းမဖြစ်အောင်လည်း ကာကွယ်ပါတယ်။ Reveratrolဓာတ်က ကင်ဆာရောဂါမဖြစ်အောင် ကာကွယ်တဲ့အပြင် အစာအိမ်နာ (Gastric ulcer)နဲ့ ဦးနှောက်သွေးကြောပိတ်၊ ပြတ်ခြင်းများ၊ အရိုးပွခြင်း (Osteoporosis) မဖြစ်အောင်လည်း ကာကွယ်ပါတယ်"

"ဒါဆို စပျစ်ဝိုင်က လူနဲ့တည့်တာပေါ့ဆရာ"

"မှန်ပါ့ခင်ဗျာ၊ အစားစားခါနီး လက်ဖက်ရည် အကြမ်းပန်းကန်တစ်လုံးစာလောက်ဆို သင့်တင့်ပါတယ်။ နံပါတ်(၄) ကတော့ ဦးလေးတို့သိပြီးသား (Garlic) ကြက်သွန်ဖြူရဲ့ အစွမ်းပါ၊ သူက ရှေးအကျဆုံးသော ဆေးကောင်းတစ်လက်မို့ ကင်ဆာ၊ နှလုံးရောဂါနှင့် အိုမင်းရင့်ရော်ခြင်း မဖြစ်အောင် ကာကွယ်တယ်ဆိုတာ သိကြပါတယ်။ လက်ရှိလေ့လာထားတာကတော့ ကြက်သွန်ဖြူမှာပါတဲ့ဆာလ်ဖာဓာတ်ပေါင်းက သူ့ရဲ့အနံ့ကိုဖြစ်စေတဲ့အပြင် သွေးတိုးကျခြင်း၊ cholesterolဆိုတဲ့ သွေးထဲက အဆီဓာတ်ကို ကျစေခြင်း၊ သွေးခဲမှုမဖြစ်အောင် ကာကွယ်ခြင်းတို့ကြောင့် နှလုံးသွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၊ ပြတ်ခြင်း (Stroke) မဖြစ်အောင် ကာကွယ်ပေးပါတယ်။ ပုံမှန်သာ နေ့စဉ်စားပါ။ ကင်ဆာရောဂါ၊ မှို (Fungus)တက်ရောဂါ၊ (Yeast) ရိစ်ပိုးဝင်တဲ့ရောဂါနဲ့ ပန်းနာရောဂါတွေ မဖြစ်ပွားအောင်ကိုပါ ကာကွယ်တယ်လို့ လေ့လာတွေ့ရှိထားပါတယ်"

"နံပါတ် (၅)ကတော့ (Spinach) ဟင်းနုနယ်ရွက်ပါ။ သူ့မှာ (Lutein) ဆိုတဲ့ Antioxidant ဓာတ်ပါတော့ အတွင်းတိမ် (Catract) နဲ့ မြင်လွှာပျက်စီးခြင်း (Macular degeneration) မဖြစ်အောင် အထူးကာကွယ်ပေးတဲ့ အပြင် နှလုံးရောဂါကိုပါ ကာကွယ်ပေးနိုင်ပါတယ်"

"နံပါတ် (၆)ကလည်း ကျွန်တော်တို့ရဲ့ ဇာတ်လိုက်ကျော် (Greentea) လက်ဖက်ရည်ကြမ်းပါပဲ။ သူ့မှာပါတဲ့ Catechins ဓာတ်က ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ ဦးနှောက်သွေးကြော ယို၊ ပိတ်ရောဂါနဲ့ အိုမင်းရင့်ရော်ခြင်းတွေ မဖြစ်ပွားအောင် ကာကွယ်ပေးတယ်လို့ လေ့လာထားပြီးဖြစ်ပါတယ်"

"ဦးစံမောင်ရေ၊ ကျွန်တော်တို့မသိဘဲနဲ့ စားသောက်နေတာတွေ တော်တော်မှန်နေသလိုပဲဗျ"

"ဟုတ်တယ် –ဦးဘချောရေ၊ ဘိုးစဉ်ဘောင်ဆက်ကတည်းက ကောင်းလို့၊ မှန်လို့၊ ကျန်းမာရေးနဲ့ ညီညွတ်လို့ စားသုံးတတ်လာအောင် ကြိဆောင် လေ့ကျင့်ပေးခဲ့ကြတဲ့ ဘိုးဘွား မိဘတွေကို ကျေးဇူးတင်ထိုက်တယ်ဗျ။ ဒါကြောင့် ကျွန်တော်တို့ရဲ့ မိဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင် ကျေးဇူးရှင်အပေါင်းတို့အား ဤစကားဝိုင်းမှ ဦးခိုက်ကန်တော့လိုက်ပါတယ်"

"မင်္ဂလာရှိလိုက်တာ ဦးလေးတို့ရာ၊ နံပါတ်(၇) အမျိုးအစားကလည်း ကျွန်တော်တို့စားနေကျပါ။ Carrots လို့ခေါ်တဲ့ မုန်လာဥနီပေါ့။ သူ့မှာပါတဲ့ beta-carotene ဓာတ်မျိုးက ကန်စွန်းဥနဲ့ အခြားသော အဝါရောင်ရှိတဲ့ ရွှေဖရုံသီး၊ လိမ္မော်သီး၊ ကမ္ဘလာသီးတွေမှာလည်းပါတယ်။ အထူးသဖြင့် အဆုတ်ကင်ဆာ၊ ဆီးကျိတ်နဲ့ ဆီးအိမ်ကင်ဆာ၊ ရင်သား၊ အစာအိမ်၊ အစာပိုပွန်ကင်ဆာတွေ မဖြစ်ရအောင် ကာကွယ်ပေးတဲ့အပြင် အဆစ်ရောင်ခြင်းနဲ့ နှလုံးရောဂါမဖြစ်အောင်လည်းကာကွယ်ပေးပါတယ်။ မုန်လာဥနီနဲ့ ခါချက်ဥကို ချက်စားရင် Antioxidant အာနိသင်ပိုရှိတာကိုလည်း တွေ့ရတယ်တဲ့ခင်ဗျ"

"ဆရာကြီးခင်ဗျာ၊ Antioxidant ဆိုတဲ့ဓာတ်တွေက ပုံစံအမျိုးမျိုးနဲ့ ဓာတ်ပေါင်းတွေပေါ့နော်။ ဒါကြောင့် သူတို့ရဲ့ FRO_2 မီးပွားများကို ငြိမ်းသတ်ပုံနဲ့၊ တချို့ဆဲလ်တွေ (Regeneration) ပြန်ကောင်းအောင် လုပ်ဆောင်ပုံချင်းလည်း ကွဲပြားမှာပေါ့"

"မှန်တာပေါ့ကိုတင်စိုးရာ၊ ကိုရင်တို့တစ်တွေ biochemistတွေ၊ biotechnologist တွေဖြစ်အောင် ကြိုးစားကြစမ်းပါ။ ဘွဲ့ရပြီး ကိုယ်သင်ထားတဲ့ပညာနဲ့ မဆိုင်တဲ့ အလုပ်ဝင်လုပ်တာမျိုး၊ အရောင်းအဝယ်လိုလို ဘာလိုလို ပေါ်ပင်အလုပ်မျိုး ဝင်လုပ်တာထက်ပညာပေါ်မှာ ရည်မှန်းချက်မြင့်မြင့်မားမားထားစေချင်တယ်။ မြတ်ဗုဒ္ဓက အာဠာဝက ဘီလူးကိုချွတ်ခန်းမှာ၊ ဘီလူးကြီးက သူ့ရဲ့နောက်ဆုံးလက်နက်ဖြစ်တဲ့ ဘွဲ့ဖြူလက်နက်နဲ့ ပစ်လို့ မနိုင်တဲ့အဆုံးကျတော့မှ မေးခွန်းငါးခုကို မြတ်ဗုဒ္ဓအား မေးလျှောက်တော်မူတယ်။ ဒီအကြောင်းအချက်တွေကိုလည်း ဘီလူးကြီးရဲ့ မိဘနှစ်ပါးက လောကီ–လောကုတ္တရာ နှစ်ဖြာသော အကျိုးအတွက် ကောင်းမွန်စွာ သင်ကြားပေးခဲ့တာ။ အာဠာဝကဘီလူးကြီးဟာ သက်တမ်းရှည်လွန်းတော့ သူ့ခင်ဗျာ အင်အားကြီးပေမယ့် မိဘသွန်သင်ခဲ့တာ မေ့နေလို့ ဘုရားထံပါးမေးလျှောက်ရတာ။ အဲဒီအထဲမှာ "အဘယ်နည်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခြင်းသည် အမြတ်ဆုံးဖြစ်ပါသနည်းငါ့ရှင်"လို့ မေးခွန်းတစ်ခုပါတယ်။ မြတ်ဗုဒ္ဓက "ပညာနှင့်အသက်မွေးဝမ်းကျောင်း ပြုခြင်းသည် အမြတ်ဆုံးဖြစ်ပေတယ်လို့ မိန့်တော်မူပါတယ်" ဒီမေးခွန်းငါးခုမေးဖြေပြီးမှ အာဠာဝကဘီလူးကြီးက မြတ်စွာဘုရားရှေ့မှာ ဒူးထောက်တာ။ ကိုရင်တို့လည်း ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုပြီး ကိုယ့်မိသားစု၊ ကိုယ့်နိုင်ငံကို အကျိုးပြုစေချင်တယ်ကွာ"

"ဟုတ်ကဲ့ပါဆရာကြီး၊ ကြိုးစားပါ့မယ်"

"နောက် နံပါတ်(၈)ကတော့ Soya beam ဆိုတဲ့ ပဲပုတ်၊ ပဲကျပ်ပျဉ်နဲ့၊ ပဲနောက်စေ့မျိုးတွေပါပဲ။ သူတို့ဆီမှာပါတဲ့ Genisteins နဲ့ Isoflavonesဆိုတဲ့ Antioxidants တွေက သွေးအတွင်းမှာရှိတဲ့ HDL ကိုတက်စေပြီး LDL ကို ကျစေပါတယ်။ အဲဒါအပြင် ကင်ဆာမျိုးစုံ၊ အထူးသဖြင့် ဆီးကျိတ်ကင်ဆာမဖြစ်အောင် ကာကွယ်တဲ့အပြင် အရိုးမပွအောင်လည်း ကာကွယ်ပါတယ်။ အမျိုးသမီးတွေ သွေးဆုံးကိုင်တာကိုလည်း သက်သာစေပါတယ်"

"HDLနဲ့ LDL က ဘယ်လိုပါလဲဆရာ။ ထပ်ရှင်းပြပါဦး"

"HDL ဆိုတာက High-density Lipoprotein တဲ့။ ခန္ဓာကိုယ်ထဲမှာ များလေကောင်းလေပဲ။ LDL ကတော့ Low-density Lipoprotein တဲ့။ ကိုယ်ခန္ဓာသွေးထဲမှာ နည်းလေ ကောင်းလေပဲ။ တတ်နိုင်ပြီး ကျန်းမာရေးဂရုစိုက်တဲ့လူတိုင်း ကိုယ်အလေးချိန်တက်လာပြီး ဝလာပြီဆိုရင် ဓာတ်ခွဲခန်းတွေမှာ စစ်လေ့ရှိကြတယ်။ LDL ကို လျှော့ချပေးတဲ့ ဆေးတွေလည်း ဈေးကွက်မှာ ခေတ်စားနေတာကြာပြီ။ ပဲနို့ရည်မျိုး၊ နို့ကျဲကျဲနဲ့ ကိုယ့်ဘာသာ စီမံသောက်ရင်လည်း မလိုအပ်တဲ့အဆီဓာတ်တွေ ကျနိုင်ပါတယ်"

"နံပါတ်(၉)ခုမြောက်ကတော့ (Whole grain) လို့ခေါ်တဲ့ အနှံကထွက်တဲ့ အစေ့အဆန်တွေပေါ့။ ဂျုံ၊ ဆန်၊ ပြောင်းအပါအဝင် ကောက်ပဲသီးနှံအမျိုးမျိုးပေါ့။ ဒီအစားအသောက်တွေက ဝမ်းကိုမှန်စေပါတယ်။ Vitamin-E ပါတော့ ကင်ဆာအမျိုးမျိုးမဖြစ်အောင် ကာကွယ်နိုင်ပါတယ်။ အထူးသဖြင့် ဆီးကျိတ်ကင်ဆာပေါ့။ သူက ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ် (Immune System) ကိုလည်း တိုးတက်စေပါတယ်။ အဆစ်မရောင်အောင် ကာကွယ်ပြီး Alzheimer's disease ဆိုတဲ့ အိုမင်းရင့်ရော်ခြင်းရောဂါ တစ်မျိုးကို တားဆီးတဲ့အပြင် Phytic acid ပါတဲ့အတွက်ကြောင့် ရင်သား၊ အသည်းနှင့် အူမကြီးကင်ဆာ မဖြစ်အောင် ကာကွယ်ပေးပါတယ်"

"အခုပြောမယ့်နံပါတ်(၁၀)ကတော့ အားလုံး စားသုံးနေတဲ့(Tomato) ခရမ်းချဉ်သီးပါပဲ။ အစိမ်းထက် အမှည့်က ပိုပြီးအာနိသင်ကောင်းပါတယ်။ ချက်စားလို့လည်း ဓာတ်မပြယ်ဘူးဆိုတော့ ကျွန်တော်တို့မြန်မာအကြိုက်ပေါ့။ သူ့မှာပါတဲ့ Lycopene ဆိုတဲ့ဓာတ်က beta-caroteineဆိုတဲ့ ဓာတ်ထက် Antioxidant စွမ်းအားနှစ်ဆကောင်းပြီး သုတေသနစာတမ်းများအရ ဆီးကျိတ်ကင်ဆာ၊ အဆုတ်၊ အူမကြီးနဲ့ ရင်သားကင်ဆာ မဖြစ်အောင် အကာအကွယ်ပေးကြောင်း သိရပါတယ်။ နောက်ဓာတ်တစ်မျိုးက Glutathione ပါပဲ။ သူကတော့ ကိုယ်ခံစွမ်းအားကို မြှင့်တင်စေပါတယ်။ ဒါ့အပြင် အတွင်းတိမ်နဲ့မြင်လွှာပျက်စီးခြင်းမဖြစ်အောင်လည်း ကာကွယ် ပေးနိုင်ပါတယ်။ အသက်ကြီးလို့ မေ့တတ်တာမျိုး၊ စိတ်အားငယ်တတ်တာမျိုးကို သက်သာစေတဲ့အတွက် မြန်မာ့ဟင်းလျာထဲမှာ ဆေးဖက်ဝင် အကောင်းဆုံးသီးနှံလို့ဆိုနိုင်ပါတယ်။ အခုဆွမ်းကပ်တဲ့အထဲမှာလည်း ခရမ်းချဉ်သီး မီးဖုတ်ကို ကြက်သွန်ဖြူနဲ့ရောထောင်းပြီး ဆရာတော်ကြီးတွေကပ်လိုက်ပါတယ်"

"ဆရာတို့ကတော့ တကယ့်ကို အကွက်ကျကျ စီမံတာပါပဲ၊ အခုဆွမ်းကပ်တဲ့ပွဲမှာကြည့်ရင် ပဲနောက်စေ့ဟင်းချို၊ ဟင်းရံတွေက ခရမ်းချဉ်သီးမီးဖုတ်၊ ကြက်သွန်ဖြူနဲ့ထောင်း၊ ဟင်းနုနယ်ရွက်ကြော်နဲ့ ပြောင်းဖူးကြော်၊ အတို့က ဂေါ်ဖီထုပ်နဲ့မုန်လာပွင့်၊ အသားဟင်းက ကြက်သွန်နီ၊ မုန်လာဥနီနဲ့ ကြက်သားဖတ် နုပ်နုပ်စဉ်း ကြော်ထားလို့၊ ကြက်သားဖပ်တောင် တော်တော် ရှာယူရပါတယ်။ အချိုပွဲကျတော့ပဲပေါက်စီ၊ စပျစ်သီး နီညို၊ လိမ္မော်သီး၊ လက်ဖက်နဲ့ အကြော်စုံ၊ ရေနွေးကြမ်းဆိုတော့ အားလုံး ဆေးဖက်ဝင် အမ်တီအောက်စီဒန့်တွေချည်းပါပဲ"

"ဟုတ်ကဲ့–ကြက်သားကို နုပ်နုပ်စဉ်းထားရတာက ဝိနည်းတော်နဲ့ညီအောင်လို့ပါ။ တချို့ ဆရာတော်ကြီးတွေက ဟင်းတုံးကြီးရင် တစ်တုံးလုံး ကိုက်စားခြင်းငှာမသင့်၊ ဖဲ့လည်း မစားထိုက်နဲ့မို့ ရှောင်သွားမှာ စိုးလို့ပါဦးလေးတို့ရာ။ နှမြောတွန့်တိုလို့ မဟုတ်ပါဘူး"

"အခုအသီးအရွက်တွေ အားလုံးကလည်း ကျွန်တော် ဘာမှ မဝယ်လိုက်ရပါဘူး။ ကျွန်တော့်ဝေဒနာရှင် မိတ်ဆွေတွေရဲ့ စေတနာရောင်ပြန်တွေပါ။ အားလုံးလည်း ကုသိုလ်ဖြစ်တာပေါ့"

"ဟုတ်ပါ့ခင်ဗျာ၊ အစီအမံကတော့ အံ့လောက်ပါတယ်။ ဆရာတို့က ပညာတတ်ဆိုတော့ အစစအဆင်ပြေတာပေါ့နော်၊ ငါ့မြေးတို့အတုယူထားကြကွယ့်"

"အစစ အဆင်ပြေခြင်းအတွက် ပညာဆိုတာ ၅၀ ရာခိုင်နှုန်းလောက်တော့ ပါပါလိမ့်မယ်။ ဆရာတော် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)ရေးတဲ့"အနှိုင်းမဲ့အဖော်" ဆိုတဲ့ ကျမ်းငယ်မှာသဒ္ဓါတရားရှိရင် ဘယ်နေရာ သွားသွား အစစအရာရာ အဆင်ပြေတယ်လို့ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမလိုရင်းကို မှတ်သားနိုင်ပါတယ်တဲ့"

"လူတိုင်းလူတိုင်းမှာ အဆင်မပြေမှု တစ်ခုခုတော့ ရှိတတ်ကြပါတယ်။ တချို့က စားဝတ်နေရေးနဲ့ ပတ်သက်လို့အဆင်မပြေကြသလို၊တချို့က ကျန်းမာရေးနဲ့ ပတ်သက်လို့အဆင်မပြေကြဘူး၊ တချို့က စိတ်ဓာတ်ရေး နဲ့ပတ်သက်လို့ အဆင်မပြေကြသလို တချို့က အသိဉာဏ်ပညာနဲ့ ပတ်သက်လို့ အဆင်မပြေကြဘူး၊ စားဝတ်နေရေးနဲ့ ပတ်သက်လို့ အစစအရာရာ အဆင်ပြေချင်ရင် ဒါနမှုမှာ သဒ္ဓါအားကောင်းရပါမယ်။ ကျန်းမာရေးနဲ့ ပတ်သက်လို့ အစစအရာရာ အဆင်ပြေချင်ရင် သီလမှုမှာ သဒ္ဓါအားကောင်းရပါမယ်။ စိတ်ဓာတ်ရေးရာမှာ အစစ အဆင်ပြေချင်ရင် သမထကောင်းမှုမှာ သဒ္ဓါအားကောင်း ရပါမယ်။ အသိဉာဏ်အရာမှာ အစစအရာရာ အဆင်ပြေချင်ရင် ဝိပဿနာကောင်းမှုမှာ သဒ္ဓါအားကောင်းရပါမယ်"

"ဒါန၊ သီလ၊ သမထ၊ ဘာဝနာကုသိုလ်ကောင်းမှုလေးမျိုးစလုံးမှာ သဒ္ဓါအားကောင်းရင် ပစ္စုပ္ပန်သံသရာ ခရီးတစ်လျှောက်လုံး အဘက်ဘက်က လိုလေသေးမရှိ အစစအရာရာ အဆင်ပြေနိုင်ပါတယ်လို့ မိန့်ကြားထားတာကို လိုက်နာရင် အခုကျွန်တော်ဆွေးနွေးခဲ့တဲ့ Antioxidant တွေကိုသိတာ၊ သိလို့စနစ်တကျ စားသုံးတာတို့ထက် အဆရာထောင်မကသာပါလိမ့်မယ် ဦးလေးတို့ ခင်ဗျ"

"ဆရာပြောတာမှန်လှပါပေတယ်။ အခုဆို ကျွန်တော်တို့ကတော့ အမ်တီအောက်စီဒန့်အကြောင်းလည်း အတော်အတန်သိ၊ ဒါနဲ့ပတ်သက်တဲ့ ဟင်းသီးဟင်းရွက်၊ ကောက်ပဲသီးနှံတွေအကြောင်းလည်း တီးမိခေါက်မိရှိလာလို့ လိုက်နာစားသုံးရင်း FRO_2 မီးပွားလေးတွေ သိပ်မထွက်အောင်၊ လောဘ၊ ဒေါသ၊ သောက၊ မာနနဲ့အတ္တတွေကို တွန်းလှန်နိုင်ဖို့ ပထမအဆင့် ကြိုးစားမယ်။ ဒုတိယအဆင့်အနေနဲ့ မီးပွားလေးတွေ လုံးဝမထွက်အောင် ဘာဝနာကမ္မဋ္ဌာန်း တရားမှတ်ရှုစီးဖြန်းပြီး ဆရာနဲ့တကွ ဤအသက်ရှည်စွာ၊ အနာမဲ့ရေး ဗဟုသုတများ ထွန်းကားပေါ်ပေါက်အောင် သုတေသနပြုပေးသူများနဲ့ ဖြန့်ဝေနိုင်အောင် ဆောင်ရွက်ပေးသူအားလုံးကို အစဉ်မေတ္တာပို့သနေပါ့မယ်"

"သာဓုပါဗျာ–သာဓု–သာဓု။ ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး အဌမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်ကုန်ထိ ကျေးရွာပေါင်း ၄၉၀၇ ရွာတွင် တွင်းတိမ်၊ တွင်းနက် စုစုပေါင်း ၆၁၄၉ တွင်း တူးဖော်ပြီးစီး

❀ **ရေရရှိရေးမှ**

အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းရေးအတွက် မြို့ပြနှင့် ကျေးလက်ကွာဟမှုမရှိစေဘဲ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် ငါးရပ်ကို အောက်ဖော်ပြပါအတိုင်း ချမှတ်လမ်းညွှန်မှုပြုခဲ့ကြောင်း။

- **(က) ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုချောမွေ့ကောင်းမွန်ရေး၊**
- **(ခ) ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေး၊**
- **(ဂ) ကျေးလက်နေ ပြည်သူများ၏ ပညာရေးအဆင့်မြှင့်တင်ရေး၊**
- **(ဃ) ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးရေးနှင့်**
- **(င) ကျေးလက်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး**

တို့ပင်ဖြစ်ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၈၅ဖွဲ့၊ မြို့စည်ပင်သာယာရေးအဖွဲ့ ၅၉ဖွဲ့တို့မှ မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

၁၉၉၉ခုနှစ် ဧပြီလတွင် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ၁၀နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ရန် လမ်းညွှန်ခဲ့ကြောင်း၊ ထိုသို့လမ်းညွှန်မှုအရ စည်ပင်သာယာရေးအဖွဲ့များက ကွင်းဆင်းစာရင်းကောက်ယူသည့်အခါ အပူပိုင်းဒေသဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့တွင် ရေခက်ခဲသော ကျေးရွာ၊ ရေလုံလောက်စွာ မရရှိသော ကျေးရွာ၊ သန့်ရှင်းသော သောက်သုံးရေ မရရှိသောကျေးရွာပေါင်း ၈၀၄၂ရွာရှိပြီး အခြားပြည်နယ်၊တိုင်း ၁၄ခုတို့တွင် ၁၅၁၈၃ရွာ စုစုပေါင်း ၂၃၂၂၅ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိရန်အတွက် ဆောင်ရွက်ပေးရန်ရှိကြောင်း စာရင်းကောက်ယူရရှိခဲ့ကြောင်း။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ရေပေးရေးလုပ်ငန်းအတွက် ငွေကျပ်၃၂၁ဒသမ၆၁သန်း၊ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၅၇၂ဒသမ၀၂သန်း၊ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၆၉၁ဒသမ၉၄သန်း သုံးစွဲခဲ့ပြီး ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင်လည်း ငွေကျပ် ၈၃၇ဒသမ၁၉သန်း သုံးစွဲရန် လျာထားပြီးဖြစ်ကြောင်း၊ ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ၈၀၄၂ရွာအနက် စီမံကိန်းကာလစတင်သော ၂၀၀၀-၂၀၀၁ခု ဘဏ္ဍာရေးနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ ၄၉၀၇ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိရန် ဆောင်ရွက်နိုင်ခဲ့သဖြင့် ၆၁ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အခြားပြည်နယ်၊တိုင်း ၁၄ခုရှိ ၁၅၁၈၃ရွာအနက် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ ၅၆၉၅ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိရန် ဆောင်ရွက်နိုင်ခဲ့သဖြင့် ၃၈ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း။

အလှူငွေပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး အဌမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန၏ လှူဒါန်းငွေကျပ် ၁၂၈၀၀၀၀ ကို လက်ခံစဉ်။ (သတင်းစဉ်)

တူးဖော်ဆောင်ရွက်မည်ဖြစ်ပြီး ယခုအချိန်ထိ စက်ရေတွင်းပေါင်း ၁၁၄တွင်း တူးဖော်ပြီးစီးပြီး ဖြစ်ပါကြောင်း၊ အပူပိုင်းဒေသ သောက်သုံးရေ ရရှိရေးအတွက်လည်း မြို့နယ် ၁၁ မြို့နယ်တွင် တွင်းနက် ၂၂တွင်း တူးဖော်ဆောင်ရွက်ပြီးဖြစ်ကြောင်း။

အာရှ-ဂျပန် ပေါင်းကူးအဖွဲ့ Bridge Asia Japan (BAJ) က ပုဂံ-ညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း ၂၀၀၁-၂၀၀၂ မှ ယခုအချိန်ထိ စက်ရေတွင်း တွင်းနက်ပေါင်း ၆၀ အား တူးဖော်ပေးခဲ့ကြောင်း။

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)ကလည်း အပူပိုင်းဒေသ ကျေးလက်ရေ ရရှိရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၀၁-၂၀၀၂ ခုနှစ်မှ ယခုအချိန်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းအတွင်း ရေရရှိရေးလုပ်ငန်းပေါင်း ၄၂၁ခုအား ဆောင်ရွက်ပေးခဲ့ကြောင်း။

အရှိန်အဟုန်ရလာ

စေတနာရှင်များ ပူးပေါင်းပါဝင်လာသဖြင့် ကျေးလက်ရေပေးရေးလုပ်ငန်းများ အရှိန်အဟုန်ရလာပြီဖြစ်ရာ စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေများကို တင်ပြရလျှင် ပထမအကြိမ်မှ သတ္တမအကြိမ်အထိ စုစုပေါင်း အလှူရှင် ၁၀၃၉ဦးတို့က ငွေကျပ် ၈၁၂၁ ဒသမ ၈၀၃၈ သိန်း၊ အမေရိကန်ဒေါ်လာ ၆၇၇၂၂၊ ယူရိုငွေ ၂၇၀ နှင့် FEC ၁၀၀၁၂ တို့ဖြစ်ကြောင်း။

ယင်းလှူဒါန်းငွေများဖြင့် စက်ရေတွင်း စုစုပေါင်း ၁၄၀၉တွင်း တူးဖော်ပေးခဲ့ပါကြောင်း၊ ယခု အဌမအကြိမ်တွင် အလှူရှင် ၁၆၃ဦးက ငွေကျပ် ၁၂၀၃ ဒသမ ၅၂၀၃၀သိန်း၊ အမေရိကန်ဒေါ်လာ ၅၀၀နှင့် ယူရိုငွေ ၅၀၀ ဖြစ်ကြောင်း ကြိုတင်ပေးထားသည့် စာရင်းများအရသိရှိရကြောင်း၊ ၎င်းအလှူငွေများမှ ကျေးရွာ ၈၀ တွင် ကျပ်သိန်း ၇၀၈ ဒသမ ၃၁၈၅ဖြင့် စက်ရေတွင်း ၈၀ အား ကြိုတင်တူးဖော်ဆောင်ရွက်လျက်ရှိရာ ၃၁တွင်း တူးဖော်ဆောင်ရွက်ပြီးဖြစ်ကြောင်း။

ထို့အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ကလည်း ကျေးလက်ရေရရှိရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်းသာမက နိုင်ငံတကာအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်မှုများရှိကြောင်း၊ ထိုဆောင်ရွက်မှုအခြေအနေကို တင်ပြရပါက ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ Japan International Cooperation Agency (JICA) မှ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် စက်ရေတွင်းပေါင်း ၂၅၀ အား ငါးနှစ်စီမံကိန်းဖြင့်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး အဌမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

မြို့နယ်လုံးကျွတ် ကျေးရွာအားလုံး သန့်ရှင်းသောသောက်သုံးရေ ရရှိပြီ

✻ စစ်ကိုင်းတိုင်းအတွင်း ချောင်းဦးမြို့နယ် နှင့် မြင်းမူမြို့နယ်၊ မကွေးတိုင်းအတွင်း တောင်တွင်းကြီးမြို့နယ်၊ မင်းဘူးမြို့နယ်နှင့် အောင်လံမြို့နယ်၊ မန္တလေးတိုင်းအတွင်း မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် မြင်းခြံမြို့နယ် စုစုပေါင်း ရှစ်မြို့နယ်တို့တွင် မြို့နယ်လုံးကျွတ် ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေ ရရှိပြီ။

တိုင်းသုံးတိုင်းရှိ တူးဖော်ပြီးသော စက်ရေတွင်းများတွင် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ၊ စေတနာရှင်ပြည်သူများ လှူဒါန်းငွေ၊ အခြားအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ်ကုန်ထိ ကျေးရွာပေါင်း ၄၉၀၇ရွာတွင် တွင်းတိမ်၊ တွင်းနက် စုစုပေါင်း ၆၁၄၉တွင်း တူးဖော်ပြီးစီးပြီး ဖြစ်သည့်အတွက် ဆက်လက်တူးဖော်ရန် ပေ ၄၀၀အထက် တွင်းနက်များသာ အများဆုံး ဆောင်ရွက်ပေးရန်ကျန်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အချို့အလှူရှင်များအနေဖြင့် တွင်းနက်များတူးဖော်နိုင်ရေးအတွက် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ လှူဒါန်းပေးနိုင်ပါရန်လည်း မေတ္တာရပ်ခံအပ်ပါကြောင်း။

ကျေးလက်ရေရရှိရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းအတွင်း ချောင်းဦးမြို့နယ်နှင့် မြင်းမူမြို့နယ်၊ မကွေးတိုင်းအတွင်း တောင်တွင်းကြီး မြို့နယ်၊ မင်းဘူးမြို့နယ်နှင့် အောင်လံမြို့နယ်၊ မန္တလေးတိုင်းအတွင်း မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် မြင်းခြံမြို့နယ် စုစုပေါင်း ရှစ်မြို့နယ်တို့တွင် မြို့နယ်လုံးကျွတ်ကျေးရွာအားလုံး သန့်ရှင်းသောသောက်သုံးရေရရှိပြီးဖြစ်ပါကြောင်း၊ ဖော်ပြပါ မြို့နယ်များမှ ကျေးရွာတိုင်း တစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းနှုန်းဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိပြီးဖြစ်သော်လည်း နေ့စဉ်တိုးတက်လာသော လူဦးရေနှင့်အညီ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထို့အတူ မကြာမီကာလအတောအတွင်း စစ်ကိုင်းတိုင်း၌ ကသာမြို့နယ်၊ ကောလင်း မြို့နယ်၊ ခင်ဦးမြို့နယ်၊မြောင်မြို့နယ်နှင့် တမူးမြို့နယ်၊ မကွေးတိုင်း၌ ပွင့်ဖြူမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ ကံမမြို့နယ်နှင့် မင်းတုန်းမြို့နယ်၊ မန္တလေးတိုင်း၌ သာစည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ အမရပူရမြို့နယ်နှင့် တံတားဦးမြို့နယ်များတွင်လည်း မြို့နယ်လုံးကျွတ်ကျေးရွာများအားလုံး သန့်ရှင်းသောသောက်သုံးရေ ရရှိတော့မည်ဖြစ်ကြောင်း၊ အလှူရှင်များ၏ လှူဒါန်းငွေဖြင့် စက်ရေတွင်းများ တူးဖော်ပေးပြီး ကမ္ပည်းကျောက်စာများ ရေးထိုးပေးခဲ့ပါကြောင်း၊ စက်ရေတွင်းဖွင့်ပွဲများလည်း ကျင်းပခဲ့ပါကြောင်း။

အလှူရှင်များ၏ စေတနာကို တုံ့ပြန်သည့်အနေဖြင့် စည်ပင်သာယာရေးအဖွဲ့ အဆင့်ဆင့်ရှိဝန်ထမ်းများက ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ လှူဒါန်းခဲ့သော စက်ရေတွင်းများ ရာသက်ပန် အသုံးပြုနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းများကိုလည်း ကျေးလက်ဒေသရှိပြည်သူများနှင့် ပူးပေါင်း၍ စေတနာမေတ္တာအပြည့်အဝဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် အကျိုးတူကုမ္ပဏီများက ငွေကျပ် ၁၄၆၀၀၀၀၀၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် ၉၃၂၅၅၉၀၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ငွေကျပ် ၂၅၀၀၀၀၀၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးများအဖွဲ့က ငွေကျပ် ၂၅၀၀၀၀၀၊ Mrs. Daisy Murison and Family and Friends Chicago, USA က ငွေကျပ် ၁၃၀၀၀၀၀နှင့် အလုပ်သမားဝန်ကြီးဌာနက ငွေကျပ် ၁၂၈၀၀၀၀ တို့ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသို့ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့နေ Mr. Lucien Glauser နှင့် ဇနီး ဒေါ်ခင်ခင်နု သားသမီးမြေးတစ်စုက အမေရိကန်ဒေါ်လာ ၅၀၀၊ တိပိဋကရေ ဘဒ္ဒန္တ ကုဏ္ဍာစရိယအား အမှူးထား၍ ကွယ်လွန်သူသားကြီး ကိုကျော်လွင်ဦး၊ သားငယ် ကိုအောင်ကျော်ဇေယျတို့အား ရည်စူး၍ ဦးကျော်ဟိုး-ဒေါ်သင်းရီ (မိဘမေတ္တာဆေးဆိုင်၊ ကြည့်မြင်တိုင်ဈေး) သားသမီး မြေးတစ်စုက ငွေကျပ် ၁၂၅၀၀၀၀၊ ဦးထွန်းကြည်(ဒေါ်ကြင်သိန်း) တို့က ငွေကျပ် ၁၀၃၆၃၅၀၊ ဒုတိယဗိုလ်မှူးကြီးစံတင် (ငြိမ်း) ဇနီး ဒေါ်သိန်းသိန်းစံ၊ သားသမီး မြေးမြစ်တို့က ငွေကျပ် ၁၀၀၀၀၀၀၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဇနီး ဒေါ်အေးအေးမိသားစုက ငွေကျပ် ၅၀၀၀၀၀နှင့် ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဇနီး ဒေါ်မြသီဂီ မိသားစုက ငွေကျပ် ၅၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းအား အမှူးထား၍ တပ်မတော်(ရေ)အရာရှိ စစ်သည်များက ငွေကျပ် ၅၀၀၀၀၀၊ ဦးခင်သောင်းအား ရည်စူး၍ ဒေါ်ခင်ဆွေ သားသမီးမြေးတစ်စု၊ ဦးမြတ်မင်းနှင့် ဇနီး ဒေါ်စောမြိုင်၊ သားမောင်စောမင်းနိုင် မိသားစု၊ ဂရိန်းထရေးဒင်း ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဒါဝုဒ်မြ (Dawood Mya)၊ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တောင်ပိုင်း မြသီတာရပ်ကွက် ရတနာ(၂)လမ်း ခြံအမှတ်(၂)နေ ဦးစိန်အောင်မင်း(ခေါ်) ဦးမြသောင်းနှင့် နှစ်ဖက်သောမိဘများအမှူးထား၍ ဦးထိန်ဝင်း-ဒေါ်သက်သက်ညွန့်၊ သားကြီး မင်းသက်ထိန်၊ သားငယ် ဖွဲ့ညီညီ၊ သမီး ခင်စုလှိုင်မိသားစုတို့က ငွေကျပ် ၁၀၀၀၀၀၀စီနှင့် ဦးစိုးမင်း (M.A)U.S.A အား ရည်စူး၍ ဇနီး ဒေါ်အေးအေးကြူနှင့် သား ကိုအောင်ကျော်စိုး (တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ)-မနွယ်နွယ်အေး၊ သား ကိုဉာဏ်လင်းစိုး-မခင်မာကျော်၊ မြေး စိုးမွန်နွယ်၊ သောင်းဟိန်းစိုး မိသားစုက ငွေကျပ် ၉၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာထံ ကွယ်လွန်သူ အဘွား ဒေါ်လှရှင်ကောင်းမှု၊ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးခင်စိုး-ဒေါ်ဥမ္မာအောင် မိသားစု၊ ဦးစိုင်းအောင်ပွင့်- ဒေါ်ခင်နန်းဝေ၊ သား စိုင်းဇော်၊ စိုင်းအောင်သန့် မိသားစု၊ ဟာဂျီမဒေါ်ခင်ရီ အသက်(၈၀)ပြည့်မွေးနေ့၊ ဟာဂျီမဒေါ်ခင်ရီနှင့် သားသမီးတစ်စု၊ ဖခင် စာရေးဆရာ ဦးသော်တာဆွေ- မိခင် ဒေါ်နော်မာတို့အား ရည်စူး၍ ပါရမီရိပ်သာ ရန်ကုန်မြို့နေ ဦးကျော်လင်း-ဒေါ်သန်းသန်းဆွေ သားမောင်လင်းဆက်ပိုင် မိသားစု၊ ဦးရွှေအေး-ဒေါ်လှိုင်လှိုင်မိုး သားမောင်ကျော်ဇောထွန်း၊ သမီးကြီး မသွန်းနှင်းလှိုင်၊ သမီးငယ် မသက်နှင်းနှင်းရွှေ မိသားစုနှင့် ဦးခင်မောင်ကြီး-ဒေါ်ခင်တင့်တင့်အား ရည်စူး၍ ဦးမင်းသိုက်၊ ဦးစိုးသိုက်၊ ဦးအေးသိုက်၊ ဦးအောင်သိုက်၊ ဒေါ်သဇင်သိုက်၊ ဒေါ်မိုမိုးသိုက်နှင့် မြေးတစ်စုတို့က ငွေကျပ် ၇၅၀၀၀၀စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး အဋ္ဌမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ ကွယ်လွန်သူ ဦးဟုတ်ခွန်-ဒေါ်သောင်း (မအူပင်)တို့အား ရည်စူး၍ သား ဦးစိန်ဝမ်း-ဒေါ်မွေ့မွေ့ မိသားစုက ငွေကျပ် ၇၅၀၀၀၀၊ ဗိုလ်မှူးကြီးမင်းနောင်အား ရည်စူး၍ ဇနီး ဒေါ်ခင်လှလှ သားသမီး မြေးတစ်စုက ငွေကျပ် ၅၀၀၀၀၀၊ ဦးမြင့်သန်း-ဒေါ်တင်မာမြင့် သမီး မသဇင်မြင့်၊ သား မောင်မြင့်ဟန်၊ မောင်ငွေဆယ်မောင် မိသားစုက ငွေကျပ် ၅၃၀၀၀၀၊ မိဘနှစ်ပါးနှင့် ညီမ ဒေါ်ခင်ခင်မြင့်တို့အား ရည်စူး၍ ဗိုလ်မှူးကြီးတင်မောင်မြင့် ဇနီးဗိုလ်ကြီး ဒေါ်သန်းသန်းမြင့် မိသားစု၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်နှင့် ဇနီး ဒေါ်တင်ဌေးလှိုင် မိသားစု၊ ဦးဝင်းဆွေ-သီဟသုဓမ္မသီဂီ ဒေါက်တာဒေါ်ရီရီလှ(ယုဝတီခင်ဦး) မိသားစုနှင့် ဗိုလ်မှူးကြီးအေးမောင်(ငြိမ်း) ဇနီး ဒေါ်တင်တင်ဦး သားသမီးမြေးတစ်စုတို့က ငွေကျပ် ၅၀၀၀၀၀စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ ကွယ်လွန်သူ ဗိုလ်နန်းအေးအေးဝင်း(ငြိမ်း)အားရည်စူး၍ ဒုတိယဗိုလ်မှူးကြီးဝင်းမောင်(ငြိမ်း)- ဒေါ်နန်းငွေလှမိသားစု၊ ဒဂုံတက္ကသိုလ်၊ သတ္တဗေဒဌာန ပါမောက္ခ၊ ဌာနမှူး ဒေါ်သန်းသန်းဆင့်နှင့် သတ္တဗေဒမိသားစု၊ ဗိုလ်မှူးညွန့်အောင် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ဦးစိုင်းထွန်းရင်ဦး-မသန်းသန်းရီ'ဝ'အထူးဒေသ(၂) ပန်ဆန်း၊ ပန်ခန်းကုမ္ပဏီလီမိတက်၊ ကွယ်လွန်သူ သမီးဒေါ်နွဲ့နွဲ့ဝင်းအားရည်စူး၍ ဦးအုန်းမောင်၊ ဒေါ်လှလှ၊ ကွယ်လွန်သူဒေါ်လှကျင်အား ရည်စူး၍ ဦးစိန်ကောက်-ဒေါ်တင်ကြည်(ရတနာထွန်း) သားသမီး မြေးတစ်စုနှင့် ဦးကျင်သိန်း-ဒေါ်သန်းသန်းရီမိသားစုတို့က ငွေကျပ် ၅၀၀၀၀၀စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး အဋ္ဌမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေထံ ကွယ်လွန်သူ နှစ်ဖက်အဘိုးအဘွားနှင့် ဖခင်ဦးရွှေအား ရည်စူးပြီး ရန်ကုန်မြို့နေ မိခင် ဒေါ်မြကျင်အား အမှူးထား၍ သားသမီး မြေးတစ်စု၊ ဦးအောင်တင်မြင့်-ဒေါ်လှရွှေ၊ သား မောင်အောင်ဇေယျ၊ သမီးမခင်လှမြင့်၊ မသီရိအောင် မိသားစု၊ နှစ်ဖက်သောမိဘများနှင့် ဆရာကိုနိုင်၊ ဗိုလ်ကြီးမင်းအောင်တို့အား အမှူးထား၍ ဦးစန်းအောင်(အဖြူလေး)-ဒေါ်ဝင်းဝင်းအေး၊ သမီး မြတ်ရူပါဝင်း မိသားစု၊ ကျေးဇူးရှင်ဖခင်ကြီး ဦးထွန်းတင် (မန်းတင်)အားရည်စူး၍ ဇနီးဒေါ်သန်းတင်နှင့် သား၊သမီး၊မြေး၊ မြစ်တစ်စု၊ဆရာကြီးဦးညိန်းမောင်နှင့် ဇနီးဒေါ်စိန်စိန်တို့အား ရည်စူး၍ (ပြွန်တန်ဆာ၊ ကျောက်ကြီး၊ သဃ်န်းကျွန်း၊ အ-ထ-က-၂ (ဒဂုံ)တို့မှ တပည့်များ၊ ညီဦးလှထွန်းမိသားစုနှင့် သမီး မမြင့်မြင့်သန်းမိသားစု၊ နှစ်ဖက်သော မိဘ၊ အဘိုး၊ အဘွားများအားရည်စူး၍ ဦးကျော်ကျော်နိုင်-ဒေါ်ဥမ္မာမြင့်၊ မောင်ကောင်းထူးကျော်၊ မခင်သစ္စာစိုး၊ မောင်ဝေဖြိုးသန့် မိသားစု၊ ကလေးသရပ်ဆောင် ဆုမေနှင့် ဦးကြည်သန်း-ဒေါ်စန်းရီမိသားစုတို့က ငွေကျပ် ၅၀၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းထံ ကျေးဇူးရှင် ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော ဦးခင်မောင်ကြီး-ဒေါ်တင်တင်အေးအား ရည်စူး၍ သား၊သမီး၊မြေးတစ်စု (သိန်းကြီးပလတ်စတစ်လုပ်ငန်း)၊ နှစ်ဖက်သော ဘိုးဘွား၊ မိဘများနှင့် ဖခင်ကြီး၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးသိန်းဟန် (လျှပ်စစ်အင်ဂျင်နီယာ) (ငြိမ်း)တို့အား ရည်စူး၍ ဒေါ်သက်ရီ မိသားစုတို့က ငွေကျပ် ၅၀၀၀၀၀စီတို့ကို လည်းကောင်း၊ နှစ်ဖက်သော မိဘများအား ရည်စူး၍ ဒေါ်ကြည်၊ ဗိုလ်မှူးကြီးခင်မောင်ရင်-ဒေါ်စန်းရီ မိသားစု၊ ဗိုလ်မှူးကြီးသန်းညိန်း-ဒေါ်ခင်သွယ်သွယ်မြင့်၊ သား ဒေါက်တာနိုင်ညိန်း၊ ဗိုလ်လောင်းချမ်းညိန်း မိသားစု၊ ဒေါ်တင်ကြည်(လူမှုထူးချွန်တတိယဆင့်)၊ ဦးအုန်းမောင်-ဒေါ်ခင်ခင်စန်း မိသားစု၊ ဦးအောင်ကျော် (ခမ္ဘသုခဆေးတိုက်)နှင့် ဦးမောင်မောင်- ဒေါ်တင် တို့က ငွေကျပ် ၂၅၀၀၀၀စီ တို့ကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေထံ နှစ်ဖက်သော မိဘများကို အမှူးထား၍ ဦးကျင်စွမ်း- ဒေါ်ချိန်တီ သား၊ သမီး၊ မြေးတစ်စု၊ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးသန်းအေး-ဒေါ်ယဉ်ယဉ်စွမ်း၊ သမီး မဆုယဉ်ဝင်းထက်၊ မသင်းရတနာထက် မိသားစု၊ ဗိုလ်ကြီးလှဝင်း(ငြိမ်း)-ဒေါ်တင်တင်ခိုင်၊ သား မောင်ဝင်းခိုင်ထွန်း၊ သမီး မစန္ဒာဝင်းခိုင် မိသားစု၊ နှစ်ဖက်သော မိဘ၊ အဘိုး၊အဘွားများအားရည်စူး၍ ဦးမင်းခိုင်-ဒေါ်ခင်စန္ဒာဝင်း၊ သမီး ဆုလဲ့နှင်း မိသားစု၊ ဦးတင်လှ-ဒေါ်သန်းကြည် ၊သား မောင်ကျော်ကျော်နိုင်၊ မောင်ရဲနိုင် မိသားစု၊ One Five One Myanmar Trading Co., Ltd နှင့် ကွယ်လွန်သူ ဖခင်ကြီး ဦးသန်းထွန်း (၁၀)နှစ်ပြည့်အားရည်စူး၍ ကျန်ရစ်သူ ဇနီး ဒေါ်အေးအေးမြင့်နှင့် သား၊ သမီး၊ မြေးတစ်စုတို့က ငွေကျပ် ၂၅၀၀၀၀စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါထံ နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးတင်အောင်သက်-ဒေါ်သီတာခိုင်တို့၏ (၁၀)နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ်၊ သား ပြည်ဟိန်းကျော်၊ ချမ်းမြေ့ခိုင်၊ ကျော်ရဲရင့် မိသားစု၊ ကွယ်လွန်သူဖခင်ကြီး ဦးကျော်သောင်းအား ရည်စူး၍ ဦးသစ္စာလှထွေး-ဒေါ်စန္ဒီသောင်း၊ သမီး အေးသစ္စာမင်း မိသားစု၊ ကွယ်လွန်သူ ဦးကျော်သောင်းအား ရည်စူး၍ မိခင်ဒေါ်ခင်လှိုင် ဒေါက်တာဦးဝင်းခိုင်-သမီးကြီး ဒေါ်သီဂီဦး၊ မြေးမောင်သီဟခွဲ၊ မဟေသီခွဲ ကျောက်ကုန်းမိသားစု၊ ကွယ်လွန်သူမိဘများဖြစ်ကြသည့် ဦးစိုးမြနှင့် ဒေါ်စိုးညွန့်တို့အားရည်စူး၍ သားသမီးများဖြစ်ကြသည့် ဦးမြင့်ဌေး၊ ဒေါ်ရှယ်လီစိုး၊ ဦးရဲစိုး၊ ဒေါက်တာမြတ်စိုး၊ ဒေါ်နီလာစိုး၊ ဒေါ်သီတာစိုးနှင့် ဦးစိုးမြတ်ထွေး မိသားစုနှင့် ဦးဂျော်နီ၊ ဒေါ်တင်တင်ထွေး၊ ဒေါ်တင်မေထွင်ဋ္ဌ မိသားစုတို့က ငွေကျပ် ၂၅၀၀၀၀စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်ထံ နှစ်ဖက်သောမိဘများကို အမှူးထား၍ ဦးနှင်းဦး၊ ဇနီး ဒေါ်ခင်လှရီ၊ သမီး မနှင်းနွယ်နွယ်၊ မမျိုးမြင့်ခိုင်နှင့် သား မောင်ပြည့်ဖြိုးကျော် မိသားစု၊ (ဦးမောင်နီ)အား ရည်စူး၍ ဒေါ်ခင် လေးမြင့် မိသားစု၊ နှစ်ဖက်မိဘများနှင့် ခင်ပွန်းဦးခင်အေးကိုရည်စူး၍ ဒေါ်လှ မြင့်နှင့် သားသမီး မြေးတစ်စု၊ ဗိုလ်မှူးကျော်စွာ(ငြိမ်း)-ဒေါ်လှစိန် မိသားစုနှင့် ကွယ်လွန်သူ ဖခင်ကြီး ဦးသိမ်းထွန်း (နိုင်ငံ့ဂုဏ်ရည်-ဒုတိယဆင့်)၊ မိခင်ကြီး ဒေါ်အေးကြည်တို့အား ရည်စူး၍ သမီး ဒေါ်နီနီနွယ်မိသားစုတို့က ငွေကျပ် ၂၅၀၀၀၀စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးဖြစ်သည့် သီဟသုဓမ္မသီဂီ ဒေါက်တာဒေါ်ရီရီလှ (ယုဝတီ ခင်ဦး)က ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လှူဒါန်းရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ကျေးဇူးတင်ဝမ်းမြောက်ကြောင်း အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ရေရရှိရေးလုပ်ငန်းများအတွက် အလှူဒါန ပြုကြခြင်းမှာ သန့်ရှင်းသော သောက်သုံးရေမရရှိသေးသည့် (သို့မဟုတ်) မလုံလောက်သေးသည့် ကျေးလက်ဒေသများရှိ ပြည်သူများ၏ လူနေမှုဘဝ ရှင်သန်ဖွံ့ဖြိုးရေးအတွက် တိုက်ရိုက်အကျိုးပြုသော အလှူဒါနဖြစ်၍ မွန်မြတ်သည့် အလှူဒါနဖြစ်ပါကြောင်း။

ကျေးလက်ဒေသများ အထူးသဖြင့် မိုးနည်းရေရှားသော အညာကျေးလက်ဒေသများ၏ ရေရှားပါးမှု၊ ပူပြင်းခြောက်သွေ့မှုကို ကျော်လွှားနိုင်ရေးအတွက် နိုင်ငံတော် အကြီးအကဲ၏ အမြော်အမြင်ကြီးမားသော လမ်းညွှန်မှုများအရ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းစဉ် ချမှတ်၍ အကောင်အထည် ဖော်နေသည်မှာ ၁၀နှစ်ကျော် ရှိပြီဖြစ်ကြောင်း၊ ထို့ကြောင့် အညာဒေသ၌ သစ်တောသစ်ပင်များ ပြန်လည်ထိန်းသိမ်းတိုးချဲ့စိုက်ပျိုးနိုင်သကဲ့သို့ နည်းလမ်းမျိုးစုံဖြင့် ရေရရှိရေး လုပ်ငန်းများကို ထူထောင်ခဲ့ကြောင်း။

အစိမ်းရောင်ထစပြု

ထို့ကြောင့် ယခုအခါ အညာဒေသ၌ ရေလှောင်တမံ၊ ရေလွှဲဆည်များ၊ မြစ်ရေတင်စခန်းများစွာကို မြင်တွေ့နေရပြီဖြစ်ကြောင်း၊ ခြောက်သွေ့နေသော ပတ်ဝန်းကျင်ဒေသမှာလည်း အစိမ်းရောင်ထစပြုလာနိုင်သည်ဟု ဆိုနိုင်ကြောင်း။

သို့ရာတွင် သန့်ရှင်းသော သောက်သုံးရေ ပြည့်စုံမှုမရှိသေးသော ကျေးရွာများ ကျန်ရှိနေသဖြင့် နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများ ပူးပေါင်း၍ သောက်သုံးရေ ဖူလုံရရှိအောင်၊ ကျေးရွာပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်လာအောင် ယခုကဲ့သို့ ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းကို ကျယ်ပြန့်စွာ ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ သောက်သုံးရေအတွက် ကြောင့်ကြမှု ကင်းဝေးသည်နှင့်အမျှ ကျန်းမာရေးနှင့် ညီညွတ်ပြီး ကျေးရွာနေပြည်သူများ စိတ်လက်ချမ်းသာစွာ ပိုမိုအလုပ်လုပ်နိုင်မှာဖြစ်သဖြင့် ဆင်းရဲနွမ်းပါးမှုဒဏ်မှလည်း လွတ်ကင်းလာမှာဖြစ်ကြောင်း။

ထို့ကြောင့် ရေရရှိရေးအလှူဒါနသည် အလွန်မွန်မြတ်သည့်ဒါန ဖြစ်ကြောင်းဖြင့် ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကာ အခမ်းအနားတက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဋ္ဌမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အခမ်းအနားသို့ မတက်ရောက်နိုင်သူများအပါ အဝင် အလှူရှင်စုစုပေါင်း၁၆၄ဦး၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၁၂၀၈၅၂၀၃၀၊ အမေရိကန်ဒေါ်လာ ၅၀၀နှင့် ယူရို ၅၀၀ဖြစ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုပြီး ညနေ ၄နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ယခုတည်ဆောက်နေသည့် ခေတ်မီသံရည်ကျိုစက်ရုံ၊ အလုပ်ရုံများသည် ပုဂ္ဂလိကစက်မှုလုပ်ငန်းအတွက် ကြီးမားသောတိုးတက်မှုအလှည့်အပြောင်းဖြစ်

▲ ရှေ့ဖုံးမှ

တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် စက်တင်ဘာ ၁၁ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မြန်မာ့လေကြောင်းခရီးစဉ်ဖြင့်ရောက်ရှိပြီး ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရဟတ်ယာဉ်ဖြင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးစက်မှုဇုန်သို့ ရောက်ရှိကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် မန္တလေးစက်မှုဇုန်အတွင်းရှိ စက်မှုဇုန်များအဆင့်တိုးမြှင့်ရေးစီမံကိန်းတွင်ပါဝင်သည့် သံရည်ကျိုစက်ရုံ၊ သံပုံဖိ၊ သံခုတ်စားစက်ရုံများ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများကကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းခန်းမ၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က မန္တလေးစက်မှုဇုန်အတွင်း မြေ ၁၃ ဒသမ ၂၂ ဧကပေါ်တွင် ခေတ်မီသံရည်ကျို ပုံလောင်း၊ ပုံဖိနှင့် သံခုတ်စား အလုပ်ရုံများ တည်ဆောက်နေမှု အခြေအနေ၊ နိုင်ငံခြားမှ စက်ပစ္စည်းများ ရောက်ရှိတပ်ဆင်ပြီးပါက လည်ပတ်နိုင်ရေးအတွက် ပညာရှင်များလေ့ကျင့်စုဆောင်းထားရှိမှု၊ တည်ဆောက်ရေးလုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်တွန်းအားပေး ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီဖွဲ့၍ လုပ်ကိုင်ဆောင်ရွက်နေမှု၊ ငွေကြေးလည်ပတ်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်ရုံအလုပ်ရုံများကို တာဝန်ယူဆောက်လုပ်နေသော ချမ်းဟိန်းဆောက်လုပ်ရေးအဖွဲ့မှ တာဝန်ခံဦးကျော်ဟိန်းက တည်ဆောက်သွားမည့် စက်ရုံအလုပ်ရုံအလိုက် ဗိသုကာဒီဇိုင်းပုံစံများ၊ အလုပ်ရုံအလိုက် ဆောက်လုပ်နေမှုအခြေအနေများကို ရုပ်ပုံကားချပ်တို့နှင့်တကွ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်ကလည်း နိုင်ငံခြားမှရောက်ရှိလာမည့် စက်ပစ္စည်းများကို တည်ဆောက်နေသော စက်ရုံအလုပ်ရုံများသို့ အမြန်ဆုံးသယ်ပို့ရေး စီမံထားရှိမှုကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က သံထည်ပစ္စည်းကျိုချက်ကိုင်တွယ်သည့် အလုပ်ရုံများကို အချိန်မီပြီးစီးရေး၊ ငွေကြေးအရင်းအနှီးလုံလောက်စွာ စုဆောင်းထားရှိရေးကိစ္စများကို မှာကြားပြီး Machine Shop(1)၊ Machine Shop (2)၊ Forging Shop & Heat Theatment၊ Foundry Shop နှင့် Ware House စသည့် စက်ရုံအလုပ်ရုံများ တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းမှ တစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Compressed Natural Gas (CNG) သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ စမ်းသပ်ထုတ်လုပ်လျက်ရှိသည့် UD Group Factory အလုပ်ရုံသို့ ရောက်ရှိကြပြီး ရှေးဦးစွာ သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များအဖြစ်ပြောင်းလဲသုံးစွဲရာ၌ လိုအပ်သော စက်ပစ္စည်းအစိတ်အပိုင်းများ၊ မန္တလေးစက်မှုဇုန်က တီထွင်ထုတ်လုပ်ပေးနိုင်သော စက်ပစ္စည်း အစိတ်အပိုင်းများ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနပံ့ပိုးမှုဖြင့် ထုတ်လုပ်ထားသည့် စက်ပစ္စည်းများ၊ ဓာတ်ငွေ့အိုးများကို ကြည့်ရှုစစ်ဆေး၍ ပုဂ္ဂလိကပိုင်း၏ တီထွင်ကြိုးစားနေမှုကို အားပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒီဇယ်ဆီသုံး အင်ဂျင်နှင့် ဒီဇယ်ဆီနှင့် သဘာဝဓာတ်ငွေ့အချိုးကျပေါင်းစပ်သုံး အင်ဂျင်တို့၏ ဒီဇယ်ဆီ သုံးစွဲမှုနှိုင်းယှဉ်ချက် လက်တွေ့ပြသမှု တို့ကိုလည်းကောင်း၊ UD Group၊ မန္တလေးစက်မှုဇုန် မော်တော်ယာဉ်ထုတ်လုပ်ရေးကော်မတီနှင့် Man Star Group တို့က ထုတ်လုပ်ထားသည့် Light Truck၊ ဘတ်စ်ကား၊ ကုန်တင်ကားကြီးများ၌ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်များ စမ်းသပ်တပ်ဆင်ထားမှုတို့ကိုလည်းကောင်း အသေးစိတ်လှည့်လည်ကြည့်ရှုကြရာ သက်ဆိုင်ရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အင်ဂျင်တပ်ဆင်ထုတ်လုပ်သူ လုပ်ငန်းရှင်များ၊ မန္တလေးစက်မှုဇုန် မော်တော်ယာဉ် ထုတ်လုပ်ရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့် အတူမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးစက်မှုဇုန်ရှိ ကနောင်ခန်းမတွင် မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ စက်မှုဇုန်လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးစက်မှုဇုန်အတွင်းရှိ သံရည်ကျိုစက်ရုံ၊ သံပုံဖိ၊ သံခုတ်စား စက်ရုံများ တည်ဆောက်ရေးစီမံကိန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကနောင်စက်မှုဇုန်ခန်းမ၌ မန္တလေး စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ စက်မှုဇုန်မှ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များအား မန္တလေးစက်မှုဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင် က မန္တလေးစက်မှုဇုန်၏ အကျယ်အဝန်း၊ လုပ်ငန်းရှင် ၁၄၀၀ခန့်ကို နေရာချထားပြီး လုပ်ကိုင်ဆောင်ရွက်နေသည့် စက်မှုလုပ်ငန်းအမျိုးအစားများ၊ လက်တွန်းထွန်စက်များ ထုတ်လုပ်မှုအခြေအနေ၊ ဘတ်စ်ကား၊ ကုန်တင်ကားများ စတင်ထုတ်လုပ်လျက်ရှိသည့် အခြေအနေ၊ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်များအဖြစ် ပြောင်းလဲသုံးစွဲရာ၌ မန္တလေးစက်မှုဇုန်က ပါဝင်အထောက်အကူပြုမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)က ရှင်းလင်းပြောကြားရာ၌ မန္တလေးစက်မှုဇုန်တွင် သံရည်ကျို၊ ပုံဖိ၊ ပုံလောင်းစသည့် ခေတ်မီသံထည်လုပ်ငန်း အလုပ်ရုံများကို အချိန်မီပြီးစီးအောင် ကြိုးစားပမ်းစားတည်ဆောက်နေသည်ကိုလည်းကောင်း၊ ဓာတ်ဆီ၊ ဒီဇယ်ဆီသုံး သမားရိုးကျမော်တော်ယာဉ်အင်ဂျင်များကို သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များအဖြစ် ပြောင်းလဲရာ၌ ပုဂ္ဂလိကပိုင်း၏ စမ်းသပ်တီထွင်လုပ်ကိုင်နေမှုများကိုလည်းကောင်း မြင်တွေ့ရသဖြင့် များစွာအားရမိပါကြောင်း။

မန္တလေးစက်မှုဇုန်သည် ဧကတစ်ထောင်ခန့် ကျယ်ဝန်းပြီးလုပ်ငန်းရှင်ပေါင်း ၁၄၀၀နီးပါးခန့်ကို စုစည်းထားရှိသည့် အောင်မြင်တိုးတက်နေသော စက်မှုဇုန်ကြီးဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်ရှိစက်မှုဇုန်များသည် နည်းပညာနှင့် အရင်းအနှီးများကို အားပြုနေပြီး မန္တလေးစက်မှုဇုန်မှာ ကြိုးစားအားထုတ်မှု၊ တီထွင်မှုနှင့် ညီညွတ်မှုတို့ကိုအားပြုပြီး လုပ်ကိုင်ဆောင်ရွက်နေသည်ဟု ယေဘုယျအားဖြင့် သုံးသပ်ပြောဆိုနိုင်ကြောင်း။

စုစည်းစည်း

မည်သို့ပင်ဖြစ်စေ ပုဂ္ဂလိကစက်မှုလုပ်ငန်းပိုင်းသည် နိုင်ငံတော်၏ စက်မှုကဏ္ဍ၌ အချိုးအစားအရ အများစုအဖြစ်နေရာယူထားသဖြင့် ပုဂ္ဂလိကပိုင်းဖွံ့ဖြိုးတိုးတက်မှသာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း၊ ထို့ကြောင့်နိုင်ငံတော်၏ အစီအစဉ်အရ စုစုစည်းစည်းဖွဲ့စည်းထားပြီးဖြစ်သော စက်မှုဇုန် ၁၉ဇုန်ရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းပေါင်း ၈၀၀၀ခန့်ကို အခြေခံအားယူပြီး ပုဂ္ဂလိက စက်မှုလုပ်ငန်းများ တိုးတက်လာအောင် အားပေးလုပ်ကိုင်သွားရမှာဖြစ်ကြောင်း။

နိုင်ငံတော်၏ စက်မှုကဏ္ဍ၏ နှစ်စဉ်တိုးတက်မှုနှုန်းကို သုံးသပ်ကြည့်မည်ဆိုပါက ၁၉၉၂-၉၃ခုနှစ်မှစ၍ အရှိန်အဟုန်ရှိရှိ တိုးတက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪**

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ မန္တလေးစက်မှုဇုန်အတွင်းရှိ Compressed Natural Gas(CNG) သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ စမ်းသပ်ထုတ်လုပ်လျက်ရှိသော UD Group Factory အလုပ်ရုံတွင် အမှတ်တရဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

သံရည်ကျိုစက်ရုံ စီမံကိန်း၌ လိုအပ်သည်များ မှာကြား

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေး စက်မှုဇုန်အတွင်းရှိ စက်မှုဇုန်များ အဆင့်မြှင့်ရေး စီမံကိန်းတွင်ပါဝင်သည့် သံရည်ကျိုစက်ရုံ၊ သံပုံဖိ၊ သံခုတ်စားစက်ရုံများ တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်၌ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၁၀ မှ

သို့ရာတွင် တိုင်းပြည်၏ စီးပွားတန်ဖိုး(ဂျီဒီပီ)၌ စက်မှုကဏ္ဍ၏ ပါဝင်နိုင်သည့် အချိုးအစားမှာ ၁၀ ရာခိုင်နှုန်းခန့်သာ ရှိသေးသဖြင့် ယခုထက်တိုးတက်ရန် ရှေ့ဆက်လက်တိုးချဲ့ရန်လိုအပ်နေကြောင်း၊ တစ်ဖက်မှ အခြေခံကျသည့် စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးမှုကို အရှိန်အဟုန်မြှင့်တင်ရမှာဖြစ်သကဲ့သို့ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း၊ လယ်ယာသုံးစက်ကိရိယာထုတ်လုပ် သည့် စက်မှုလုပ်ငန်းများကို တစ်ပြိုင်တည်းတိုးတက်လာအောင် ဦးစားပေးလုပ်ကိုင်သွားကြရမှာဖြစ်ကြောင်း။

အလှည့်အပြောင်း

ထို့ကြောင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းအတွက် အခြေခံအားဖြင့်လိုအပ်သည့် ခေတ်မီသံထည်ပစ္စည်းကိုင်တွယ်သုံးစွဲသည့် သံရည်ကျို၊ ပုံလောင်း၊ ပုံထောင်းစက်ရုံ အလုပ်ရုံများကို တိုးတက်မှုအားကောင်းသည့် စက်မှုဇုန်သုံးဇုန်၌ ထူထောင်လာနိုင်အောင် နိုင်ငံတော်အပိုင်းက ဦးဆောင်အားပေးနေခြင်းဖြစ်ကြောင်း၊ စက်မှုဇုန်များ၌ ရှိနေသော ပုဂ္ဂလိက သံရည်ကျိုလုပ်ငန်းအများစုမှာ ခေတ်မီခြင်းမရှိဘဲ မိရိုးဖလာနည်းဖြင့်သာ ဒေသသုံးပစ္စည်းများကို ထုတ်လုပ်နေကြခြင်းဖြစ်ကြောင်း၊ ယခုတည်ဆောက်နေသည့် ခေတ်မီသံရည်ကျို စက်ရုံအလုပ်ရုံများသည် ပုဂ္ဂလိကများ၏ သံထည်ပစ္စည်းကိုင်တွယ်သုံးစွဲမှုကို အရည်အသွေးအရ အဆင့်အတန်းမြင့်မားလာစေမှာဖြစ်၍ ပုဂ္ဂလိကစက်မှုလုပ်ငန်းအတွက် ကြီးမားသော တိုးတက်မှု အလှည့်အပြောင်း ဖြစ်ကြောင်း။

ဝိုင်းဝန်းဖော်ဆောင်

နိုင်ငံတော်အပိုင်းကမူ တက်နိုင်သမျှ အစွမ်းကုန် ပုဂ္ဂလိကစက်မှုကဏ္ဍ တိုးတက်လာအောင် ရုပ်ဝတ္ထုပစ္စည်းအပိုင်း အရရော၊ စိတ်ဓာတ်ရေးရာအပိုင်းအရပါ အားပေးသွားမှာ ဖြစ်သကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း လမ်းကြောင်းမှန်မှန်ဖြင့် မိမိတို့၏ လုပ်ငန်းများတိုးတက်ဖွံ့ဖြိုးပြီး အောင်မြင်သည်ထက်အောင်မြင်အောင် ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတော်၏ လိုအပ်ချက်၊ နိုင်ငံတော်၏ မျှော်မှန်းချက်များအပေါ် မှန်မှန်ကန်ကန်နားလည်ခံယူပြီး မှန်ကန်သည့် လုပ်ကိုင်ဆောင်ရွက်မှုများဖြင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်သွားကြရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် စက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးပြီး မကွေးတိုင်းရေနံချောင်းမြို့သို့ ဆက်လက်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ယုဇနပလာဇာ မျက်နှာစာတန်း ဒေစီကျော်လင်းပွဲထိုင်ဇာမှ ဦးကျော်လင်း-ဒေါ်ဒေစီကျော်လင်း မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ် ၁၀၁၀၀၀ ကို စက်တင်ဘာ ၇ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးရဲထွန်းလက်ခံယူစဉ်။

(က-ပ)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို သာသနာရေးဆိုင်ရာကိစ္စများဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ဗဟိုအမှုဆောင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် အဖွဲ့သည် စက်တင်ဘာ ၁၀ ရက်တွင်မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မင်းတပ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ၂၀၀၄ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသို့ တက်ရောက်သည်။

ဆက်ကပ်

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးမြို့ ရန်ကင်းတောင်ခြေ အတုလမဟာမြကျောက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရနှင့်အတူ မင်းတပ်မြို့ ထေရဝါဒဗုဒ္ဓ သာသနာပြု ဗဟိုကျောင်း သာသနာ့အလင်းရောင် ပရိယတ္တိ စာသင်ကျောင်းတိုက်သို့ရောက်ရှိ၍ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရ (မြကျောက်ဆရာတော်)နှင့် ဗဟိုကျောင်းဆရာတော် ဘဒ္ဒန္တ ခေမိန္ဒတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဒေသအတွင်းရှိ ထေရဝါဒဗုဒ္ဓသာသနာပြု ကျောင်းများအတွက် လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဒေသခံပြည်သူများအတွက် အဝတ်အထည်များ လှူဒါန်းသည်။

ထို့နောက် တောင်ပုလု ပရိယတ္တိ ပဋိပတ္တိတိုက်ခွဲသို့ ရောက်ရှိပြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရ (မြကျောက်ဆရာတော်)နှင့် တောင်ပုလု ပရိယတ္တိ ပဋိပတ္တိတိုက်ခွဲ လက်ထောက်ဆရာတော် ဘဒ္ဒန္တ လက္ခဏတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဒေသခံကျောင်းသား၊ ကျောင်းသူများအတွက် အဝတ်အထည် ပေးအပ်လှူဒါန်းသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည်စက်တင်ဘာ ၁၁ရက်တွင် ကန်ပက်လက်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းသို့ရောက်ရှိ၍ ဆရာတော် ဘဒ္ဒန္တဥတ္တမအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာ လျှောက်ထားကာ ဒေသခံကျောင်းသား၊ ကျောင်းသူများ အတွက် အဝတ်အထည် ပေးအပ်လှူဒါန်းသည်။

လှူဒါန်း

ထို့ပြင် မင်းတပ်ခရိုင်အတွင်းရှိ ထေရဝါဒ တောင်တန်းသာသနာပြုဌာန ၁၁ ဌာနတွင် သာသနာပြုနေကြသော သံဃာတော်များအတွက် ဝါဆိုသင်္ကန်းအပါအဝင် ပရိက္ခရာရှစ်ပါးစုံကို အတုလမဟာ မြကျောက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရက လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကန်ပက်လက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးသို့ ရောက်ရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၉-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း၊

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ **မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း "ပဌမဆယ်စုနှစ်"(အပိုင်း-၁)**
၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၁၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း၊

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒ၊ရူပဗေဒ၊သတ္တဗေဒ အထူးပြုများ)(ဓာတုဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၁၀ ၆။ ၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသား၊ အမျိုးသမီး)
၅:၂၅ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
၅:၄၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၁၅ ၉။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျှောက်မင်းဂူခုန်း"(အပိုင်း-၂၄)**
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၇:၂၀ ၁၃။ ကြေးမုံရိပ်သွင် တေးနှယဉ်
၇:၃၅ ၁၄။ ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲဇာတ်တော်ကြီးပြိုင်ပွဲ "ရာမယဏ" ဇာတ်တော်ကြီး ဆွေးနွေးခန်း
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တစ်ရုံရှောအခါ" (အပိုင်း-၂၂)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုဇွန်တောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်းဆင်းပွဲအခမ်းအနားတက်ရောက်

ရန်ကုန်　　စက်တင်ဘာ　　၁၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၁၄)ဆင်းပွဲနှင့် သင်တန်းအမှတ်စဉ်(၁၅)ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် ပုဇွန်တောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများချီးမြှင့်ကာ သင်တန်းသားများအတွက် ဗလာစာအုပ်များပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အကျိုးရှိရှိအသုံးချ

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ဗဟို) အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် အသင်းသားအသင်းသူများအနေဖြင့် ဤသင်တန်းမှ ပို့ချလိုက်သော အခြေခံအကြောင်းအရာ၊ ဗဟုသုတများ၊ သဘောတရားများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချရန်လိုအပ်ကြောင်း၊ ဤသို့ထမ်းဆောင်ခြင်းဖြင့် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ အသင်းသား၊ အသင်းသူများ၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့်အချိန်တိုင်းမှာ စည်းရုံးသူလည်းဖြစ်၊ တည်ဆောက်သူလည်းဖြစ်ရန် လိုကြောင်း၊ စည်းရုံးသူအနေဖြင့် မိမိကိုယ်ကို စည်းရုံးရန်၊ မိမိရဲဘော်ရဲဘက်အသင်းသား၊ အသင်းသူများကို စည်းရုံးရန်နှင့်ပြည်သူလူထုကို စည်းရုံးရန်ဖြစ်ကြောင်း၊ တည်ဆောက်သူအနေဖြင့် မိမိကိုယ်ကို တည်ဆောက်ရန်၊ မိမိရဲဘော်ရဲဘက် အသင်းသူ အသင်းသားများကိုဝိုင်းဝန်းကူညီ တည်ဆောက်ပေးရန်၊အသင်းကြီးကိုတည်ဆောက်ရန်နှင့် နိုင်ငံတော်ကို ကျရာအခန်းကဏ္ဍမှ တည်ဆောက်ပေးရန်တို့ ဖြစ်ကြောင်း၊ လက်တွေ့နယ်ပယ်၌ ပြည်သူလူထုအား စည်းရုံးရာတွင်လည်း အသင်းနာယကကြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော သဘောတရား၊ လက်တွေ့နှင့် ပုဂ္ဂိုလ်ခင်မင်မှုတို့ဖြင့် ပေါင်းစပ်စည်းရုံးရေးဟူသောနည်းဗျူဟာ အတိုင်းကျင့်သုံးကြရန် လိုကြောင်း စသည်ဖြင့် အမှာစကားပြောကြားပြီး သင်တန်းအမှတ်စဉ်(၁၄)မှ ထူးချွန်သူများအား ဆုများ ချီးမြှင့်သည်။

အဆိုပြုလွှာပေးအပ်

ထို့နောက် ပုဇွန်တောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဆန်းနီက အသင်းဝင်အဆိုပြုလွှာများကိုပေးအပ်ရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းသားများအတွက် ဗလာစာအုပ်များကို မြို့နယ်အသင်း အတွင်းရေးမှူးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက်ပုဇွန်တောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော အလှူငွေကျပ်တစ်သိန်းကို ဥက္ကဋ္ဌ ဦးတင်မောင်စိုးက ပေးအပ်လှူဒါန်းရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးဆန်းနီက လက်ခံသည်။

ယင်းနောက် မြို့နယ်အသင်းအတွင်းရေးမှူး ဦးဆန်းနီက သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပြီး ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။　　(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို) အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်အရှေ့ပိုင်းခရိုင်ပုဇွန်တောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၁၄)ဆင်းပွဲနှင့် သင်တန်းအမှတ်စဉ်(၁၅) ဖွင့်ပွဲတွင် သင်တန်း၌ ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

☆ **တာဝေးအပြေးမှ**

ပထမဆုရ နွေးနွေးဝါ(မန္တလေး အား/ကာ သိပ္ပံ) အား မန္တလေးတိုင်း အမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်မြတ်ငွေက ပထမဆုတံဆိပ်နှင့် ဆုကြေးကျပ်တစ်သိန်းပေးအပ်ချီးမြှင့်သည်။

အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ ယဉ်မိုးအောင် (ပြည်ထဲရေး) အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းက ပထမဆုတံဆိပ် ပေးအပ်ချီးမြှင့်ပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းက ဆုကြေး ကျပ်တစ်သိန်း ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်သည် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်ရေးကို ရည်ရွယ်၍ မြို့ကြီးများတွင် ယခုကဲ့သို့ တာဝေးအပြေးပြိုင်ပွဲများကို ကျင်းပပေးခြင်းဖြစ်သည်။

(ကြေးမုံ)

သံလွင်မြစ်ရေနှင့် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်

ရန်ကုန် စက်တင်ဘာ ၁၃

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယနေ့နံနက် ၀၆:၃၀ နာရီအချိန်၌ ၉၄စင်တီမီတာ(သုံးပေခန့်) စိုးရိမ် ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မှန်းတည့်မှ နောက်ငါးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင်ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့ တွင် ယနေ့နံနက်၀၆:၃၀နာရီအချိန်၌ ၁၀စင်တီမီတာ စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မှန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပထမအကြိမ် ကြက်တောင်ရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပထမအကြိမ် ဌာနပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံကြက်တောင်အားကစား အဖွဲ့ချုပ်မှ ပုဂ္ဂိုလ်များ၊ ဌာနအသီးသီးမှ ဝန်ထမ်းများနှင့် ကြက်တောင်ရိုက် အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဗဟိုအားကစားကော်မတီဥက္ကဋ္ဌဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ပါဝင်ယှဉ်ပြိုင်

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဗဟိုအားကစားကော်မတီ အတွင်းရေးမှူး ကြက်တောင်အားကစားဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသိန်းလွင်က မြန်မာနိုင်ငံ ကြက်တောင်ရိုက်အားကစား အဖွဲ့ချုပ်သို့ အလှူငွေကျပ် ၅၀၀၀၀ကို ပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက လက်ခံသည်။ အဆိုပါ ဌာနပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာန၁၁ခုမှ အားကစားသမား ၈၂ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပထမအကြိမ် ဌာနပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဗဟိုအားကစား ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ အဖွင့်အမှာစကားပြောကြားစဉ်။

(ဘဏ္ဍာ/အခွန်)

၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေးပွဲယနေ့စတင်မည်

ရန်ကုန်　စက်တင်ဘာ　၁၃

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၄ရက်မှ အောက်တိုဘာ၁၅ရက်အထိ နေ့စဉ်ညနေ ၄ နာရီမှ စတင်၍ သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေးစခန်းနှင့် အောင်ဆန်းအားကစားပြိုင်ကွင်းတို့၌ ကျင်းပသွားမည်ဖြစ်သည်။

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်၊ လယ်ယာ/ထွက်ကုန်၊ စွမ်းအင်၊ ကမ္ဘောဇ၊ စီးပွား/ကူးသန်း၊ မလိခ၊ ကာကွယ်ရေး၊ ပတ္တမြားနဂါး၊ မြို့တော်စည်ပင်၊ လယ်/ဆည်၊ ပို့ဆောင်ရေး၊ တံခွန်၊ ဆောက်လုပ်ရေး၊ တပ်မတော်ကြည်း(က)၊ သစ်တောရေးရာနှင့် ပြည်ထဲရေးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

စက်တင်ဘာ၁၄ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေးစခန်း၌ ဘဏ္ဍာ/အခွန်နှင့် လယ်ယာ/ထွက်ကုန်၊ အောင်ဆန်းအားကစား ပြိုင်ကွင်း၌စွမ်းအင်နှင့် ကမ္ဘောဇအသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။　　(ကြေးမုံ)

စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၁ရက်က ကျောင်းခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်တန်းတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ မသဉ္ဇာဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမွန် ဆုချီးမြှင့်စဉ်။

(က-ပ)

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၅၉)နေ ဒေါက်တာ ဦးသန်းဝင်း၊ ဒေါ်အေးသီတာဝင်း (သမီး) မခင်သီတာဝင်းမိသားစုတို့က ဒေါ်အေးသီတာဝင်း၏မွေးနေ့အထိမ်းအမှတ် သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် ရှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့၊အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)နှင့် အဖွဲ့ဝင်ဦးချစ်မြိုင်တို့ထံဩဂုတ် ၂၂ ရက်က ပေးအပ်လှူဒါန်းစဉ်။　　(က-ပ)

စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းများဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ် ဗိုလ်လောင်း၊ တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်း နှင့် တပ်မတော်နည်းပညာ တက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင် သွင်းထားသူများသည်ဝင်ခွင့် စာမေးပွဲကို အောက်ပါ အတိုင်း ဖြေဆိုကြရမည်–

(က) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ(၁၉)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်–

(၁)	အင်္ဂလိပ်စာ	၀၉၀၀	နာရီမှ	၁၁၀၀	နာရီထိ။
(၂)	ဇီဝဗေဒ	၁၃၀၀	နာရီမှ	၁၅၀၀	နာရီထိ။

(ခ) တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည် အချင်းစစ် စာမေးပွဲကို ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ(၂၀)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်–

(၁)	အင်္ဂလိပ်စာ	၀၉၀၀	နာရီမှ	၁၁၀၀	နာရီထိ၊
(၂)	သင်္ချာ	၁၃၀၀	နာရီမှ	၁၅၀၀	နာရီထိ။

(ဂ) စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ(၂၁)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်–

(၁)	အင်္ဂလိပ်စာ	၀၉၀၀	နာရီမှ	၁၁၀၀	နာရီထိ၊
(၂)	သင်္ချာ	၁၃၀၀	နာရီမှ	၁၅၀၀	နာရီထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါ နေရာများတွင် ဖြေဆိုရမည်–

(က)	မြစ်ကြီးနားမြို့	တပ်နယ်ခန်းမ၊
(ခ)	လားရှိုးမြို့	တိုင်းစစ်ဌာနချုပ်ခန်းမ၊
(ဂ)	ကျိုင်းတုံမြို့	တိုင်းစစ်ဌာနချုပ်ခန်းမ၊
(ဃ)	တောင်ကြီးမြို့	သံလွင်ခန်းမ။
(င)	မော်လမြိုင်မြို့	ရွှေနတ်တောင် တပ်မတော် အထက။
(စ)	မြိတ်မြို့	တိုင်းစစ်ဌာနချုပ်ခန်းမ၊
(ဆ)	စစ်တွေမြို့	ဗန္ဓုလခန်းမ၊
(ဇ)	မုံရွာမြို့	အထက(၂) အလုံ၊ တပ်မတော်ကျောင်း။
(ဈ)	တောင်ငူမြို့	တိုင်းစစ်ဌာနချုပ်ခန်းမ၊

(ည) ရန်ကုန်မြို့

(၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်

(ကက) ခုံအမှတ်(၁)မှ(၁၄၀၀)အထိ၊ အထက(၂)၊ မင်္ဂလာခုံ။

(ခခ) ခုံအမှတ်(၁၄၀၁)မှ နောက်ပိုင်း– ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ ရန်ကင်း။

(၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် – အထက(၂)၊ မင်္ဂလာခုံ။

(၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် – အထက (၂)၊ မင်္ဂလာခုံ။

(ဋ) ပုသိမ်မြို့

(၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်

(ကက) ခုံအမှတ်(၁)မှ(၂၅၀)အထိ– တိုင်းစစ်ဌာနချုပ်ခန်းမ၊

(ခခ) ခုံအမှတ်(၂၅၁)မှ နောက်ပိုင်း– တပ်နယ်အားကစားရုံ၊

(၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် – တိုင်းစစ်ဌာနချုပ်ခန်းမ၊

(၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် – တိုင်းစစ်ဌာနချုပ်ခန်းမ၊

(ဌ) မန္တလေးမြို့

(၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်

(ကက) ခုံအမှတ်(၁)မှ(၁၄၀၀)အထိ– အထက(၁၈)၊ နန်းတွင်း၊

(ခခ) ခုံအမှတ်(၁၄၀၁)မှနောက်ပိုင်း – အမက(၆)၊ နန်းတွင်း၊

(၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် –အထက(၁၈)၊ နန်းတွင်း။

(၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် – အထက(၁၈)၊ နန်းတွင်း။

၃။ မိမိတို့ လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာ ထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှု နိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးလက်မှတ်ကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးလက်မှတ် တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

အမှတ်(၂၂၀) ပြည်လမ်း ထောက်ကြန့်မြို့နယ်နေ ဒေါ်ရင်လှိုင်၊ ဒေါ်ရင်မြိုင်တို့က ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ထာဝရ ဆွမ်း၊ဆေး ပဒေသာပင် ကျပ်ငါးသောင်းကို ဩဂုတ် ၂၉ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးဘညာဏ်က လက်ခံယူစဉ်။ (က-ပ)

Job Vacancy ပြည်တွင်းရှိသော ခန့်ထားမည်

- Assistant Manager (Factory) — လျား (၂) ဦး
  - Any Graduate
- Senior Supervisor — လျား (၂) ဦး
  - A.G.T.I
- Estimate (Q.S Section) — (၁) ဦး
  - A.G.T.I (Civil)
- Operation Engineer — (၁) ဦး
  - B.E (Civil) / A.G.T.I (Civil)
- Project ... Chipboard / Plywood ... Gypsum board / Plaster Cornice ...

HR Manager ...

STAR LIGHT

Ph: 534457

အမှန်းများအတွက် VCD KARAOKE

ဒါရိုက်တာ-အောင်ကိုလတ် ၊ ဖိုးစော် ၊ ကိုရဲ ၊ စိုင်းလုံးကျော်ကျော် ၊ မြတ်ကောင်း

ဝယ်ထူး ၊ ကျော်သူရိုး အောင်ကောင်းထက်၊ S.P မြေပဲယို Dinner Flame ညီသူ ၊ မောင်ဘုန်း ၊ ချောစုခင် ရှင်ပွင့်နှင့် ... သရုပ်ဆောင်များစွာ ထွက်ပြီ

လိုက်လှဲစွာချီးကျူးဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံတွင် (၂၅-၈-၂၀၀၄)ရက်နေ့၌ ပထမဦးဆုံးအကြိမ် ပြုလုပ်ခဲ့သည့် အသည်းအစားထိုး ခွဲစိတ်ကုသမှုတွင် ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှ ဦးဆောင်၍ ဆောင်ရွက်ရာ ပူးပေါင်းပါဝင် ခွဲစိတ်ကုသ ပေးခဲ့သော ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာသန်းစိုး အတွက် အထူးပင် လိုက်လှဲစွာ ချီးကျူးဂုဏ်ပြုအပ်ပါသည်။

Dr. ခိုင်လွန်း၊ Dr. သိန်းဝင်းညွန့်၊ Dr. ဆေသင်းဝင်း၊ Dr. ခင်မောင်ဦး၊ ဦးအောင်မြင့်၊ ဦးကျော်မြင့်၊ ကိုတင်ဝမ်းမောင်၊ ကိုသန်းစင်ဦး၊ ကိုရွှေမန်း၊ ကိုတိုးတိုး၊ ကိုစန်းမောင်။

Heart

BEACH CONCERT

CHAUNG THA

ကမ်းစပ်ကခြေရာများ(၁+၂)

HEART MUSIC ... EMPEROR ... LAZY CLUB ... VCD (KARAOKE) ... LIVE SHOW ... MAKING ... VCD ...

EMPEROR, LAZY CLUB, NAWARATT, EMG, EVERGLADES

16. 9. 2004 VCD KARAOKE ထွက်ပြီ

Miss ASEAN Culture Myanmar 2004 Contest

ပေးအပ်မည့်ဆုများ

ပြည်နယ်တစ်ခုချင်းစီ၏အဓမ်းနားဆုံးနှင့်အစည်ကားဆုံးကျင်းပမည့်

ကုန်စည်ပြပွဲနှင့်ဈေးပွဲတော်

တောင်ကြီးမြို့ — အောက်တိုဘာလ(၉)ရက်မှ (၁၃)ရက်ထိ

မော်လမြိုင်မြို့ — အောက်တိုဘာလ(၃၀)ရက်မှနိုဝင်ဘာလ(၃)ရက်ထိ

ဆက်သွယ်ရန် SMART BUSINESS GROUP CO., LTD. Ph: 01-539878, 524274, 09-5014706, 09-5003618 (မုံရွာရုံး)01-651711, 650584

ရန်ကုန်တိုင်း(၂၀၀၄)ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး တက်ရောက် အားပေးချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်း (၂၀၀၄) ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ (World First Aid Day) အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ စစ်ဒေသမှူးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ အလုပ်အမှုဆောင် ကော်မတီဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ တိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာလှမြင့်၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ရန်ကုန်တိုင်း ကြက်ခြေနီ ကြီးကြပ်မှု ကော်မတီဝင်များ၊ ထူးချွန်ဆုရ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ရှေးဦးပြုစုခြင်း (First Aid) ဆိုသည်မှာ အကြောင်းတစ်စုံတစ်ရာကြောင့်ထိခိုက် အနာတရ ဖြစ်ခြင်းနှင့် ရုတ်တရက် ဝေဒနာခံစားရမှု ကြုံတွေ့ရသည်အခါ သက်သာစေရန်အပြင် အသက်မဆုံးရှုံးစေရန် ဆေးရုံ၊ ဆေးခန်းများမှ တတ်ကျွမ်းသူ၏ ကုသမှုကို မခံယူနိုင်မီ ရှေးဦးထိတွေ့ အကူအညီပေး ပြုစုခြင်းပင်ဖြစ်ကြောင်း၊ ကြက်ခြေနီအသင်းကြီးသည် လူမှုကရုဏာကို အခြေခံသည့် အသင်းကြီးဖြစ်သည်နှင့်အညီ "ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်" ဆိုသည့် အသင်းကြီး၏ ရည်ရွယ်ချက် အောင်မြင်စေရေးအတွက် ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါတားဆီးရန်နှင့် ဘေးဒုက္ခရောက်သူများအား ကူညီရန် ဟူသော လုပ်ငန်းစဉ်ကြီး သုံးရပ်ကို ကြက်ခြေနီတပ်ဖွဲ့ဝင် မောင်မယ်များက ပြည်သူများအတွက် စေတနာစိတ်အား ထက်သန်စွာဖြင့် ဆောင်ရွက်ကြစေလိုကြောင်း။

လူမှုကရုဏာလုပ်ငန်းကို စိတ်ဝင်တစား တက်ကြွစွာ ဆောင်ရွက်နေကြသည့် စေတနာရှင် ကြက်ခြေနီအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ အနေဖြင့် ကြက်ခြေနီ အခြေခံမှုများ၊ ကြက်ခြေနီ သဘောတရားများနှင့်အညီ မိမိတို့ တတ်သိထားသော ရှေးဦးပြုစုခြင်း ပညာရပ်ဖြင့် ပြည်သူလူထုအား ကူညီကြစေလိုကြောင်းနှင့် "ရှေးဦးပြုစု လူမှုကရုဏာ အပေါင်းလက္ခဏာ" ဆိုသည့် ဆောင်ပုဒ်အား အနှစ်သာရပြည့်ဝစွာ အကောင်အထည်ဖော်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဒိုင်းဆုပေးအပ်

ထို့နောက် ရန်ကုန်တိုင်း ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က ၂၀၀၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ပြည်နယ်နှင့် တိုင်း သူနာပြုစွမ်းရည်၊ စစ်ရေးပြနှင့် လူထုအတွင်း ရှေးဦးပြုစုခြင်းပြိုင်ပွဲ တံခွန်စိုက်အလံကိုလည်းကောင်း၊ ရန်ကုန်တိုင်း ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာအောင်ဝင်းက ၂၀၀၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ပြည်နယ်နှင့် တိုင်း သူနာပြုစွမ်းရည်၊ စစ်ရေးပြနှင့် လူထုအတွင်း ရှေးဦးပြုစုခြင်းပြိုင်ပွဲ စစ်ရေးပြ တံခွန်စိုက် ဒိုင်းဆုကြီးနှင့် စွမ်းရည် တံခွန်စိုက် ဒိုင်းဆုကြီးတို့ကိုလည်းကောင်း ပေးအပ်ရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက လက်ခံသည်။

ဆက်လက်၍ ဆုပေးပွဲအစီအစဉ်ကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ထမ်းစင်ပြိုင်ပွဲ၊ စစ်ရေးပြပြိုင်ပွဲတို့တွင် ဆုရရှိသည့် ကြက်ခြေနီမောင်မယ်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးက ရာသက်ပန် အသင်းဝင် အကောင်းဆုံး စည်းရုံးနိုင်သောမြို့နယ်ဆုများကို ပေးအပ်ချီးမြှင့်ရာ ပထမဆုရရှိသည့် သာကေတမြို့နယ်၊ ဒုတိယဆုရရှိသည့် တာမွေမြို့နယ်နှင့် တတိယဆုရရှိသည့် ဒေါပုံမြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်၊ တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးက ၂၀၀၄ခုနှစ်အတွင်း လူမှုထူးချွန်ဆု ရရှိခဲ့သည့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင်စွန့်စွန့်စားစား ဆောင်ရွက်ခဲ့သည့်ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ၂၀၀၄ ခုနှစ် ရန်ကုန်တိုင်း ထူးချွန်ကြက်ခြေနီ ၂၁ ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က ၂၀၀၄ ခုနှစ် ရန်ကုန်တိုင်း ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် သူနာပြုစွမ်းရည် ပြိုင်ပွဲများ၌ ဆုရရှိကြသည့် ကြက်ခြေနီမောင်မယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း (၂၀၀၄) ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ (World First Aid Day) အထိမ်းအမှတ် အခမ်းအနားတွင် ထူးချွန်ဆုရရှိသူအား ဆုချီးမြှင့်စဉ်။ (ရန်ကုန်တိုင်း)

ဖျာပုံတံတား စီမံကိန်းလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် စက်တင်ဘာ ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ဧရာဝတီတိုင်း ဖျာပုံတံတား တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ ဖျာပုံတံတားတည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်၌ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၇)မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် တည်ဆောက်ရေး ပစ္စည်းများရရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက တံတားကို သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ တည်ဆောက်ရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် အင်တိုက်အားတိုက် ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးဦးစားပေးရန်၊ စက်သုံးဆီများကို အလေအလွင့် မရှိစေဘဲ ထိရောက်စွာအသုံးပြုရေးတို့ကိုမှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖျာပုံတံတားသည် ဖျာပုံမြစ်ကို ဖြတ်၍ အုန်းပင်ကျေးရွာနှင့် ဖျာပုံမြို့အမှတ်(၁)ရပ်ကွက်တို့ကို ဆက်သွယ်တည်ဆောက်ထားပြီး ဒေးဒရဲ-ဖျာပုံ-ဘိုကလေး လမ်းပေါ်ရှိ တံတားဖြစ်သည်။ ပင်မတံတားမှာ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ပြီး ၁၃၇၂ ပေရှိသည်။ ချဉ်းကပ်တံတား ဖျာပုံဘက်ကမ်းမှာ ပေ ၁၂၁၀နှင့် ဒေးဒရဲဘက်ချဉ်းကပ်တံတားမှာ ပေ ၁၂၃၀ အရှည်သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ တံတားအရှည် စုစုပေါင်းမှာ ၃၈၁၂ ပေရှိမည်ဖြစ်သည်။ တံတားမှာ နှစ်လမ်းမောင်းဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်အကျယ်မှာ ၂၆၅ပေနှင့်အမြင့် ၃၆ ပေရှိမည်ဖြစ်သည်။

တံတားကြီး တည်ဆောက်ပြီးစီးသွားပါက ရန်ကုန်မြို့မှ ဖျာပုံမြို့သို့ အချိန်တိုအတွင်း လုံခြုံစိတ်ချစွာ သွားလာနိုင်မည်ဖြစ်သည်။ ထို့အပြင် ဖျာပုံမြို့မှတစ်ဆင့် အနောက်ဘက် ဘိုကလေးမြို့သို့လည်းကောင်း၊ပင်လယ်ကမ်းစပ်ဒေသများဖြစ်သည့် ကမာကလူ၊ ကျုံကဒွန်း၊ ဆိပ်မ၊ ကဒုံကနိ စသည့် ဒေသများသို့လည်းကောင်း အတိုဆုံးခရီးဖြင့် ဆက်သွယ် သွားလာနိုင်မည်ဖြစ်ပြီး ရန်ကုန်-ညောင်တုန်း-မအူပင်-ကျိုက်လတ်-ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံ ကုန်း-ဒလလမ်း ကွန်ရက်ပတ်လမ်းအတိုင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

စက်တင်ဘာ ၁၁ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဖျာပုံတံတားတည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)



ကယားပြည်နယ်မှ အနုပညာရှင်လေးများအား ဂီတပညာရှင်ကြီးများက သင်ကြားပို့ချ

ရန်ကုန် စက်တင်ဘာ ၁၃

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်နယ်/တိုင်း အသီးသီးမှ ရွေးပုန်းသီး အနုပညာရှင်လေးများအား ဂီတပညာများ သင်ကြားပို့ချရန် ဂီတပညာရှင်ကြီးများသည် ပြည်နယ်/တိုင်း များသို့ သွားရောက်သင်ကြားပေးလျက်ရှိသည်။

သင်ကြားပို့ချ

အစီအစဉ်အရ ဗဟိုဒိုင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးလေးညွန့် ခေါင်းဆောင်သည့် အနုပညာရှင် ကိုးဦးပါဝင်သော အဖွဲ့သည် ဩဂုတ် ၁၅ ရက်မှ ၂၅ ရက် အထိ လွိုင်ကော်မြို့ရှိ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဧည့်ရိပ်သာ၌ အဆိုဘာသာရပ်ကို ဦးကျော်ဆွေ၊ ဒေါ်စိန်ဌေးနှင့် ဒေါ်မူမူခင်တို့ကလည်းကောင်း၊ အရေးဘာသာရပ်ကို ဦးလေးညွန့်ကလည်းကောင်း၊ စန္ဒရားအတီးဘာသာရပ်ကို စန္ဒရား ဦးခင်လှကလည်းကောင်း၊ အကဘာသာရပ်ကို ဒေါ်ခင်ခင်ဟန်နှင့် ဒေါ်စမ်းစမ်းအေးတို့ကလည်းကောင်း၊ တယောအတီးဘာသာရပ်ကို တယော ဦးတင်ဌေးက လည်းကောင်း၊ ပတ္တလားအတီးဘာသာရပ်ကို ဦးသန်းလှိုင်ကလည်းကောင်း သင်ကြားပို့ချပေးကြသည်။

ဂုဏ်ပြုချီးမြှင့်

ကယားပြည်နယ်မှ တယောအနုပညာရှင်များအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀၀၀၀၀ ကို ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

အင်းစိန် အလက (၁၂)၏ အနာဂတ်ပျိုးခင်း စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၉ ရက်ကပြုလုပ်ရာ အင်းစိန်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြတ်သူ၊ ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်/ဆက်ဦးစီးမှူး ဦးတင်မောင်လွင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ခရိုင်ပြန်/ဆက်)

ရွှေဘိုမြို့နယ် သီးလုံးကျေးရွာအုပ်စုရှိ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ရွှေဘို စက်တင်ဘာ ၉

ရွှေဘိုမြို့နယ် သီးလုံးကျေးရွာအုပ်စုမှ လယ်သမား ဦးဖိုးစိုး၏ ကွင်းအမှတ် (၂၉၆၇) ဧရိယာဧက ၂ဒသမ၈၄ ရှိ စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ၆ ရက်နံနက်၇ နာရီကကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြငွေ၊ ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းလှအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စပါးခင်းများအတွင်း ငါးမျိုးများ စတင်စိုက်ထည့်ပေးသည်။ စုစုပေါင်း ငါးသားပေါက် ကောင်ရေ ၁၄၂၀ စိုက်ထည့်ပေးသည်။ အလားတူ လယ်သမား ၁၃ ဦးတို့၏ ဧရိယာဧက ၅၁ဒသမ၁၈ အတွင်းသို့လည်း ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ တီလားပီးယား ကောင်ရေ စုစုပေါင်း ၂၅၀၉၀ စိုက်ထည့်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ပြည်ခရိုင်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

ပြည် သြဂုတ် ၂၇

ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို သြဂုတ် ၂၇ ရက် ၃ နာရီခွဲက မင်္ဂလာ ရွှေပြည် အားကစားကွင်း၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အသင်းအဖွဲ့ဝင်များ၊ ပရိသတ်များ ကြည့်ရှုအားပေးကြသည်။

ပထမဆု

ဘောလုံးဗိုလ်လုပွဲတွင် ပြည်မြို့နယ် အသင်းနှင့် ပန်းတောင်းမြို့နယ် အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီးနောက် ဆုများကို ဆက်လက်ချီးမြှင့်ရာ ပထမဆုရ ပြည်မြို့နယ်အသင်းအား ဆုဖလားနှင့် တစ်ဦးချင်း ငွေသားဆုများကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းအေး ချီးမြှင့်ပေးအပ်သည်။

ဒုတိယဆု

ဒုတိယဆုရရှိသော ပန်းတောင်းမြို့နယ် အသင်းအပါအဝင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုနှင့် အကောင်းဆုံး အားကစားဆုများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။

ဆက်လက်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း (၁၇)နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် ပထမရရှိသော ပြည်ခရိုင် ဘောလုံးအသင်းက ခရိုင်ဥက္ကဋ္ဌထံသို့ ဒိုင်းဆုအပ်နှံပြီး ဆုရအားကစားသမားများအား တာဝန်ရှိသူများက တစ်ဦးချင်း ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

(ခရိုင်ပြန်/ဆက်)

ဥဿာမြို့သစ် ခုနစ်ရက်တရားစခန်း

ပဲခူး စက်တင်ဘာ ၁၁

ပဲခူးတိုင်း ဥဿာမြို့သစ် ရပ်ကွက်ကြီး (၆)ရှိ သီရိမင်္ဂလာဝင်္ကပါကျောင်း (တပ်ဦးကျောင်း) မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၂၉၈)တွင် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၅ ရက်အထိ မိုးကုတ် ဝိပဿနာ ခုနစ်ရက်တရားစခန်း ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင် ဓမ္မကထိကဆရာတော် ဦးတိလောကနှင့် ဦးဉာဏိန္ဒတို့က ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများ စက်တင်ဘာ ၂၈ ရက် ညနေ ၄နာရီ အရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ကျေးလက်ဒေသ သောက်သုံးရေ ရရှိရေး တောင်ဇင်းကျေးရွာ စက်ရေတွင်းဖွင့်

ညောင်ဦး သြဂုတ် ၃၀

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးများအဖွဲ့မှ လှူဒါန်းငွေကျပ် ၈၄၅၅၅၀၀ ဖြင့် ညောင်ဦး(ပုဂံ) မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တောင်ဇင်းကျေးရွာအုပ်စု စံပြကျေးရွာတွင် တူးဖော်ပေးခဲ့သည့် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၂၈ ရက်က အဆိုပါ စက်ရေတွင်း မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်စံယုံနှင့် ဝန်ကြီးဌာနမှ အလှူရှင် အမျိုးသမီးများ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ဖွင့်ပွဲအခမ်းအနားတွင် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းက စက်ရေတွင်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြပြီး စံပြကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကြည့်ရှုအားပေး

၎င်းနောက်ဝန်ကြီး၏ဇနီး ဒေါ်စံယုံနှင့် ဝန်ကြီးဌာနမှ အလှူရှင် အမျိုးသမီးများအဖွဲ့က စက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကျေးရွာပြည်သူများ ရေရယူသုံးစွဲမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**

စက်တင်ဘာ ၂၃ ရက်က နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းဘေး ဝဲ၊ ယာ သာယာလှပရေးအတွက် ပန်းအလှပင်များကို ဝန်ထမ်းများ စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင် သြဂုတ် ၂၉ ရက်က မြို့လယ်ရှိ ကျောက်တိုင်ကွင်းအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ သန့်ရှင်းသာယာလှပရေး ပန်းအလှပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကာမိုင်း မြို့မဈေး သန့်ရှင်းရေးစစ်ဆေး

ကာမိုင်း သြဂုတ် ၂၈

ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအင်ခွမ်တူးသည် သြဂုတ် ၇ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ အဖွဲ့ပိုင် ကာမိုင်းမြို့မဈေးတွင် စားသောက်ဖွယ်ရာနှင့် အသားငါးရောင်းချသူဈေးသူ၊ ဈေးသားများအား သန့်ရှင်းလတ်ဆတ်သော စားသောက်ဖွယ်ရာများ၊ အသားငါးများကိုသာ ရောင်းချရန်နှင့် ဈေးအတွင်း ကျန်းမာရေး၊ သန့်ရှင်းရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။ (က-ပ)

မိုးကောင်းမြို့ ပန်းအလှခုံ ပြုပြင်ဆောင်ရွက်

မိုးကောင်း သြဂုတ် ၃၁

မိုးကောင်းမြို့ သာယာလှပရေးအတွက် အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ သြဂုတ် ၁၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဒေါ်မြတ်မြတ်သူတို့က ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဘုရင့်နောင်လမ်းဆုံနေရာ၌ ပန်းအလှစိုက်ပျိုးရန် တြိဂံပန်းခုံပြုပြင်နေမှုကို ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

(က-ပ)

ရေစကြိုမြို့နယ် မိခင်/ကလေးအသင်း မျိုးဆက်ပွားဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်

ရေစကြို သြဂုတ် ၃၀

ရေစကြိုမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော ကျန်းမာရေး မျိုးဆက်ပွားဆိုင်ရာ (ဆရာဖြစ်) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မြို့နယ်ပြည်သူ့ ဆေးရုံ သင်တန်းခန်းမ၌ သြဂုတ် ၂၆ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်ဆရာဝန်ကြီး ဦးမြင့်အောင်က ကျန်းမာရေး မျိုးဆက်ပွားဆိုင်ရာ ပညာပေး ဟောပြောသည်။

ရှင်းလင်း

ဆက်လက်၍ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ချိုချိုနွယ်က ကျန်းမာရေး မျိုးဆက်ပွားဆိုင်ရာ (ဆရာဖြစ်) သင်တန်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

(မြို့နယ်ပြန်/ဆက်)

မြို့နယ်သတင်းများ

တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (လက်ထောက် ညွှန်ကြားရေးမှူး) ဦးသန်းလင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းလွင်တို့ ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများက စက်တင်ဘာ ၃ ရက်က ကွမ်းခြံရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် ပန်းခုံများတွင် ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ပန်းပင်ပုံသွင်း ဖြတ်ညှိခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်/စည်ပင်)

သြဂုတ် ၂၇ ရက်က မြစ်သားမြို့ စိမ်းလန်းစိုပြည်ရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးရန် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပြုစုပျိုးထောင်ခြင်းနှင့် ပျိုးအိတ်များ ထုတ်လုပ်ခြင်းကို အမှုဆောင်အရာရှိ ဦးဂျော်ချ်မျိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်

သြဂုတ် ၅ ရက်က မုံရွာမြို့ စက်မှုဇုန်တွင် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲတွင် မုံရွာခရိုင် ဦးစီးဌာနမှူး ဦးစိုင်းထွန်းဝေက နိုင်ငံသားစိစစ်ရေးကတ်ပြားကို ပြည်သူတစ်ဦးအား ပေးအပ်စဉ်။ (က-ပ)

တိုင်းရင်းဆေး သင်တန်းဖွင့်

မြိတ် စက်တင်ဘာ ၅

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းခွဲ (တနင်္သာရီတိုင်း)မှ ကြီးမှူးဖွင့်လှစ်သော အခြေခံ တိုင်းရင်းဆေးပညာသင်တန်း ဖွင့်ပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီခွဲက တနင်္သာရီတိုင်း မြိတ်မြို့ အထက(၁) ပညာ့ဗိမာန်ခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မျိုးညွှန့်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ အဆိုပါ သင်တန်းသို့ တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ်များမှ သင်တန်းသူ၊ သင်တန်းသား ၇၁ ဦး တက်ရောက်ကြသည်။ **(က-ပ)**

ဂန့်ဂေါခရိုင်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

ဂန့်ဂေါ ဩဂုတ် ၃၀

ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံး ပြိုင်ပွဲနှင့် အမျိုးသားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၅ ရက်က ဂန့်ဂေါမြို့ အားကစားကွင်း၌ ကျင်းပသည်။

အနိုင်ရဗိုလ်စွဲ

အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဂန့်ဂေါမြို့နယ် (က) အသင်းကလည်းကောင်း၊ အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ဂန့်ဂေါမြို့နယ် (က)အသင်းကလည်းကောင်း အနိုင်ရဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကို ဩဂုတ် ၁၅ ရက်က ဂန့်ဂေါမြို့ အားကစားကွင်း၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေက ဆုဖလားများနှင့် ပထမဆုကို လည်းကောင်း၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးအောင်လှက ဒုတိယဆုများကို လည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်စိုးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး သောင်းကြီးတို့က အကောင်းဆုံး ဘောလုံးသမားဆုများနှင့် ဒိုင်လူကြီးဆုများကိုလည်းကောင်း အသီးသီး ချီးမြှင့်ကြသည်။ **(၄၆၅)**

အနတ္တလက္ခဏကျောင်းတရားပွဲ

မော်လမြိုင် စက်တင်ဘာ ၁၂

မော်လမြိုင်မြို့ ဈေးကြိုဆန်တန်းရပ် အနတ္တလက္ခဏကျောင်းတွင် ၁၃၆၆ခု တော်သလင်းလပြည့် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီ၌ နယ်လှည့်ဓမ္မကထိက မော်လမြိုင်-တောင်ဝိုင်း ဓမ္မရက္ခိတ ဆရာတော် ချင်းတွင်း အရှင်ကလျာဏက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြသမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသန်းလှ အင်ဂျင်နီယာမှူး ဦးမင်းအောင်မြင့်စိုးနှင့်အဖွဲ့ လိုက်ပါလျက် ကလေးမြို့ ထင်းရှူးမြိုင်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို စက်တင်ဘာ ၁ ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဆွမ်းဆန်တော်လှူဒါန်း

ပဲခူး ဩဂုတ် ၃၀

ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာန မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဇောတိကပါလ မဟာထေရ်ထံသို့ ဩဂုတ် ၂၈ ရက်က တန်ဖိုးငွေကျပ် ၁၄၆၀၀၀၀ ရှိ ဆွမ်းဆန်တော်အိတ် ၂၀၀ ကို "မင်္ဂလာမေ" အမျိုးသမီးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်မှုသမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌ ဒေါ်သက်ရီ၊ ဒုဥက္ကဋ္ဌ ဒေါ်တင်တင်ဝေ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းသူများကလှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

ဘဝမြင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် ကျန်းမာရေး အသိပညာပေး ဟောပြော

ရွှေဘို ဩဂုတ် ၃၁

ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး ကံဖြူကျေးရွာ အမကကျောင်းတွင် ဘဝမြင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

စာကြည့်တိုက်ဖွင့်ပွဲတွင် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်၏ ဇနီး ဒေါ်မြမြအေးနှင့် ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်၏ ဇနီး ဒေါ်မြမြအေးက အဖွင့်အမှာစကား ပြောကြားပြီး ရွှေဘိုခရိုင် ငှက်ဖျားမှူး ဦးဆန်းမြင့်က ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ အကြောင်းကို လည်းကောင်း၊ မြို့နယ်အသင်း အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်အေးမြင့်က အိုင်အိုဒင်းဆားသုံးစွဲရေး အကြောင်းကိုလည်းကောင်း အသိပညာပေး ဟောပြောကြသည်။ **(ခရိုင်ပြန်/ဆက်)**

ရမည်းသင်းမြို့၌ သစ်ပင်များစိုက်ပျိုး

ရမည်းသင်း ဩဂုတ် ၃၀

ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်တွင်းနှင့် ရန်ကုန်-မန္တလေး ကားလမ်းဘေးဝဲယာတို့ စိမ်းလန်းစိုပြည်ရေးအတွက် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ ဥက္ကဋ္ဌနှင့် အသင်းအဖွဲ့များက အရိပ်ရသစ်ပင်မျိုးစုံကို စိုက်ပျိုးခြင်း၊ ခြံစည်းရိုးကာခြင်းစသည့် လုပ်ငန်းများကို စနေနေ့တိုင်း ပြုလုပ်လျက်ရှိကြသည်။

ဩဂုတ် ၂၇ ရက်က မြို့နယ်စည်ပင်သာယာ ဝန်ထမ်းများသည် အရိပ်ရအပင် ၇၀၀ စိုက်ပျိုးနေမှုကို မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးစန်းဝင်းနှင့် ဦးစီးမှူး ဦးမောင်မောင်သောင်းတို့က အားပေးဆောင်ရွက်ပေးကြောင်း သိရသည်။ **(၁၁၅)**

ဩဂုတ် ၂၂ ရက်က ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဋ္ဌေးဝင်း၊ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မင်းဦး ဦးဆောင်သော ဝန်ထမ်းများ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ စုပေါင်း၍ သီရိမင်္ဂလာရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ကြစဉ်။ (မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်

မူဆယ် ဩဂုတ် ၃၀

မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတို့ ပူးပေါင်းလျက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိရာ ဩဂုတ်လအထိ မူဆယ်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၀ နှင့် ကျေးရွာခုနစ်ရွာ စုစုပေါင်း ၂၇ ခု ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

အဆိုပါစာကြည့်တိုက်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်ခင်စန်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းခိုင်၊ ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ စာကြည့်တိုက်များသို့ ခရိုင်ပြန်/ဆက်ရုံးမှ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ၅၀ အုပ်နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ၅၀ အုပ်စီ ပေးကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ဩဂုတ် ၃၀ ရက်က ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်စိုး၊ အင်ဂျင်နီယာမှူး ဦးဇော်ထွန်းနှင့်အဖွဲ့ ဖျာပုံမြို့ ဒုတိယလမ်းမကြီးတစ်လျှောက် လမ်းပြုပြင်ခြင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၃၈၃)

မြို့နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ

ပေါင် စက်တင်ဘာ ၅

ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဒွါဒသမအကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (မြို့နယ်အဆင့်) ပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၂၉ရက်နံနက် ၉နာရီက ပေါင်မြို့ အထက ခန်းမတွင် ကျင်းပရာ ဝါသနာရှင်များ၊ အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများအား ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြ၊ အတွင်းရေးမှူး ဦးဝင်းဆန်း၊ မြို့နယ်ပညာရေးမှူး ဦးအောင်ချစ်နှင့် ပေါင်မြို့ အထကမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်အုန်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(၂၅၅)**

မြို့နယ်သတင်းများ

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ဇင်မာလွင်တို့ ဩဂုတ် ၂၄ ရက်က ဇောတိဘုရားလမ်းတွင် လမ်းပေါက် ဖာခြင်းလုပ်ငန်းအား ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမျိုးသမီးအိမ်တွင်းမှု သင်တန်းဆင်းပွဲ ဟားခါး၌ ကျင်းပ

ဟားခါး ဩဂုတ် ၃၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ချင်းပြည်နယ် ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာအခြေခံသင်တန်း အမှတ်စဉ်(၂၅/၂၀၀၄)နှင့် အဆင့်မြင့်သင်တန်း အမှတ်စဉ်(၈/၂၀၀၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီတွင် ဟားခါးမြို့ အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဆန်းအောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူသည်။

အဆိုပါ သင်တန်းသို့ ဟားခါး၊ ထန်တလန်မြို့ပေါ်နှင့် ကျေးရွာများမှ အခြေခံသင်တန်းသူ ၂၇ဦးနှင့် အဆင့်မြင့်သင်တန်းသူ သုံးဦးတို့ တက်ရောက်သင်ယူကြပြီး သင်တန်းကာလ ၁၄ ပတ်ကြာမြင့်သည်။ ဟားခါးမြို့ အမျိုးသမီး အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁/၉၅)မှ ယနေ့အထိ သင်တန်းသူ စုစုပေါင်း အခြေခံသင်တန်းသူ ၁၀၉၇ ဦးနှင့် အဆင့်မြင့်သင်တန်းသူ ၄၄ ဦးတို့ကို သင်ကြားပို့ချပြီးဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

မိုးနဲမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

မိုးနဲ ဩဂုတ် ၃၀

မိုးနဲမြို့နယ် နားခံကျေးရွာ နားခံသုတ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၂၅ ရက်က နားခံကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

လှူဒါန်း

ရေးဦးစွာ ကိုယ့်အားကိုယ်ကိုး နားခံသုတ စာကြည့်တိုက်ကို ကျေးရွာဥက္ကဋ္ဌက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ခင်းကျင်းပြသသည်။ ကျေးရွာစာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များနှင့် ပညာပေး လက်ကမ်းစာစောင်၊ ပိုစတာများကို စာထောက်(၃) ဒေါ်နန်းရွှေကြည်က လှူဒါန်းသည်။

ဟောပြော

ဆက်လက်၍ ဟောပြောပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သာက နိုင်ငံတော် တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ကျေးရွာစာကြည့်တိုက် ထူထောင်ခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဦးအောင်ဆန်းဝင်းက မွေးမြူကုသရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးခန်းမှ လက်ထောက်ဆေးခန်းမှူး ဒေါ်မြမြခိုင်တို့က ဟောပြောကြသည်။ **(မြို့နယ်ပြန်/ဆက်)**

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးထွန်းနှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ ဈေးတာဝန်ခံနှင့် ဈေးမိ၊ ဈေးဖများ စက်တင်ဘာ ၁ ရက်က ရောဂါကင်းသော အသားများ ထုတ်လုပ်မှု၊ ဈေးအတွင်း ယင်လုံသံဆန်ကာဖြင့် သားငါးရောင်းချမှု၊ စားသောက်ဆိုင်များ သန့်ရှင်းမှုကို စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

NEW MOTION TRAVELS CO., LTD.
Air Bag, Aircon Bus, Standard Hotel, Restaurant, Medical Care, Guide Service.
Sept ; 23 Oct ; 14, 28
Sept ; 28
Ph : 725 799, 537 024

သမီးလေးနှင်းအိဖြူ(ခ)ချောစုအတွက် မွေးနေ့ဆုတောင်း

မိဘကျေးဇူးသိတတ်ပြီး လိမ္မာတဲ့ သမီးလေး ချောစု ၁၄–၉–၂၀၀၄ မွေးနေ့မှ နောင်နှစ်ပေါင်း များစွာတိုင်အောင် မိသားစုနှင့်အတူ သာယာချမ်းမြေ့သော ဘဝလမ်းကို ထာဝရလျှောက်လှမ်းနိုင်ပါစေလို့။

ဖေဖေ–ဦးကိုကို
မေမေ–ဒေါ်နုနုရီ
မောင်လေး–သီဟကိုကို။

မိဿသမီး
Sep: 23, Oct: 27,28
Aircon Bus, Hotel, Restaurant, Medical Care, Guide Service.

ဇော်ဝင်း
Hiace, Mene Bus, Saloon, Van, Publica
☎ 380183, 380821

ကျိုက်ထော် ယခင်အလက ကျောင်းသား/ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ

သူငယ်ချင်းတို့

ကျိုက်ထော် ယခင် အလကကျောင်းတော်ကြီးတွင် ပညာသင်ကြားခဲ့သော ကျေးဇူးရှင် ဆရာ၊ ဆရာမကြီးများအား ပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲပြုလုပ်ရန် စီစဉ်နေကြတယ်။ အမြန်ဆက်သွယ်ပြီး တက်ဖြစ်အောင် ကြိုးစားစေချင်တယ်။

ဆရာ၊ ဆရာမကြီးများ	ဆက်သွယ်ရန်
၁။ဆရာမကြီး ဒေါ်မြ	၁။ဒေါ်မြင့်မြင့်စိန် ဖုန်း–၃၈၄၅၀၉
၂။ဆရာကြီး ဦးချစ်စိန်	၂။ကိုလှမြင့် ဖုန်း–၂၄၄၀၀၈
၃။ဆရာကြီး ဦးတင်ဝင်း	၃။ကိုစန်းမောင် ဖုန်း–၂၂၉၆၉၀
၄။ဆရာကြီး ဦးလှညွန့်	၄။ကိုလှကျော် ဖုန်း–၅၀၁၀၁၅
၅။ဆရာကြီး ဦးဝင်း	၅။ကိုမြင့်ဦး ဖုန်း–၂၄၇၅၄၅
၆။ဆရာမကြီး ဒေါ်ယဉ်ကြည်	၆။ကိုမြင့်သိန်း စာကြည့်တိုက်မှူး
၇။ဆရာမကြီး ဒေါ်စန်းမြင့် (ဒေါ်နီ)	၇။ဦးသန်းလွင် ဖုန်း–၀၁–၂၄၉၅၇၇
၈။ဆရာကြီး ဦးအေးထွဋ်	၀၉–၅၀၀၂၀၁၁။
၉။ဆရာကြီး ဦးစိုးနိုင်	

ကျင်းပမည့်နေရာ –အမေ့ရွာစာပျိုးခင်း၊ ကျိုက်ထော်
ကျင်းပမည့်နေ့ရက် –၂၄–၁၀–၂၀၀၄ (တနင်္ဂနွေနေ့)
အစီအစဉ်ညှိနှိုင်းမည့်ရက် –၂–၁၀–၂၀၀၄

(ကျိုက်ထော်ယခင်အလကကျောင်းသား/ကျောင်းသူဟောင်းများ)

ကျိုက်ထော်အမေ့ရွာစာပျိုးခင်း၊ စာကြည့်တိုက်အတွက် စာအုပ်စာပေများ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

CAREER OPPORTUNITY

(For Local Service Only)

We, UNITED MACHINERY CO., LTD., are seeking a self motivated person who is willing to grow with us. The following opportunities are available:

1. HUMAN RESOURCE DEVELOPMENT MANAGER M/F 1 POST
- Minimum 5 yrs experience as HRD Manager
- Self motivated, Energetic, Flexible and Team-work oriented
- MBA is preferred

2. INVENTORY CONTROL MANAGER M/F 1 POST
- Minimum 3 yrs experience in Inventory Management
- Self motivated, Energetic, Flexible and Team-work oriented
- Any Graduate

3. SALES MANAGER M 2 POSTS
- Minimum 3 yrs experience in fields of Heavy Equipments & Parts
- Self motivated, Energetic, Flexible and Team-work oriented
- Bachelor of Engineering

4. SALES ENGINEER / SALES EXECUTIVE M 8 POSTS
- Active, Energetic and Pleasant personality
- Bachelor of Engineering is preferred

5. MECHANIC (MECHANICAL / ELECTRICAL) M 10 POSTS
- Knowledge on Generator & Heavy Equipment is an advantage
- AGTI (Mechanical / Electrical) or T.H.S

6. ACCOUNTANT F 4 POSTS
- Minimum 3 yrs experience and able to manage all transactions
- C.P.A, B.Com or LCCI

7. COMPUTER OPERATOR F 3 POSTS
- High competency in usage of computer
- Any Graduate

8. DRIVER M 2 POSTS
- Minimum 3 yrs experience in similar position
- Active, Honest and Hard working
- 10th standard or higher qualification

9. SECURITY M 8 POSTS
- Experience in Security works is essential
- Active, Honest and Hard working

*** All positions must be aged under 40.**

Interested candidates could send the following address within 2 weeks after this advertisement together with latest C.V, two recent photos, labor registration card and expected salary to:

No. 1947-B, Bogyoke Street, Yangon-Pathein Highway Road, Hlaing Thar Yar Township, Yangon, Myanmar.

လေလံကြော်ငြာ

မုံရွာမြို့၊ မြို့ဝင်ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း အရှေ့ဘက်ကန်းလမ်းပိုဆောင်ရေးညွှန်ကြားမှု ဦးစီး၌ာနနှင့် ကပ်လျက်ရှိသော ရာပြည့်အဆင့်မြင့် ငွေစု/ငွေချေးသမဝါယမအသင်းလီမိတက်၊ အသင်းမှတ်ပုံတင်အမှတ်၊ က–၅၄၄–ခ/မုံရွာ ၃၁–၁–၉၄မှ ဂရန်ရရှိပြီးသည့် ဧရိယာ၃ဒသမ၆၂ ဧကရှိ မြေကွက်ကို ကြမ်းခင်းဈေးသိန်း ၅၀၀ကျပ်ဖြင့် ၂၀၀၄ခုနှစ်၊ နိုဝင်ဘာလ(၉)ရက် အင်္ဂါနေ့ နံနက် ၁၁း၀၀ နာရီအချိန်တွင် မုံရွာမြို့၊ ရာပြည့်အဆင့်မြင့် ငွေစု/ငွေချေးသမဝါယမအသင်း လီမိတက်ရုံးတွင် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(က) လေလံဆွဲဝယ်ရရှိသူအနေဖြင့် တစ်ကြိမ်တည်း ငွေပေးသွင်းနိုင်ခြင်း မရှိပါက အရစ်ကျပေးချေသည့် စနစ်ကို ဤအသင်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။
(ခ) လေလံဆွဲဝယ်သူအနေဖြင့် လုပ်ကိုင်လိုသည့်လုပ်ငန်းများ အခက်အခဲမရှိစေရန် ဤအသင်းနှင့် ကြိုတင်ညှိနှိုင်းနိုင်ပါသည်။
(ဂ) ဤအသင်းမှ ရရန်ငွေများရှိပါက တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ခုနှိမ်ဝယ်ယူနိုင်ပါသည်။
(ဃ) ဝယ်ယူရရှိသူအား ဂရန်အမည်ပေါက်ရရှိအောင် ဆောင်ရွက်ပေးပါမည်။
(င) လူနေရန်နှင့် စီးပွားရေးလုပ်ရန် အချက်အချာကျသော နေရာကောင်းဖြစ်ပါသည်။
(စ) လေလံကြော်ငြာသည့် မြေကွက်ကို ပိုင်းခြား၍ ဝယ်ယူလိုပါက အဆိုပြုနိုင်ပါသည်။

ဆက်သွယ်ရန်–ရုံးချိန်အတွင်း ၀၇၁–၂၁၀၈၈/၂၂၄၄၆

(လှမောင်)
အဖွဲ့ခေါင်းဆောင်
လေလံတင်ရောင်းချရေးအဖွဲ့
ရာပြည့်အဆင့်မြင့်ငွေစု/ငွေချေးသမဝါယမအသင်းလီမိတက်
မုံရွာမြို့။

သင်တန်း / မိတ်ဆုံ
Tel : (01) 723102

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
ရန်ကုန်တိုင်းတရားရုံး။ နယ်တရားမရုံးတော်၌
၂၀၀၂ခုနှစ်၊ တရားမကြီးမှုအမှတ်–၃၄၅နှင့်ဆက်သွယ်သည့်
၂၀၀၄ခုနှစ်၊ တရားမဇာရီမှုအမှတ်–၃၀၉

ဒေါ်နယ်လီဆန်း **နှင့်** ဒေါ်စန်းစန်းနွဲ့
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဒေါ်စန်းစန်းနွဲ့ (အမှတ်–၂၆၊မြေညီထပ်၊ခေါင်းရင်းခန်း၊ မန္တလေးလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်(ယခုနေရပ်လိပ်စာမသိသူ သိစေရမည်)။

၂၀၀၂ခုနှစ်၊ တရားမကြီးမှုအမှတ်–၃၄၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်နယ်လီဆန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၀၄ခုနှစ် စက်တင်ဘာလ ၃၀ရက် (၁၃၆၆ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ရက်)နေ့ မွန်းမတည့်မီ ၁၁နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၄ခုနှစ် စက်တင်ဘာလ ၇ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **ထိန်ဝင်း၊**
တွဲဖက်တိုင်းတရားသူကြီး(၆)၊ ရန်ကုန်တိုင်းတရားရုံး။

လွမ်းဆွတ်သတိရခြင်း

ထူးမြတ်ဖွယ် အနန္တကျေးဇူးရှင် **ဖခင်ကြီး ဘဘဦးတစ်စိန်** သားတို့နှင့် ခွဲခွာသွားသည်မှာ (၁)နှစ်ပြည့်ခဲ့ပါပြီ။

အနန္တကျေးဇူးရှင် **မိခင်ကြီး ဒေါ်ဒေါ်သန်း** သားတို့နှင့် ခွဲခွာသွားသည်မှာ (၁၀)နှစ်ပြည့်ခဲ့ပါပြီ။

ဖွားဘက်တော် **နောင်တော်ကြီး ဦးဘွန်ချောင်း** ညီလေးတို့နှင့် ခွဲခွာသွားသည်မှာ (၁၅)လပြည့်ခဲ့ပါပြီ။

လစဉ် သံဃာတော်(၅)ပါးအား ဆွမ်း၊ လှူဖွယ်ဝတ္ထုအစုစုလှူဒါန်းခြင်း၊ ရန်ကုန်၊ မန္တလေးမြို့များတွင် လှူဒါန်းခြင်းများကို အမျှ–အမျှ–အမျှ ပေးဝေပါ၏။

ဘဘ–မေမေ–ကိုကိုနှင့် ဆွေမျိုးများ မြင့်မြတ်ဘုံဘဝမှ သာဓုခေါ်နိုင်ပါစေသား။

သားများ–ဦးဝင်းခိုင် (ချန်ဝမ်ချန်း)–ဒေါ်နီနီအောင်(ဂျပန်)
ဦးဝင်းနိုင် (ချန်ဝမ်ဖူး)–လင်ချွန်လင်း (အမေရိကား)
မြေးများ–ဇော်မင်းဦး၊ ဇော်မင်းထွန်း (ဩစတြေးလျ)
ချန်ရင်ကွမ်း၊ ချန်ကွမ်းလျှန်း (အမေရိကား)။

ရောင်းမည်

ရုပ်ရှင်/ဗီဒီယို တည်းဖြတ်ထုတ်လုပ်စက်များ (လုပ်ငန်းတစ်ခုလုံးစာ) လျှော့ဈေးဖြင့်ရောင်းမည်။ ကား(သို့)တိုက်ခန်းနှင့်လဲမည်။

ရုံးချိန်–၀၁–၂၄၈၁၇၉။

CRANE

နှင်းမှုန်မှုန်ထဲက လိုတရ သစ်ပင်
Tel 524167/ 539737

(Mon & Tue 7:30-9:00 a.m.) 28-Sep-2004
(Mon & Tue 6:00-7:30 p.m.) 05-Oct-2004
MENTOR LMC

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၄၅။

ဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးဆွေ-ဒေါ်မိမိသက် [စိန်ဟင်း ရတနာရွှေဆိုင်နှင့် စတိုး(ပဲခူး)] တို့၏မိခင် ဒေါ်ရွှေကျင်ရှန်(ဒေါ်ပင်စီ)သည် ၉-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲမိပါကြောင်း။

အန်တီဖိန်း၊ အန်တီနွန်း
ဦးလေးစိုးမိသားစု၊
လားရှိုး။

ဝမ်းနည်းကြေကွဲခြင်း

Shining Star Tour Express Co.,Ltd. (Managing Director) ဦးထင်ချိုသည် ၉-၉-၂၀၀၄ (ကြာသပတေးနေ့) နံနက်၃း၄၅နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

Adventure Myanmar Travels & Tours။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်တင်အေး

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၃၄၊က)နေ (ဝဏ္ဏကျော်ထင်ဦးဘအုန်း STB)ဇနီး၊ ဒေါ်ခင်အေးကြည်၊ ဦးလှမြင့်-ဒေါ်စန်းစန်းခို၊ ပါမောက္ခ ဒေါ်ခင်မေအုန်း (ဆေး-၂၊ မြောက်ဥက္ကလာဆေးရုံကြီး)၊ ဒေါ်ခင်ဆွေအုန်း(MAC)၊ (ဦးသန်းငွေးအုန်း)-ဒေါ်ဆွေဆွေဟန်၊ ဒေါ်ခင်ကြူကြူအုန်း၊ ဦးကျော်စိုး (အကောက်ခွန်)-ဒေါ်ခင်ချိုအုန်း၊ ဦးဆန်းထွေးအုန်း(ကျန်း၊စီမံ ကိန်း)-ဒေါ်ငွေငွေရီတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး၁၃ယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၁၃-၉-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၁၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက်၁၁း၃၀နာရီ တွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဆေးတက္ကသိုလ် (၂) ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခ ဒေါ်ခင်မေအုန်း၏ မိခင် ဒေါ်တင်အေး (၈၃)နှစ် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေးပညာဘာသာရပ်အဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း။

ဘီးလင်းမြို့နယ်အသင်း

ဦးထွန်း(၈၅)နှစ်

သက်ကြီးပူဇော်ခံ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ဘုမ္မာ(၂)လမ်း၊ အမှတ်(၆၅၅)နေ ရာသက်ပန်အသင်းဝင်အသင်း အမှုဆောင် ဦးထွန်းသည် ၁၂-၉-၂၀၀၄ တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ အသင်းဝင်များ ပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းအမ

ဒေါ်ခင်မြ (၈၄) နှစ်

(တောင်ငူ)

တောင်ငူမြို့၊ဈေးကြီးလမ်း၊မြကေတုခြံ အမှတ်(၁၃/၁၉)နေ (ဦးထွန်းငယ်-ဒေါ်ပန်းရင်)တို့၏ သမီး၊ ဒေါ်မြသိန်း၏ ညီမ၊ ဦးတင်အောင်၊ ဦးလေးမောင်၊ ဦးစံရွှေ၊ ဒေါ်ခင်သန်းကြည် (ရတနာကုန်သည်)တို့၏ အစ်မ ကြီး၊ တူ၊ တူမ ၃၀ ယောက်တို့၏ ဒေါ်ကြီးသည် ၂-၉-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၃-၉-၂၀၀၄ ရက်တွင် တောင်ငူမြို့၌ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးလတ် အသက်(၈၀)

(သုံးခွ)

ရန်ကုန်တိုင်း၊ သုံးခွမြို့၊ အမှတ်(၁၇)၊ ဇောတိကလမ်း၊ (၆)ရပ်ကွက်နေ (ဦးရာမွန်း-ဒေါ်ဖွားသက်)တို့၏သား၊ (ဦးလှမောင်-ဒေါ်သင်)တို့၏ သားသမက်၊ ဒေါ်သန်း၏ခင်ပွန်း၊ ဦးမြင့်ဇော်(တရားရုံးချုပ်ရှေ့နေ၊ သုံးခွ)-ဒေါ်ခင်အေးကြူ (အမက-၃၊ သုံးခွ)၊ ဦးတင်စိုး-ဒေါ်ခင်အေးမူ၊ ဒေါ်ဖြူဖြူ (အမက၊ ကံမြင့်)၊ ဒေါ်သီသီပြုံး(အထက-၁၊ခရမ်း)၊ ဦးမျိုးမြင့်အောင်- ဒေါ်မင်းမင်းစန်း၊ မခိုင်ခိုင်လတ်(B.Sc,Zool)၊ ကိုဇော်မျိုး၊ ကိုဇော်ဝင်း၊ မမော်မော်လတ် (B.Sc, Chem)၊ ကိုဟိန်းလတ်ထွေး (Golden Arrow Agency)-မကြူကြူစန်း၊ ကိုလှမြင့်အောင် (B.A ,Law) (T.A.S Co,Ltd.) တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၂-၉-၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄-၉-၂၀၀၄ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် အနောက်ဘက်ကမ်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်ခင်ကြည်(ပီလခတ်)

အသက်(၈၂)နှစ်

ရန်ကုန်တိုင်း၊တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ် (၁၂၉၆)၊ စပယ်လမ်းနေ (ဦးလှမောင်)၏ ဇနီး၊ ဦးမောင်ကံ-ဒေါ်တင်ရှိန်၊ ဦးလှထွန်း-(ဒေါ်ခင်ဥ)၊ ဦးမြစိုး-ဒေါ်သင်းစိန်၊ ဦးကျော်သန်း-ဒေါ်စောကြည်တို့၏ အစ်မကြီး၊ ဦးသန်းဦး-ဒေါ်နွဲ့နွဲ့အေး၊ ဦးသန်းထူး-ဒေါ်ထွေးထွေးမာ၊ ဦးသန်းအောင်-မချော တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၂-၉-၂၀၀၄ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးဘငွေး(ငြိမ်း)

အသက်(၈၀)

ကြည်း(၆၈၅၁)၊ဗိုလ်သင်တန်းအပတ်စဉ်(၁၁)
လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
(မြောင်းမြမြို့)

အိမ်မဲမြို့နယ်၊ မရမ်းပင်ကျေးရွာနေ (ဦးဘိုးဝန်- ဒေါ်တင်မေ)တို့၏သား၊ ဦးခင်မောင်- ဒေါ်တင့်မေ၏အစ်ကို၊ ရန်ကုန်တိုင်း၊ ခြံအမှတ်(၆၆၀/ခ)၊ (၉)လမ်း (တောင်)၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ်ခင်တုတ်၏ ခင်ပွန်း၊ ဒေါ်ခင်ငွေးဦး(အလက-၄၊ အင်းစိန်)၊ ဦးခင်မောင်ငွေး (ဒု-ညွှန်မှူး၊ အင်/ယာ၊ စည်ပင်ဦးစီးဌာန)-ဒေါ်စန္ဒီလွင်၊ ရဲမှူးကြီးတင်မောင်ငွေး (ညွှန်ကြားရေးမှူး (မူးယစ်ဆေးဝါးပပျောက်ရေး၊ မူးယစ်ဗဟို)-ဒေါ်တင်တင်ရွှေ၊ ဒေါက်တာစန်းအောင်၊ ဦးခင်မောင်ထွေး-ဒေါ်ခင်ဝင်းကျော်၊ ဒေါ်စုစုမာ(လဝက ရုံးချုပ်)၊ ဦးထွန်းအောင်ကျော်တို့၏ ဖခင်၊ မခင်ပြည့်စုံလှိုင် (1st M.B ဆေး-၁)၊ မောင်ကောင်းဝေဖြိုး၊ မောင်ဉာဏ်ဖြိုးလင်း၊မယမုံဖူးမွန်၊ မောင်ထွဋ်မြတ်လင်း၊ မခိုင်တင်ဇာငွေး၊ မသဥ္ဇာဖူးမွန်တို့၏အဘိုး ဒုတိယဗိုလ်မှူးကြီးဘငွေး(ငြိမ်း)သည် ၁၃-၉-၂၀၀၄ရက် ည ၇း၂၁ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၀၄ရက်နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်ရွှေမြ (၇၄)နှစ်

(စစ်တွေ)

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၄၃၈)၊ (၁၅)လမ်း၊ (၃)ရပ်ကွက်နေ(ဦးအောင်ကျော်ဇံ)၏ဇနီး၊ ဒေါ်လှသူဇာ (အထက-၂၊ တောင်ဥက္ကလာပ)၊ ဦးသန်းငွေး (စက်ရုံမှူး၊ Lucky Star)၊ ဒေါ်လှသီတာ(စက်ရုံမှူး၊ သဃ်န်းကျွန်း အထည်စက်ရုံ အမှတ်-၁၅)-ဦးကျော်ညွှန့်(အောင်နဒီကုမ္ပဏီ)၊ ဦးသာထွန်းအောင်၊ ဒေါ်နီလာယဉ်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မဟန်သီညွှန့် (ပထမနှစ်၊ စီးပွားရေး)၊ မောင်ကျော်မရ(အထက-၂၊ ကမာရွတ်)၊ မောင်မြတ်ထက်ခန့် (အထက-၂၊ ကမာရွတ်)၊ မောင်ကင်းဝဏ်(ရန်ကင်း-TTC)၊ မသုသုသာ (ရန်ကင်း-TTC)တို့၏ ချစ်လှစွာသော အဘောင်ရှင်သည် ၁၃-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မအိအိမွန်

အသက်(၂၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်း (၆) လမ်းနေ ဦးတင်ထွန်း-ဒေါ်ကြည်လှိုင်တို့၏ သမီးကြီး၊ မောင်သက်နိုင်၏ ချစ်လှစွာသော ဇနီး၊ မဖြိုးဇာခြည်ကျော်၊ မောင်မင်းသက်နိုင်တို့၏ မွေးသမိခင်သည် ၁၂-၉-၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၅း၃၀ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၄-၉-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မလွဲလွဲဝင်း (၂၂)နှစ်

B.Sc- (Bot)
(မင်းပြား)

ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ ဈေးဟောင်းပိုင်းနေ ဦးဒိုးအောင်ကျော် (ကျောင်းဆရာ၊ အငြိမ်းစား)-ဒေါ်သာသာတို့၏ ချစ်လှစွာသောသမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၃၄)၊ သြဘာလမ်း၊ ကျောက်မြောင်းနေ (ဦးမောင်စန်းဝင်း)-ဒေါ်ခိုင်ခိုင်ဦး (အမက-မင်းပြား)၊ မလှလှဝင်း(ခ)မအေးမြကြည် (ပါရဂူ အထူးကုဆေးခန်း)၊ ဦးဘထူးအောင်-ဒေါ်သိန်းသိန်းခိုင် (သားဖွားဆရာမ-မင်းပြား)၊ (ကိုအောင်စောမင်း)၊ ကိုညီညီမောင်(G.T.I)တို့၏ ညီမငယ်၊ မအေးမိုးမိုး (အထက-၁၊ မင်းပြား)၏ အစ်မ၊ မယဉ်ထက်ပန်း၊ မောင်ဟိန်းသုတတို့၏ အဒေါ်၊ ကိုညီအေးသိန်း၏ ချစ်လှစွာသောဇနီး မလွဲလွဲဝင်းသည် ၁၁-၉-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၇-၉-၂၀၀၄(သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ်-၃၄၊သြဘာလမ်း၊ကျောက်မြောင်း နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း ဒါယကာကြီး

ဦးစောအောင် (၇၂)နှစ်

ဦးစီးအရာရှိ(ငြိမ်း)
ထွေ/အုပ်၊ကျောက်တံတားမြို့နယ်
(ရသေ့တောင်)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လိပ်ကန်လမ်း၊ တိုက်(၄)၊ အခန်း (၅၀၂) နေ ဒေါ်ငွေငွေ၏ခင်ပွန်း၊ ဦးစောညွှန့် (1/E Miraco Shipping Co.Ltd.)-ဒေါ်ခင်စောဝင်း၊ (ဦးကျော်စိန်ညွှန့်)-ဒေါ်ဝင်းဝင်းရီ(ထွေ/အုပ်)၊ ဦးလှမောင်သိန်း-ဒေါ်နုနုရီ၊ ဦးအောင်ဝင်း (Civil Engineer) ဒေါ်သီတာဦး(လဝက)၊ ဦးသာဝင်း (E/E Ocean Tankers Shipping Co.Ltd.)၊ ဒေါ်စောခင်လေး (စီးပွားရေးဦးပိုင်) ၊ဦးစောလှဝင်းတို့၏ ဖခင်၊ မြေး ခုနစ်ယောက်တို့၏ အဘိုးသည် ၁၃-၉-၂၀၀၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၅-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်အေး

အသက်(၄၀)

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ကင်းတဲ ကျေးရွာနေ ဦးမောင်မြတင်-ဒေါ်မေမြအောင်တို့၏ သမီး၊ ဦးမောင်ငွေတင်-ဒေါ်တင်တင်မေတို့၏ ညီမ၊ ဦးမောင်တင်ရွှေ-ဒေါ်ကြည်ကြည်ထွေး၊ မောင်တင်လှိုင် (ခ) မောင်ညီလေးတို့၏ အစ်မ၊ ဦးချစ်စိန်-ဒေါ်မသန်းရှင်တို့၏ တူမ၊ ဦးတင်မောင်၏ ဇနီးဖြစ်သူသည် ၁၁-၉-၂၀၀၄(စနေနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ထားဝယ်အသင်း

မောင်မျိုးနိုင်ဦး (၃၄)နှစ်

(ထားဝယ်)

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၅၃)ရပ်ကွက်၊ အမှတ်(၁၅၀-ခ)၊ အောင်ပန်းလမ်းနေ မလှလှသန်း၏ ချစ်လှစွာသောခင်ပွန်း၊ အသင်းဝင်အမှတ် ၃၅၅၃၊ ကိုမျိုးနိုင်ဦးသည် ၁၂-၉-၂၀၀၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ပါ၍ ၁ ၄-၉-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကျိစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့။

ဦးညီ(၈၆)နှစ်

လက်ထောက်ကထိက(ငြိမ်း)
ရန်ကင်းဆရာအတတ်သင်သိပ္ပံ

ပျဉ်းမနားမြို့နေ (ဦးပု-ဒေါ်မမကြီး) တို့၏ သားကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ မင်းခေါင်(၂)လမ်း၊ အမှတ်(၃၅၃)နေ ဒေါ်မြမြ၏ ခင်ပွန်း၊ ဒေါ်ခင်ဆွေဝင်း၊ ဒေါက်တာဦးခင်လှအောင်-ဒေါ်ခင်နွယ် ဦးတို့၏ ချစ်လှစွာသောဖခင်၊ အောင်ရှင်းသန့်၊ မောင်နေထူးအောင်တို့၏ အဘိုးသည် ၁၂-၉-၂၀၀၄ရက် နံနက်၁၁နာရီတွင် သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါ၍၁၄-၉-၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးညိမ်းအောင် (ခ) ဦးမြင့်ဝေ

အသက် (၇၀)

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့၊ အမှတ် က/၆၈၊ ဇေယျာသီရိ (၁)လမ်း၊ ၁၆ရပ်ကွက်နေ (ဦးအုန်းမြိုင်-ဒေါ်ရွှေညွှန့်)တို့၏သား၊ ဒေါ်စိန်မှတ်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမြင့်ဦး၊ ကိုသိန်းထွန်း-မသန်းသန်းမြင့်၊ ကိုကိုလတ်-မသန်းအေး၊ ကိုစိန်အောင်ညိန်း-မစန္ဒာဝင်း၊ ကိုသန်းထွန်းအောင်-မမြမြဦး၊ မအေးအေးမြင့်၊ ကိုရဲအောင်မြင့်-မနီနီအောင်တို့၏ ချစ်လှစွာသောဖခင်၊ မခင်နှင်းဝေ၊ မဇင်နှင်းဝေ၊ မအေးမြနှင်း၊ မအေးသီရိကိုကို၊ မဇင်မာထွန်း၊ ပြည့်ပြည့်(ခ) မောင်ဘုန်းမြတ်ပိုင်၊ မောင်ဟိန်းထက်ဇော်၊ မောင်ကျော်ခိုင်ဖြိုး၊ မောင်လပြည့်အောင်တို့၏ ချစ်လှစွာသော ဘိုးဘိုးသည် ၁၃-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅-၉-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဖေဝင်း (၆၂)နှစ်

ကျောင်းအုပ်ကြီး (ငြိမ်း)
အထက(၁)၊ ဗိုလ်တထောင်

သထုံမြို့နေ (ဦးသာညွှင်း-ဒေါ်မြခင်) တို့၏သား၊ ၂၄၅/၂-၃၅ လမ်း၊ ရန်ကုန်မြို့နေ (ဦးအောင်သိန်း-ဒေါ်အေးရှမ်း) တို့၏ သားသမက်၊ တိုက်(၉)၊ အခန်း (၂၀၃)၊ (၉)လမ်း၊ ယုဇနဥယျာဉ်မြို့တော်နေ ဒေါ်တင်တင်လှ (အထက-၂၊ တောင်ဒဂုံ)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဝင်းဖေဝင်း(စက်မှု-၁၊စားကုန်) ဒေါ်ဝင်းဝင်းဖြူ(အထက-၂၊သာကေတ)၊ ဒေါ်သဲနုအေး (မြဝတီ ရုပ်/သံ)တို့၏ ချစ်လှစွာသော ဖခင်၊ မချောပြည့်ပြည့်ဝင်း၏ အဘိုးသည် ၁၁-၉-၂၀၀၄ရက် ည ၁၁း၄၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၉-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်တင်အေး

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၃၄/က)နေ (ဝဏ္ဏကျော်ထင် ဦးဘအုန်း STB)၏ ဇနီး၊ ကိုဘိုဘိုမြင့်၊ ကိုမင်းဇော်-မခင်ကြေးမုံမြင့်၊ ကိုကျော်စွာမြင့်-မထိုက်သူဇာ၊ ကိုနိုင်မင်းဦး-မမိမိသန်းငွေး၊ မခင်ဝတ်မှုံမြင့်၊ မအေးသင်ဇာသန်းငွေး၊ မောင်နိုင်လင်းသန်းငွေး၊ မဝေမွန်စိုး၊ မသက်နွယ်စိုး၊ မဖြူနှင်းအိ၊ မောင်စည်သူဟန်၊ မယုမွန်ထွေး၊ မောင်ဖြိုးမင်းထွေးတို့၏ အဘွား၊ ခင်စံမိုးနိုင်၊ ဟန်ထူးဇော်၊Tiffany မြင့်တို့၏ ဘွားဘွားကြီး ဒေါ်တင်အေးသည် ၁၃-၉-၂၀၀၄(တနင်္လာနေ့)မွန်းလွဲ ၁၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမြေး၊ မြစ်များ။

ခရစ်တော်၌အိပ်ပျော်ခြင်း
PA VUNGH ZA SING

ဒုအရာခံဗိုလ်(ငြိမ်း)

အသက်(၆၅)နှစ်

ချင်းပြည်နယ် မြောက်ပိုင်း၊ တီးတိန်မြို့နယ် Laai Tui ကျေးရွာနေ (Pu Vungh Khaw Pau-Pi Dim Vung) တို့၏ ဆဋ္ဌမမြောက်သား၊ (Pa Thuam Kam-Nu Ning Do Kim)တို့၏ သားသမက်၊ (Pa Lian Za Thang-Nu Vungh Za Dim)၊ (Nu Am Khaw Niang-Pa Thawng Khaw- Nang)၊ (Pa Pau Za En-Nu Cing Don Ciang) (Pa Nang Khaw Gin-Nu Cin Khaw Awi)၊ (Pa Cing Za Langh-Nu Zo Do Cing) တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ Nu Ning Za Gin-Dr. Sian Za Kam (ပြည်နယ်ကျန်းမာရေးဦးစီးမှူး၊ ငြိမ်း)၊ Saya Kam Khan Suan-Nu Ciang Lian Cingတို့၏အစ်ကို၊ မိတ္ထီလာမြို့၊ ထီလာဦး၊ အမှတ် ၁၄၊အောင်ဇေယျာ ရပ်ကွက်နေ Nu Ciang Khan Gin၏ ချစ်လှစွာသောခင်ပွန်း၊ Lia Vung Khan Niang (မူအုပ်၊ မိတ္ထီလာမြို့)၊ Pas Tor Pau HoihLian (အေဂျီသင်းအုပ် ဆရာ၊ မိတ္ထီလာမြို့)၊ Lia Kim Ngaih Vung (လတလ၊ မုံရွာမြို့)၊ Lia Kam Sian Cing (သူနာပြု ဆရာမ၊ ရန်ကုန်)၊ Tang Thang Mun Mang (G.T.I, B.Sc, Phys)တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၁၂-၉-၂၀၀၄ရက် ညနေ ၄း၄၅ နာရီတွင် အထက်ပါ နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၄-၉-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် မိတ္ထီလာမြို့ အေဂျီဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ် ပြီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ

ကိုအောင်ကျော်စိုး

အသက်(၃၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ရွှေလောင်းလမ်း၊ အမှတ်(၂၆)နေ (ဦးသော်)-ဒေါ်ငွေသန်းတို့၏ မြေး၊ ဦးစိုးဝင်း-ဒေါ်ဆွေဆွေဝင်းတို့၏တူ၊ ဦးသန်းရွှေ-ဒေါ်အေးမြင့်(အောင်အထည်ဆိုင် Dရုံ သိမ်ကြီးဈေး)တို့၏သား၊ ဦးအောင်မောင်း-ဒေါ်မြင့်မြင့်စန်းတို့၏ သားသမက်၊ ကိုကျော်မြသိန်း-မသင်းသင်းရွှေ တို့၏ အစ်ကို၊ မသက်သက်လွင်၏ ခင်ပွန်း၊ မောင်ဇေယျာမျိုး[GRADE III-B၊အထက-၂၊ကမာရွတ်] ၏ဖခင်၊ မမြတ်မွန်သင်း၏ဘကြီး ကိုအောင်ကျော်စိုးသည် ၁၂-၉-၂၀၀၄(တနင်္ဂနွေနေ့) ည၇နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၄-၉-၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်အေးထွန်း(ခ)မောင်ပေတိုး

အသက်(၂၉)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ ဘုရင့်နောင်လမ်း၊ (၁/၂၀၇)နေ (ဦးသန်းထွန်း)-ဒေါ်စန်းတို့၏သား၊ ဦးမောင်သန်း-ဒေါ်တင်တင်ဝင်းတို့၏တူ၊ ကိုအောင်မြင့်-မခင်မေမြင့်၊ ကိုကျော်ဝင်း-မစိုးစိုးမာ၊ ကိုယုမင်းမြင့်-မမြင့်မြင့်သွယ်တို့၏ မောင်၊ မနန်းရွှေဖော့၏ အစ်ကို၊ တူ၊ တူမ ကိုးယောက်တို့၏ ဦးလေးသည် ၁၃-၉-၂၀၀၄ (တနင်္လာနေ့)တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၅-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြမြ(၈၃)နှစ်

(ထုံးကြီး)

ရန်ကုန်မြို့၊ ပဒုမ္မာလမ်း၊ အခန်းအမှတ်(၁)၊ တိုက်(၄)နေ ဦးဘိုးပေ၏ချစ်ဇနီး၊ ဦးအေးငွေ(အင်ဂျင်နီယာမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရုံးချုပ်)၏ မိခင်၊ ဦးချစ်ဖေ- ဒေါ်မှုံတို့၏သမီး၊ ဒေါ်တင်တင်အေး၊ဒေါ်စုစု၊ ဒေါ်ခင်သန်းနွယ်၊ ဒေါ်သိန်းကြည်၊ ဦးအောင်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး (ကာကွယ်ရေးဝန်ကြီးဌာန)- ဒေါ်ကြည်ကြည်အုန်း၊ ဦးအေးနိုင်- ဒေါ်ရီရီလွင်၊ ဦးကြည်စိုး-ဒေါ်ဘေဘီ၊ ဦးမြသိန်း-ဒေါ်ခင်စန်းရီ၊ ဦးသံဒိုင်-ဒေါ်ခင်မာဝင်း၊ ဦးတင်အေး-ဒေါ်တိုးကြည်၊ ဦးသန်းထွန်း-ဒေါ်ခင်နှင်းရီ၊ ဦးဝင်းမြင့်-ဒေါ်ခင်ဝေဝေ၊ ဦးသန်းနိုင်-ဒေါ်ချောချောတို့၏ ချစ်လှစွာသောအန်တီ၊ မြေး ၄၅ ယောက်၊ မြစ် ၁၄ ယောက်တို့၏အဘွား ဒေါ်မြမြသည် ၁၃-၉-၂၀၀၄(တနင်္လာနေ့) နံနက်၄း၃၀နာရီ တွင် ကွယ်လွန်သွားပါ၍ (၁၃၆၆ခုနှစ် တော်သလင်းလဆန်း၂ရက်)၊ ၁၅-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးသိန်းလွင်(၇၄)နှစ်

(မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း၊ မြောင်းမြမြို့)

ဧရာဝတီတိုင်း၊ မြောင်းမြမြို့၊ အမှတ် (၂၆၀)၊ အောင်ဆန်းလမ်းနေ (ဦးဘဂျမ်း-ဒေါ်မြကြွေ)တို့၏သားကြီး၊ (ဦးအုန်း ဖေ-ဒေါ်ထွေးစိန်)တို့၏ သားသမက်၊ ဦးအောင်လှိုင် (အငြိမ်းစား MPPE-ရုံး ချုပ်)-ဒေါ်မြမြလှိုင်တို့၏အစ်ကို၊ ဒေါ်မြ ရီ(အထပြ၊ငြိမ်း)၏ချစ်လှစွာသော ခင်ပွန်း၊ ဦးအောင်သော်-ဒေါ်ကြင်ကြည်၊ ရန်ကုန် မြို့တို့၏အစ်ကို၊ဒေါ်ချိုမာလွင်၊ ဦးလွင်မိုး (လ/ထမန်နေဂျာ MPPE၊ ပေါင်မြို့)-ဒေါ်သန်းသန်းဝေ၊ ရန်ကုန်မြို့နေ ဦးနေဝင်း-ဒေါ်ခင်သီတာလွင် တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၂-၉-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၄-၉-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် အထက်ပါနေအိမ်မှ မြောင်းမြ မြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ရှုလွမ် (၉၃) နှစ်

(မော်ဘီ)

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(၃၅)နေ (ဦးကျင်းဟုန်)၏ ဇနီး၊ ဦးမြင့်ဦး၊ ဦးလှအောင် (AWB ဘဏ်)-ဒေါ်ကျော့ရင်၊ ဦးစိုးလွင် (ရွှေသဇင်စင်တီကိတ်)-ဒေါ်မြမြဝင်း၊ ဦးလှထွန်း၊ [ဒေါ်ကျင်ကြူ(ခ)ဒေါ်မတာ]၊ ဦးနေထွန်း (Seven Golden Lions)-ဒေါ်အေးအေးမိုး၊ ဦးကိုအောင်-ဒေါ်နီနီအေး၊ ဦးအေးမင်း-ဒေါ်အေးအေးတို့၏ မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၁၂-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၉-၂၀၀၄ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ရာသက်ပန်ကျိုက်ထိုအသင်းဝင်

ဒေါ်ရင်ကြည် (၈၁)နှစ်

(ကျိုက်ထို)

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကဆံအနောက်ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်-၁၇၃(ခ)နေ (ဦးသိန်းဇံ-ဒေါ်အုံးမေ)တို့၏သမီး၊ (ဦးသိန်းဟံ)၏ဇနီး၊ (ဦးကြည်လွင်)-ဒေါ်တင်တင်ငွေး၊ ဦးတင်ထွန်း-ဒေါ်ခင်စန်းတင်၊ ဦးဝင်းကြည်-(ဒေါ်မြမြ)၊ ဦးသိန်းရွှေ၊ ဦးစိန်ဝင်း-ဒေါ်ခင်မျိုး၊ ဦးငွေးလွင်၊ ဦးထွန်းအေးတို့၏ မွေးသမိခင်၊ မြေး ၁၄ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၂-၉-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၉-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ ကျောင်းဒါယိကာမ

ဒေါ်သောင်းတင် (၆၉)နှစ်

လဝက(ငြိမ်း)

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီး ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၉)နေ (ဒေါ်စိန်)၏ မြေး၊ [ဦးဘိုးတန်(ခ) ဦးဘညွှန့်-ဒေါ်သန်း]တို့၏ မြေး၊ ဦးအုန်းမြင့်၊ ဦးသိန်းဟန်တို့၏ ညီမ၊ (ဦးသိန်းအောင်)၏ချစ်လှစွာသောဇနီး၊ ဒေါ်ခင်ခင်ဦး (MEPEရန်ကုန်တိုင်း)၊ ဒေါ်တင်တင်ဦး[ဆလက စီမံကိန်းအထူး(၃)စတို]၊ ဦးမောင်မောင်မြင့် (တက်နေမင်း Conctruction And Engineering Group)-ဒေါ်ဦးယဉ် (အလက-၄၊ရန်ကင်း)၊ မောင်ဇေယျာမင်းတို့၏ ချစ်လှစွာသောမိခင်၊ မဝင်းရွှေရည်ထက် (အထက-၄၊ တာမွေ)၊ မအိဖူးပိုင်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၂-၉-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၁၄-၉-၂၀၀၄(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီ တွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးတင်မောင်အေး (၈၁)နှစ်

ညွှန်ကြားရေးမှူး(ငြိမ်း)
စက်မှုစီမံကိန်းဦးစီးဌာန
(အုတ်ဖို)

(ဦးဘိုးထင်-ဒေါ်ရွှက်)တို့၏သား၊ (ဦးတင်မောင်-ဒေါ်တင်တင်)တို့၏သားသမက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၁၉)ရပ်ကွက်၊စည်ပင်လမ်း၊ အမှတ်(၆၁၅)နေ ဒေါ်မြဇင်၏ ခင်ပွန်း၊ (ဦးမောင် မောင်-ဒေါ်ဖွားရှင်)၊ (ဦးလှအောင်)-ဒေါ်ခင်ခင်မော်၊ (ဦးတင်မောင်ညွှန့်-ဒေါ်တင်ရွှေ)တို့၏ညီ/မောင်၊ (ဒေါ်ခင်ခင်ရီ)၊ (ဗိုလ်မှူးကြီးတင်မောင်မြင့်-ငြိမ်း)-ဒေါ်သန်းသန်းမြင့်၊ (ဗိုလ်ကြီးတင်လှထွန်း၊ငြိမ်း)-ဒေါ်လွင်မြင့်၊(ဒုတိယဗိုလ်မှူးကြီးမောင်ထူး၊ ငြိမ်း)-ဒေါ်ခင်ခင်လှတို့၏အစ်ကို၊ ဦးအောင်ကျော်ဦး-ဒေါ်ကြည်ကြည်မြင့်၊ ဦးအေးချို-ဒေါ်မာမာကြူ၊ ဦးညီညီမြတ်-ဒေါက်တာအေးအေးဝင်း(ဆေး-၁)၊ ဦးဟိန်းစိုး-ဒေါ်သဇင်အေးတို့၏မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၂-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၉-၂၀၀၄ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီ တွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးအောင်ကြည် (၆၅)နှစ်

ကမြောကင်း(ထားဝယ်)

တနင်္သာရီတိုင်း၊ လောင်းလုံးမြို့၊ ကမြောကင်းရွာနေ (ဦးဘဟန်-ဒေါ်သင်းချို)တို့၏သား၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၈၁၁)နေ ဒေါ်လှမြင့်၏ခင်ပွန်း၊ မစိုးစိုးမြင့်၊ မကြည်ကြည်မြင့်၊ (မောင်စိုးမြင့်အောင်)၊ မစမ်းစမ်းမော်၊ မောင်စိုးမင်းတို့၏မွေးသဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၁၂-၉-၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၄-၉-၂၀၀၄ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက်၁၁ နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ဝဏ္ဏလှကျော်(ကိုစု)

အသက်(၁၅)နှစ်

(2nd Year, Bot)

ရန်ကုန်မြို့၊ ခြံအမှတ်(၃၉၁-၃၉၂)၊ ပုသိမ်ညွှန့်(၉)လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်နေ မြို့နယ်ပညာရေးမှူးဟောင်း၊ အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးလှကျော်-ဒေါ်တင်ညွှန့်(မြသီတာစာပေတိုက်) တို့၏ သား၊ ဦးကျော်စံမြင့်(လ/ထ၊ တိုင်းပညာရေးမှူး (ငြိမ်း)-(ဒေါ်ခင်လှ) တို့၏ သားသမက်၊ မမြသီတာကျော် (ခေတ္တ-ဂျပန်)၊ ကိုထူးထူးလှိုင်-ဒေါက်တာ ခင်ဥမ္မာကျော်(အရှေ့ပိုင်းဆေးရုံ-ရန်ကုန်မြို့)၊ ကိုသူရလှကျော် (ခေတ္တ-ဂျပန်)တို့၏ ညီ/မောင်၊ မလှမြင့်သူ(မသူ) မင်္ဂလာမွန်ဈေး၏ ခင်ပွန်း၊ ယွန်းမြတ်မိုးသူ၏ ဖခင်၊ မောင်ဇေယျာဘိုဘိုထူး (စတုတ္ထတန်း-B၊အလက-၁၊ဒဂုံ)၏ ဦးလေးသည် ၁၁-၉-၂၀၀၄ (စနေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်ပါ၍ ၁၅-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ-ကြေးမုံ၊စာတည်းမှူး-၂၉၁၈၃၂၊စာတည်းများ-၂၉၂၈၃၂၊ သတင်းထောက်မှူး-၂၉၂၈၃၃၊ မန်နေဂျာ-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း-၂၉၁၄၅၄၊ ဖြန့်ချိရေး-၂၉၂၈၃၀၊ ကြော်ငြာ-၂၉၉၄၂၇၊ ပုံနှိပ်-၂၉၂၈၃၁။ **R/184**

ရေရရှိရေးလုပ်ငန်းများအတွက် အလှူဒါနပြုကြခြင်းမှာ ကျေးလက်ဒေသရှိ ပြည်သူများ၏ လူနေမှုဘဝ ရှင်သန်ဖွံ့ဖြိုးရေးအတွက် တိုက်ရိုက်အကျိုးပြုသော မွန်မြတ်သည့်အလှူဒါနဖြစ် နိုင်ငံတော်နှင့် စေတနာရှင်များပူးပေါင်း၍ ကျေးလက်ဒေသရေရရှိရေး ကျယ်ပြန့်စွာဆောင်ရွက်နေ

ရန်ကုန် စက်တင်ဘာ ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး အဌမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အလှူငွေများလက်ခံပြီး အမှာစကားပြောကြားသည်။

အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ၌ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❋

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး အဌမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှူဒါန်းငွေကျပ် ၉၃၂၅၅၉၀ ကို လက်ခံယူစဉ်။

(သတင်းစဉ်)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

- ❋ မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုး သုံးစွဲနိုင်သည်။
- ❋ သဘာဝဓာတ်ငွေ့သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
- ❋ ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
- ❋ သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
- ❋ အလုံအလောက်သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမို မြန်ဆန် သွက်လက်စေသည်။

ဆောင်းပါး အညွှန်း

ဒီကနေ့လို ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံ ထူထောင်နေတဲ့ မြန်မာနိုင်ငံအပေါ် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေ ဘယ်လိုပင် ပိတ်ဆို့အရေးယူသော်လည်း လက်ရှိသုံးပွင့်ဆိုင် တုပြိုင်ပေါ်ထွန်းနေတဲ့ ကမ္ဘာ့အရင်းရှင်စနစ်ကြီးက တွဲခေါ်သွားမယ်သာ ဖြစ်ပါတယ်။ တစ်ချိန်ကလိုကမ္ဘာ့ဈေးကွက်ကြီးကို အင်္ဂလန်တစ်နိုင်ငံတည်းက ရှေ့ဆောင်လွှမ်းမိုးနေချိန်မဟုတ်သလို အမေရိကန် တစ်နိုင်ငံတည်းလည်း လွှမ်းမိုးရှေ့ဆောင်နေချိန်မဟုတ်တော့ဘဲ ကမ္ဘာတွင် အမေရိကန်ရှေ့ဆောင်တဲ့အုပ်စုရယ်၊ ဥရောပသမဂ္ဂဝင်နိုင်ငံများ အုပ်စုရယ်၊ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ အာဆီယံနိုင်ငံများ အုပ်စုရယ်လို့ သုံးပွင့်ဆိုင် အရင်းရှင်အုပ်စုကြီးသုံးစု ပေါ်ထွန်းရပ်တည်လာနေပြီ ဖြစ်ပါတယ်။

အောင်မိုးစံ၏ ***"အလားအလာကောင်းများ ဖြစ်ထွန်းနေသော မြန်မာ့စီးပွားရေးအခြေအနေ"*** ဆောင်းပါး-(စာမျက်နှာ-၆)

မန္တလေးမြို့တွင် ကျင်းပသော ၁၅ ကီလိုမီတာ တာဝေးအပြေးပြိုင်ပွဲ စတင်တာထွက်စဉ်။

(ကြေးမုံ)

တာဝေးအပြေးပြိုင်ပွဲ မန္တလေး၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် မန္တလေးတိုင်း အားကစားနှင့် ကာယပညာကော်မတီတို့ ပူးပေါင်းကျင်းပသည့် ၁၅ ကီလိုမီတာ တာဝေး အပြေးပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းက မန္တလေးမြို့တွင် ကျင်းပသည်။

ပြိုင်ပွဲတွင် ရှေးဦးစွာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းက ပြိုင်ပွဲကို စတင်တာလွှတ်ပေးသည်။ ပြိုင်ပွဲဝင်အားကစားသမားများသည် ၂၆လမ်းနှင့် ၇၃လမ်းထောင့်ရှိ မင်္ဂလာတံတားမှ စတင်တာထွက်ပြီး ကျုံးတောင်ဘက်လမ်းမှနေ၍ အနောက်ကျုံးလမ်းအတိုင်း၊ ထိုမှတစ်ဆင့် မြောက်ကျုံးလမ်းအတိုင်းပြေးကာ မန္တလေးတောင်အား မန်းတောင်ဂေါက်ကွင်းလမ်းမှပတ်၍ ကျုံးအရှေ့ဘက်လမ်း၊ ကျုံးတောင်ဘက်လမ်းမှ ၇၁ လမ်းအတိုင်းပြေးကာ ဗထူး အားကစားပြိုင်ကွင်း အထူးတန်းရှေ့တွင် ပန်းဝင်ကြသည်။ ပြိုင်ပွဲသို့ အမျိုးသား ၁၆၉ ဦး၊ အမျိုးသမီး ၇၉ ဦး စုစုပေါင်း ၂၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဗထူးအားကစားပြိုင်ကွင်း၌ ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲ၌ **စာမျက်နှာ ၁၂ ကော်လံ ၆ သို့** ✡